# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁) ရက် ၊ ကြာသပတေးနေ့ ၊ (3-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၅၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်အောင်ခရိုင်အတွင်းရှိ မိုးစပါးရေကြီးနစ်မြုပ်ရေိယာများအား မိုးစပါး၊ မိုးနေကြာ စိုက်ပျိုးနေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကြည့်ရှုအားပေး



ပုသိမ် အောက်တိုဘာ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်အောင်ခရိုင်အတွင်းရှိ မိုးစပါး ရေကြီးနစ်မြုပ်ရေိယာများအား မိုးစပါးပြန်လည်စိုက်ပျိုးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် အောက်စုကျေးရွာရှိ တောင်သူ ဦးတင်ထွန်း၏ မိုးစပါးရေကြီးနစ်မြုပ်ရေိယာစိုက်ကေ ၂ ဒသမ ၅၀ ဧကတွင် ဗျော့ထွန်းစပါးမျိုးကို ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ မြန်အောင်မြို့နယ် ကညင်ငူကျေးရွာရှိ တောင်သူ ဦးအောင်စိုး၏ ယာမြေတွင် ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့ထုတ် ငါးဧက စိုက်ပျိုးပွဲကိုလည်းကောင်း၊ မြန်အောင်မြို့နယ် ကဗွန်းခုံကျေးရွာအုပ်စုရှိ စာမျက်နှာ ၁၇ ကော်လံ ၁

**မကွေးမြေသလွန်စေတီတော်၏ ၂၅၈၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁၄ ရက်ထိ ကျင်းပမည်**

စာမျက်နှာ- ၁၁

**ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့် သန့်ရှင်းရေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း**

စာမျက်နှာ- ၂၁

**FPTP စနစ်ချည်းသာလော... PR စနစ်ကိုလည်း ပါစေချင်ပါသည်**

ဆောင်းပါး စာမျက်နှာ- ၁၈

**တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာရှိ မယ်ဆိုင်ချောင်းကူးတံတား ချောင်းရေဖြင့် မျောပါပျက်စီးခဲ့မှုကို ကြည့်ရှုစစ်ဆေး**

စာမျက်နှာ- ၂၁

**ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်**

စာမျက်နှာ- ၂၂




ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

# သဘာဝဘေးလျှော့နည်းရေး သစ်ပင်စိုက်ပျိုးပေး

သစ်တောသစ်ပင်များသည် ကမ္ဘာပေါ်ရှိ သက်ရှိများရှင်သန်ရပ်တည်ရေးအတွက် အရေးကြီးပြီး စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့်တိုက်ရိုက်အကျိုးကျေးဇူးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိသောကြောင့် သစ်တောသစ်ပင်များကို စိုက်ပျိုးကြရမည်ဖြစ်သည်။

လက်ရှိကာလတွင် ကမ္ဘာတစ်ဝန်း၌ ရာသီဥတုဖောက်ပြန်မှုများကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း စသည့်သဘာဝဘေးဒဏ်များ မကြာခဏကြုံတွေ့နေရသည်။ သဘာဝဘေးအန္တရာယ်ဖြစ်မှုကို ရှောင်လွှဲ၍ရနိုင်မည်မဟုတ်သော်လည်း ထိခိုက်ပျက်စီးမှုများ အနည်းဆုံးဖြစ်စေရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကို စနစ်တကျထိန်းသိမ်းခြင်းများဖြင့် ကြိုတင်ကာကွယ်မှုများကို ပြုလုပ်နိုင်ပေသည်။

မကြာသေးမီကဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့်စီးဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင် မိုးကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးများအနက် အဆိုးဆုံးထိခိုက်ပျက်စီးမှု ကြုံတွေ့ခဲ့ရခြင်းပင်ဖြစ်သည်။ သစ်ပင်စိုက်ခြင်း၊ သစ်တောများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် အရှိန်အဟုန်ဖြင့်ရေစီးဆင်းမှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ရေစီးကြောင်းနှင့်အတူ မျောပါလာသည့် သစ်လုံးကြီးများကိုလည်း တားဆီးနိုင်မည်ဖြစ်သည်။

သစ်တောတစ်ခုကို ဖန်တီးမည်ဆိုလျှင် အနည်းဆုံး ၁၀ နှစ်နှင့်အထက် ကြာမြင့်မည်ဖြစ်သည်။ ယခုသစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးရလဒ်ကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရမည်ဖြစ်သည်။ နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးရာတွင် "တစ်ပင်စိုက်လျှင် တစ်ပင်ရှင်ရမည်"ဆိုသည့်အတိုင်း ရှင်သန်အောင်စိုက်ပျိုးကြရန်နှင့် ရေရှည်ဆက်လက်ကြီးထွားလာစေရန် တာဝန်ရှိသူများက စဉ်ဆက်မပြတ်ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။

သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၉၀၀၊ မဟော်ဂနီပင် ၆၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ ပိတောက်ပင် ၆၀၀ စုစုပေါင်း အပင် ၂၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၁ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၁၂၂၅ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ စားရေရိက္ခာဖူလုံစေရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ကျရေးနှင့်သဘာဝအန္တရာယ် ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်မိသားစုအား ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူ



**မန္တလေး အောက်တိုဘာ ၂**

၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်၍ မန္တလေးတိုင်းဒေသကြီးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း စုစည်းညီညာစွာဖြင့် ကောက်ယူလျက်ရှိကြောင်း သိရသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် မထပ်မကျန်အမှန်ဖြစ်စေရေးဦးတည်လျက် လူတန်းစားအလွှာအသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိကြသကဲ့သို့ တာဝန်ရှိသူများကလည်း လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်အတွင်းရှိ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၏ နေအိမ်တွင် အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီ မိနစ် ၃၀ က သန်းခေါင်စာရင်းများ ကောက်ယူခဲ့ကြသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းဒေသကြီးသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အထောက်အကူပြုအဖွဲ့များလိုက်ပါပြီး တာဝန်ကျစာရင်းကောက်ဆရာမက သန်းခေါင်စာရင်းမေးခွန်း ၆၈ ချက် မေးမြန်းမှုအပေါ် ဝန်ကြီးချုပ်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါပြီး အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ နေအိမ်များတွင် သန်းခေါင်စာရင်းကောက်ယူနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

မျိုးကျော်

# ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၈၅၇ ဧက စိုက်ပျိုးပြီးစီး

**ဗန်းမောက် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၈၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၈၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ဗန်းမောက်မြို့နယ်အတွင်း စပါး ၃၈၈၅၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ အခုလက်ရှိ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေ

**ပုသိမ် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် စားသောက်ကုန်ဈေးကွက်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်အတွင်း ရှမ်းပြည်နယ်မှကြက်သွန်ဖြူများဝင်ရောက်လျက်ရှိပြီး စက်တင်ဘာလ ပထမပတ်မှ ယနေ့ထိ တစ်ရက်လျှင် ကြက်သွန်ဖြူ ပိဿာချိန် ၁၀၀ မှ ၂၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကြက်သွန်ဖြူက စက်တင်ဘာလပထမပတ်လောက်ကတည်းက အရောင်းအဝယ် ကောင်းနေတာပါ။ လက်ရှိ ပုသိမ်မြို့နယ်အတွင်း ရှမ်းပြည်နယ်ဘက်က ထွက်တဲ့ ကြက်သွန်ဖြူတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ဝင်ရောက်နေတဲ့ ကြက်သွန်ဖြူတွေက သန့်ရှင်းပြီး အရည်အသွေးကောင်းတာလဲ တွေ့ရပါတယ်။ လက်ရှိ ကြက်သွန်ဖြူတစ်ပိဿာကို ငွေကျပ် ၉၅၀၀ ကနေ ၁၁၀၀၀ လောက်ထိ ပေါက်ဈေးရှိကာ ကြက်သွန်ဖြူအရောင်းအဝယ် ကောင်းနေပါတယ်"ဟု ပုသိမ်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုက ပြောပြသည်။

ပုသိမ်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေးနှင့် ကြက်သွန်ဖြူပွဲရုံများသို့ တစ်ရက်လျှင် ကြက်သွန်ဖြူ ပိဿာချိန် ၁၅၀၀ မှ ၅၀၀၀ ထိ ဝင်ရောက်နေကြောင်း၊ အဆိုပါ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ ဈေးကောင်းရရှိလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၆၉ လမ်း၊ မဟာမြိုင်ရပ်ကွက်နေ ဒေါ်ခင်စောလင်းက မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်းက လက်ခံရယူစဉ်။

## နှစ် ၆၀ ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဂုဏ်ပြုစကားပြောကြား





**မန္တလေး အောက်တိုဘာ ၂**

နှစ် ၆၀ ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကိုအောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်နှင့် ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူတို့က တစ်ဆင့်မြင့်ရာထူးတိုးဆုရရှိသူများနှင့် အမှုထမ်းကောင်းဆု ရရှိသူများကို ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် အခမ်းအနားကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ၊ တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဂုဏ်ပြုခံ အဘိုး၊ အဘွားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

မျိုးကျော်

## ထန်းတပင်မြို့နယ် သံတဇာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ထန်းတပင် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံတဇာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက သံတဇာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သံတဇာကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဋ္ဌမအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈၉ သိန်းကို အသင်းသား၊ အသင်းသူ ၁၇၇ ဦးကို ထုတ်ချေးပေးထားကြောင်း သိရသည်။

မောင်ခိုင်

## ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၇၅၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၇၅၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၂၁၉၁၆ ဧကနှင့် မိုးပဲတီစိမ်း ၆၃၂၂၅ ဧက စုစုပေါင်း ၈၅၁၄၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၁၅၅၅၃ ဧကနှင့် မိုးပဲတီစိမ်း ၆၀၂၇၇ ဧက စုစုပေါင်း ဧက ၇၅၈၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ၈၅၁၄၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၅၈၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေ ရှိပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း လုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# မြင်စိုင်းမြို့ဟောင်း (အပိုင်း-၁)

ဗိုလ်ရှိတ် (ရတနာပူရ)



မြင်စိုင်းမြို့ဟောင်းတစ်နေရာကို တွေ့ရစဉ်။

မြင်စိုင်းမြို့ဟောင်းသည် ကျောက်ဆည်မြို့နယ် အတွင်း၌တည်ရှိ၍ ကျောက်ဆည်မြို့အရှေ့ဘက် ငါးမိုင်ခန့်အကွာတွင်တည်ရှိသည်။ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၃၆ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ်တွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင် အထက် ၃၁၁ ပေ အမြင့်တွင်တည်ရှိသည်။ မြင်စိုင်းမြို့အနောက်ဘက်တွင် တရုတ်တို့တူးပေးခဲ့သည်ဟု ရာဇဝင်တော်ကြီး၌ဖော်ပြထားသော သင်းတွဲမြောင်းကြီးရှိသဖြင့် နွေ၊ မိုး၊ ဆောင်း ရေမပြတ်ရရှိသောကြောင့် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သော ဒေသတစ်ခုဖြစ်ပေသည်။

**ပတ်ဝန်းကျင်အနေအထား**

မြင်စိုင်းမြို့ဟောင်းသည် တောင်တန်းတောင်ရိုးများ၏ကြားတွင်တည်ရှိသော မြို့ဟောင်းတစ်ခုဟု ဆိုနိုင်ပေသည်။ မြို့ရှေ့ဘက်၌ သံတော်မြွက်တောင်၊ ကမ္ဘာ့နီတောင်၊ ပျားစွဲတောင်၊ စပါယ်တောင်၊ ပုရစ်တောင်၊ တောင်နီမတောင်တို့ တည်ရှိသည်။ မင်းညီနောင်သုံးဦးတည်ခဲ့သော ဗျာဒိတ်ပေးဘုရား၊ မြင်စိုင်းဘုရားများ၊ ရဟန္တာဂူ၊ ဝေဠုဝတီဖွားရာဝါးတော(စွယ်တော်ရိုး)စသည်တို့ တည်ရှိပေသည်။ အရှေ့မြောက်ဘက်တွင် ကိန္နရာတောင်၊ ပလီကွင်းဂူ၊ ပင်ယင်းဂူ၊ လက်သည်တောင်၊ သာလျောင်းတောင်တန်းပေါ်တော်မူဂူ၊ မြို့တောင်ဘက်တွင် ကြက်သဟင်းတောင်၊ ရင်းဆွဲတောင်၊ ရွှေဥမင်ဂူ၊ မယ်ညိုဂူ၊ ဝက်ပါဂူ၊ ဒီးဒုတ်ဂူ စသည်ဖြင့် အသီးသီး တည်ရှိနေပေသည်။ ရှေးက မြင်စိုင်းမြို့ဝန်းကျင်တွင် ဂူပေါင်း ၉၉ ဂူရှိသည်ဟု ဆိုကြသည်။ ယခုအခါတွင် မတွေ့ရတော့ဘဲ ပျောက်ကွယ်ပျက်စီးကုန်ပြီဖြစ်သည်။

မြင်စိုင်းမြို့ဟောင်းသည် တောင်များကြားတွင်ရှိသော မြို့ဖြစ်ခြင်းကြောင့် တစ်ဖက်ရန်သူလုပ်ကြံရန် မလွယ်ကူဘဲ ကာကွယ်မှုအရ အချက်အချာကျလှသော ခံတပ်မြို့ဟု ဆိုနိုင်ပေသည်။

**မြင်စိုင်းဘွဲ့ကာချင်း**

မြင်စိုင်းမြို့သည် တောင်တန်းများကြားတွင် တည်ရှိသောကြောင့် ညို့ညို့မှိုင်းမှိုင်းနှင့် သာသာယာယာ ရှိနေသည်။ ထို့ပြင် သင်းတွဲမြောင်း၊ ဇော်ဂျီမြစ်၊ စမုံမြစ်တို့က မြင်စိုင်းနယ်အတွင်း ဖြတ်သန်းစီးဆင်းနေသောကြောင့် စိုက်ပျိုးရေလုံလောက်စွာရရှိကာ စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်နေမည်ဖြစ်သည်။ မြင်စိုင်းမြို့၏သာယာပုံကို သက္ကရာဇ် ၇၀၄ ခုနှစ်တွင် ပင်းယမြို့၌နန်းတက်သော ငါးစီးရှင်ကျော်စွာမင်းက တာဝတိံသာနတ်ပြည်နှင့်နှိုင်းယှဉ်ကာ ကာချင်းတစ်ပုဒ်ရေးဖွဲ့ခဲ့ပေသည်။

ငါးစီးရှင်ကျော်စွာမင်းသည် ပင်းယမြို့တွင် နန်းတက်၍ စိုးစံခဲ့သော်လည်း ပင်းယမြို့ထက် မြင်စိုင်းမြို့၏ သာယာပုံကို ပို၍နှစ်သက်ဟန်တူပေသည်။ သူ၏မြင်စိုင်းဘွဲ့ကာချင်းတွင် မြင်စိုင်းမြို့၏ သာယာပုံကို ဤသို့ရေးဖွဲ့ထားသည်။

"တာဝတိံသာ နတ်ရွာလော၊ နတ်ရွာလော
ဟုတ်တည်း ရှင်ချင်း ရှင်ချင်း။
ဟုတ်တည်း ဆွေရင်း ဆွေရင်း။
ဟုတ်တည်း သည်ရင်း သည်ရင်း။
မြင်စိုင်းဟူသည် ရွှေပြည် ရွှေပြည်။
မြင်စိုင်းရွှေမြေ၊ ပန်းသင်းခွေ၊
ပင်ခြေချုံထက်နွယ်၊ ချုံထက်နွယ်။
တောင်လေရှုန်းရှုန်း၊ မိုးခတ်အုန်း၊
ကင်ပုန်းပွင့်ချီချယ်၊ ပွင့်ချီချယ်။
နွယ်ပန်းခွာညို၊ ပွင့်ပေလို၊
ပြာသိုဆောင်းလလယ်၊ ဆောင်းလလယ်။
တောင်ထွတ်ဖျားဆီ၊ ရွှေစာတီ၊
သရီရဓာတ်စွယ်၊ သရီရဓာတ်စွယ်။
ယာဆီမြေကောင်း၊ ကျသည့်ပြောင်း၊
မနှောင်းမှည့်ဆောလွယ်၊ မှည့်ဆောလွယ်။
ခါနှင့်ဘုတ်ချိုး၊ ကြက်တောမျိုး၊
လိုစိုးကျက်မြေကျယ်၊ ကျက်မြေကျယ်။
ယှဉ်ဖော်မဝေး၊ ဖော်ရွှေကျေး၊
စာနွေးစားလိုဖွယ်၊ စားလိုဖွယ်။
ယရည်းသွန်းသွန်း၊ မြင်းသည်ဝန်း၊
လုံ့ချွန်းတွန်းတက်ပယ်၊ တွန်းတက်ပယ်။
စောလူးစီးတန်၊ မျိုးဆက်ဒန်၊
လျင်ထန်မြင့်မဆွယ်၊ မြင့်မဆွယ်။
မြှောက်စည်လတီး၊ ဝင်ခါနီး၊
စောထီးနန်းထက်ကျယ်၊ နန်းထက်ကျယ်။
သာသည့်မြေပြင်၊ စောနတ်ရှင်၊
နန်းခွင်ရှုတင့်တယ်၊ ရှုတင့်တယ်။
အထူးလော၊ တက်တိမ်လော၊ နေရောင်လော"

ငါးစီးရှင်ကျော်စွာသည် ဤကာချင်းကို ကိုယ်တိုင်ကာ ကရင်း သီဆိုခဲ့သည်ဟု ပေါရာဏဒီပနီကျမ်း၌ ဖော်ပြထားသည်။

ဤကာချင်းဖြင့် ငါးစီးရှင်ကျော်စွာသည် "တမောင်း တမောင်း တို့တမောင်းသည်" အစချီသော ကာချင်းကိုလည်း ရေးသားခဲ့သည်။ ငါးစီးရှင်ကျော်စွာ ရေးဖွဲ့ခဲ့သော ကာချင်းများသည် မြန်မာစာပေသမိုင်း တစ်လျှောက်တွေ့ရသော ကာချင်းများတွင် အစောဆုံး ကာချင်းများပင်ဖြစ်ပေသည်။

**မြင်စိုင်းမြို့အကျယ်အဝန်းနှင့် ပုံစံ**

လယ်တွင်းဒေသ၌ရှိသော မြို့ဟောင်းများတွင် မြင်စိုင်းမြို့ဟောင်းသည် အခြားမြို့ဟောင်းများထက် ထူးခြားသည့်အချက်မှာ မြို့ကွက်သုံးနေရာရှိခြင်းပင်ဖြစ်သည်။ မြို့ကွက်သုံးခုသည် တောင်မြောက်တန်း၍ တစ်ခုနှင့်တစ်ခု ထိစပ်လျက်ရှိသည်။ မြို့ကွက်သုံးခုတွင် မြောက်ဘက်အကျဆုံး မြို့ကွက်တို့မှာ မြေမြို့ရိုးဖြစ်ပြီး အလယ်မြို့ကွက်နှင့် တောင်ဘက်ဆုံးမြို့ရိုးမှာ အုတ်မြို့ရိုးများဖြစ်သည်။ မြို့ကွက်သုံးခုတွင် မြောက်ဘက်အကျဆုံးမြို့ကွက်မှာ အလယ်မြို့ကွက်နှင့် နှစ်ခုထပ်လျက်ရှိသောကြောင့် မြို့ရိုးအကျယ်အဝန်းကိုတိုင်းတာ၍ မရပေ။ အလယ်မြို့ကွက်က မြောက်ဘက်အကျဆုံးမြို့ကွက်ကို ငုံ၍တည်ဆောက်ထားသောကြောင့် မြောက်ဘက်မြို့ကွက်မြို့ရိုး၏ အနောက် တောင်ထောင့်မှာ အလယ်မြို့ကွက်မြို့ရိုးအောက် ရောက်ရှိနေသော အပိုင်းကိုချန်ပြီး ကျန်မြို့ကွက်၏အကျယ်အဝန်းမှာ ၁၀၉ ဧကခန့်ရှိပေသည်။ မြို့ရိုးအောက်သို့ ကျရောက်နေပေသည်။ ထို့ကြောင့် အလယ်မြို့ကွက် မြို့ရိုးပုံစံမှာလည်း စတုဂံပုံစံဖြစ်သည်။ မြေမြို့ရိုးအချို့နေရာများတွင် အမြင့်ဆုံးပေ ၂၀ ခန့်ရှိ၍ အနိမ့်ဆုံး ငါးပေခန့် မြင့်ပေသည်။

**အလယ်မြို့ကွက်မြို့ရိုး**

မြို့ကွက်သုံးခုတွင် အလယ်မြို့ကွက်သည် အကြီးဆုံး၊ အကျယ်ဆုံး၊ အထင်ရှားဆုံး မြို့ကွက်ကြီးပင်ဖြစ်သည်။ မြို့ရိုးမှာ စတုဂံပုံမြို့ရိုးဖြစ်ပြီး ရှေ့နောက်အလျား ရှည်လျား၍ တောင်မြောက်အနံတိုသည်။ အရှေ့မျက်နှာ တောင်မြောက်မြို့ရိုးမှာ ၁၉၅၃ ပေခန့်ကျယ်ဝန်း၍ အနောက်မျက်နှာ တောင်မြောက်မြို့ရိုးမှာလည်း ၁၉၅၃ ပေခန့်ပင်ရှိပေသည်။ မြောက်ဘက်မျက်နှာ အရှေ့အနောက်မြို့ရိုးအရှည်မှာ ၃၀၁၉ ပေခန့်ရှိပြီး တောင်မျက်နှာ အရှေ့နောက်မြို့ရိုးအရှည်မှာ ၃၂၇၃ ပေခန့်ရှိပေသည်။ ပတ်ပတ်လည်မြို့ရိုး၏ အလျားမှာ ၁၀၃၄၁ ပေခန့်ရှိပြီး ဧကအားဖြင့် ၁၄၈ ဧက ကျယ်ဝန်းသည်။

မြို့ရိုးမှာ အမြင့်ဆုံး နေရာတွင် ခုနစ်ပေခန့်ရှိ၍ အနိမ့်ဆုံးနေရာတွင် သုံးပေခန့်သာ ရှိသည်။ မြို့ရိုးထုမှာ ၁၁ ပေရှိသည်။ ဤမြို့ရိုးပတ်လည်တွင် ကျုံးရာရှိ၍ အကျယ်မှာ ၅၆ ပေခန့်ရှိမည်ထင်သည်။

**တောင်ဘက်အကျဆုံးမြို့ကွက်**

မြို့ကွက်သုံးနေရာတွင် ဤမြို့ကွက်သည် အကျဉ်းဆုံးဖြစ်သည်။ မြို့ရိုးပုံစံမှာ မြောက်ဘက်မြို့ကွက်နှင့် အလယ်မြို့ကွက် မြို့ရိုးတို့ကဲ့သို့မဟုတ်ဘဲ စတုရန်းပုံစံမကျတကျရှိသည်။ ထောင့်လေးထောင့်မှာ ထောင့်ချွန်းများမဟုတ်ဘဲ ခပ်ဝိုင်းဝိုင်းဖြစ်သည်။ မြို့ရိုးပတ်ပတ်လည်အကျယ်အဝန်းမှာ ၈၂၈၈ ပေခန့်ရှိ၍ ဧကအားဖြင့် ၁၁၅ ဧက ခန့်ကျယ်ဝန်းသည်။ ဤမြို့ဟောင်းအတွင်း၌ ရှေးခေတ်က တည်ဆောက်ခဲ့သော ကုလားကျောင်းကြီးကိုအစွဲပြုပြီး အမည်တွင်လာသော ကုလားကျောင်းရွာရှိသည်။

**မြင်စိုင်းဟူသောအမည်**

မြင်စိုင်းမြို့ဟူ၍ခေါ်ကြသည်မှာ "မြတ်စွာဘုရားရှင်သည် မြင်စိုင်းအရပ်သို့ ကြွရောက်လာသောအခါတွင် စိုင်ညီနောင်သုံးစီးသည် မြေကြီးကိုဦးချိုဖြင့်ကော်၍ ပူဇော်ခဲ့သည်။ ထိုအခါ မြတ်စွာဘုရားရှင်သည် ပြုံးတော်မူ၍ ဤစိုင်ညီနောင်သုံးစီးတို့သည် ဤအရပ် တွင် မင်းဖြစ်လတ္တံ့"ဟု ဗျာဒိတ်ထားတော်မူခဲ့သည်။ ထိုသို့ စိုင်ကိုမြင်၍ ဗျာဒိတ်ထားရာအရပ်တွင်မြို့တည်ခဲ့သောကြောင့် မြင်စိုင်မြို့ဟုခေါ်ကြောင်း ဆိုကြသည်။ ကာလကြာသောအခါ မြင်စိုင်တွင် ဝိသဇ္ဇနီပါရှိလာပြီး မြင်စိုင်းဖြစ်လာသည်ဟု သိရသည်။ နောက်တစ်မျိုးမှတ်သားရသည်မှာလည်း မြင်စိုင်းအရပ်သည် အမြင်ဆိုင်းဆိုင်းဆို့ဆို့ရှိ၍ မြင်ဆိုင်ဟူ၍ ရေးသားခေါ်ရမည်ဖြစ်ကြောင်း မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံက မိန့်ဆိုခဲ့ကြောင်း သိရသည်။

မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ၏ အဆိုအမိန့်အရ မြင်စိုင်းဟူသောအမည်ကို ဒုတိယအက္ခရာ 'ဆ' ဖြင့် မြင်ဆိုင်းဟုရေးသားရမည်ဖြစ်ပါသည်။ တရုတ်မှတ်တမ်းတို့တွင် မြင်စိုင်းကို မုလန်ကျိုဟု ရေးသားခေါ်ဝေါ်ကြသည်။

**ကျောက်စာများတွင်တွေ့ရသောမြင်စိုင်း**

ကျောက်စာများတွင် မြင်စိုင်းဟူသောအမည်ကို မြင်စိုင်ဟူ၍သာ အများဆုံးရေးထိုးခဲ့ကြသည်။ မြင်စိုင်းအမည်ကို အစောဆုံးတွေ့ရှိရသည့် ကျောက်စာမှာ သက္ကရာဇ် ၆၂၈ ခုထိုး သိဃ်သူ့သမီးကျောက်စာဖြစ်သည်။ မြင်စိုင်းအမည်တွေ့ရသော သက္ကရာဇ် ၆၂၈ ခုမှ ၆၈၆ ခုနှစ်အတွင်း ရေးထိုးခဲ့သည့် ကျောက်စာတို့မှာ ဤသို့ဖြစ်သည်။

၁။ မြင်စိုင် = သိဃ်သူ့သမီးကျောက်စာ ၆၂၈ ခု ထိုး
၂။ မြင်စိုင် = သီဟသူမင်းကြီး ကျောက်စာ ၆၅၈ ခုထိုး
၃။ မြင်စိုင် = စစ်လျင်သူကြီး အနန္တသူ ကျောက်စာ ၆၆၁ ခုထိုး။
၄။ မြင်စိုင် = ရွှေနန်းသျှင်ကျောင်းကျောက်စာ ၆၆၄ ခုထိုး။
၅။ မြင်စိုင် = အသင်္ခယာကျောင်းကျောက်စာ ၆၆၅ ခုထိုး။
၆။ မြင်စိုင် = မင်းမတ်သုဖရစ် စသောသူတို့ ကျောက်စာ ၆၆၇ ခုထိုး။
၇။ မြင်စိုင် = စစ်လျင်သူကြီး အနန္တသူ ကျောက်စာ ၆၆၉ ခု ထိုး။
၈။ မြင်စိုင် = အမတ်ကြီးအရိမတ်ကျောက်စာ ၆၈၆ ခုထိုး။

အထက်ပါကျောက်စာတို့အရ မြင်စိုင်းအမည်ကို 'မြင်စိုင်'ဟူ၍သာ အစဉ်တစိုက် ရေးထိုးခဲ့ကြသည်။ ရှေးကျသော အရေးအသားကို ဦးစားပေးမည်ဆိုပါက မြင်စိုင်းကို 'စ'အက္ခရာဖြင့်သာ ရေးသားရမည်ဖြစ်ပေသည်။

**ရှေးမှတ်တမ်းလာ မြင်စိုင်းမြို့**

မြင်စိုင်းမြို့သည် အနော်ရထာမင်းလက်ထက် လယ်တွင်း ၁၁ ခရိုင်ဖွဲ့ရာတွင် မပါဝင်ခဲ့သော်လည်း ကင်းတပ်မြို့ ၄၃ မြို့ ဖွဲ့ရာတွင်လည်းကောင်း၊ လယ်တွင်း ၁၁ ခရိုင်မှ လယ်တွင်းကိုးခရိုင်သို့ ပြောင်းလဲဖွဲ့စည်းရာတွင်လည်းကောင်း ပါဝင်ခဲ့သည်။ မှန်နန်းရာဇဝင်တော်ကြီးအလိုအရ သက္ကရာဇ် ၃၉၅ ခုနှစ်တွင် ကင်းတပ်မြို့များကို အနော်ရထာမင်း တည်ထောင်ခဲ့သည်ဟု ဖော်ပြထားသောကြောင့် မြင်စိုင်းမြို့တည်နှစ် ၃၉၅ ခုနှစ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ဇမ္ဗူဒီပဥဆောင်းကျမ်းတွင် အနော်ရထာမင်းသည် မြင်စိုင်းမြို့မြေနေရာကို မိုးမိတ်စော်ဘွားထံမှတောင်း၍ မြို့တည်ခဲ့ခြင်းဖြစ်ကြောင်းကို "မြင်စိုင်းမြို့ကို တည်တော်မူသည့်ကာလ မိုးမိတ်စော်ဘွားတွင် မြို့ရာကိုပေးပါ၊ မေတ္တာနှင့်တောင်းသည်။ တောင်းလျှင်ယူတော်မူလော့ ပေးလေသည်" ဟူ၍ ဖော်ပြထားပေသည်။

သို့ဖြစ်သောကြောင့် မြင်စိုင်းမြို့နေရာသည် အနော်ရထာမင်း မြို့မတည်မီက မိုးမိတ်စော်ဘွား ပိုင်ဆိုင်ခဲ့သည်ဟု သိရပေသည်။ ဓာတာတော်ပုံရာဇဝင်နှင့် နန်းစဉ်စာရင်းချုပ်ကြီးတွင် မြင်စိုင်းမြို့သည် ၇၉၃ တာ ကျယ်ဝန်းပြီး လေးရာပြုမြို့ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ မင်းညီနောင် သုံးဦးစိုးစံခဲ့သော မြင်စိုင်း၊ မက္ခရာ၊ ပင်လယ်မြို့သုံးမြို့တွင် မြင်စိုင်းမြို့သည် အကျယ်ဆုံးဖြစ်ပေသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၇၉၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကလေး အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၇၉၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံဧက ၈၀၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၇၉၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့ စိုက်ပျိုးနိုင်အောင်နဲ့ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေ ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာစေရန်နှင့် စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

## မင်းဘူးမြို့နယ် လက်ခုပ်ပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

မင်းဘူး အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် လက်ခုပ်ပင်ကျေးရွာအုပ်စု လက်ခုပ်ပင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ လက်ခုပ်ပင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၆၅ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ ဇင်မာ

## အောင်မြင်မှုပန်းတိုင်ဆီသို့

- ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
တန်ဖိုးထား လေးစားပေ၊
မိသားစုနယ် ပုံမယွင်း
ချစ်ခြင်းခိုင်စေ၊
တစ်ရွာတည်း အတူနေ
သည်ရေကို အတူသောက်၊
တစ်လှေစီးကာ ခရီးသွား
ပျော်ပါးလျက်လျှောက်။

- လဲနေသူ အတူရောက်ဖို့
နောက်ချန်လို့ မထားရာ၊
သည်းခံကာ စိတ်မပျက်
တွဲလက်ညီညာ၊
ဝိရောဓိပြဿနာ
ရင်ဆိုင်ကာကျော်လွှား၊
မာန်မာနတွေ စွန့်လွှတ်ခြင်းဖြင့်
ဘေးကင်းစေသား။

- ဖြဲဟ္ဖစိုရ် မြတ်တရားနဲ့
မှတ်သားလို့ လိုက်နာမည်၊
ကိုယ်ချင်းစာ စိတ်ကောင်းမွေး
ငြိမ်းအေးဖို့ရည်၊
စည်းလုံးက စွမ်းနိုင်မည်
ပန်းတိုင်သည် မလွဲ၊
ပဂုအကျိုး ထမ်းရွက်ဆောင်
အတ္တအမှောင် ရှောင်ဖယ်ခွင်း
အောင်ခြင်းဆင့်ကဲ။ ။

စန်းထက်(ဖန်ခါးမြေ)


ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# မက္ကဆီကိုသမ္မတသစ်အဖြစ် ကလော်ဒီယာရှိန်းဘောင်း ကျမ်းသစ္စာကျိန်ဆို

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၂**

မက္ကဆီကိုစီးတီး မြို့တော်ဝန်ဟောင်း ကလော်ဒီယာရှိန်းဘောင်းသည် အောက်တိုဘာ ၁ ရက်တွင် မက္ကဆီကို သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အသက် ၆၂ နှစ်ရှိ ကလော်ဒီယာရှိန်းဘောင်းသည် မက္ကဆီကိုနိုင်ငံ၏ ပထမဆုံးအမျိုးသမီး သမ္မတအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

သမ္မတသစ် ကလော်ဒီယာရှိန်းဘောင်း၏ သမ္မတရာထူးကျမ်းသစ္စာကျိန်ဆိုပွဲကို မက္ကဆီကိုစီးတီးမြို့ ကွန်ဂရက်လွှတ်တော်အဆောက်အအုံ၌ ကျင်းပခဲ့ရာ အမေရိကနိုင်ငံများမှခေါင်းဆောင်များနှင့် အမေရိကန်သမ္မတကတော် ဂျီးလ်ဘိုင်ဒင်အပါအဝင် ပြည်ပဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အမျိုးသမီး သိပ္ပံပညာရှင်တစ်ဦးဖြစ်သည့် ကလော်ဒီယာရှိန်းဘောင်းသည် ယခုနှစ်ဇွန်လအတွင်း ကျင်းပခဲ့သည့် မက္ကဆီကိုသမ္မတရွေးကောက်ပွဲ၌ ပြိုင်ဘက်များကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရထားသူဖြစ်သည်။

မိမိအနေဖြင့် လက်ဝဲဝါဒီ သမ္မတဟောင်းမန်နျူရယ်လိုပက်ဇ်အော်ဘရေဒေါ၏ စီးပွားရေးမူဝါဒများကို ဆက်လက်အကောင်အထည်ဖော်မည် ဖြစ်ကြောင်း သမ္မတသစ် ကလော်ဒီယာရှိန်းဘောင်းက ပြောကြားခဲ့သည်။

စပိန်လက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပိုင်း မက္ကဆီကိုနိုင်ငံကို အမျိုးသားသမ္မတ ၆၅ ဦးတို့က ဆက်တိုက်ဦးဆောင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO



# အစ္စရေးရောက်နိုင်ငံသားများကိုခေါ်ထုတ်ရေးအတွက် လေယာဉ်များစေလွှတ်ရန် သမ္မတယွန်ဆွတ်ယိုး ညွှန်ကြား

**ဆိုးလ် အောက်တိုဘာ ၂**

အစ္စရေးနိုင်ငံနှင့် အခြားအရှေ့အလယ်ပိုင်း ပဋိပက္ခဇုန်များတွင်ရှိနေသော နိုင်ငံသားများကို ခေါ်ထုတ်ရေးအတွက် စစ်သုံးသယ်ယူ ပို့ဆောင်ရေးလေယာဉ်များ ချက်ချင်းစေလွှတ်ထားရန် တောင်ကိုရီးယားသမ္မတယွန်ဆွတ်ယိုးက ယနေ့တွင် ညွှန်ကြားထားကြောင်း သိရသည်။

အရှေ့ အလယ်ပိုင်းဒေသ၌ စစ်ရေးတင်းမာမှုများ မြင့်တက်ချိန်တွင် အရှေ့အလယ်ပိုင်းရောက် နိုင်ငံသားများကို ခေါ်ထုတ်ရေးအတွက်စစ်လေယာဉ်များစေလွှတ်ရန် တောင်ကိုရီးယားသမ္မတက ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား သမ္မတယွန်ဆွတ်ယိုးသည် ယနေ့တွင် အမျိုးသားလုံခြုံရေး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အရှေ့အလယ်ပိုင်းဒေသအခြေအနေနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိဖြစ်ပွားဆဲ အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခများ၏ တောင်ကိုရီးယား စွမ်းအင်ကဏ္ဍ၊ စီးပွားရေးကဏ္ဍများအပေါ် အကျိုးသက်ရောက်လာမှုများကို တုံ့ပြန်ရေးအတွက် နည်းလမ်းများကြံဆထားရန် တောင်ကိုရီးယားသမ္မတက ယနေ့အစည်းအဝေး၌ တိုက်တွန်းထားသည်။

အရှေ့အလယ်ပိုင်း ဒေသရှိ တောင်ကိုရီးယား နိုင်ငံသားများ လုံခြုံရေးအတွက် လိုအပ်သည့် နည်းလမ်းမှန်သမျှ အသုံးပြုမည်ဖြစ်ကြောင်း သမ္မတယွန်ဆွတ်ယိုးက ပြောကြားထားသည်။

အစ္စရေးနိုင်ငံ၌ တောင်ကိုရီးယားနိုင်ငံသား ၅၇၂ ဦးရှိပြီး လက်ဘနွန်၌ ၂၁၄ ဦးထိ ရှိကြောင်း တောင်ကိုရီးယားအစိုးရ၏ ၂၀၂၃ ခုနှစ် သတင်းအချက်အလက်များအရ သိရသည်။

Ref : Xinhua
Trs : KKO

# အစ္စရေးနိုင်ငံကို ဒုံးကျည်အစင်းအနည်းဆုံး ၁၈၀ ဖြင့် အီရန်တိုက်ခိုက်



**ဂျေရုဆလင် အောက်တိုဘာ ၂**

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုအပေါ် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေမှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံသည် အောက်တိုဘာ ၁ ရက်တွင် အစ္စရေးနိုင်ငံကို ဒုံးကျည်အစင်းအနည်းဆုံး ၁၈၀ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

လက်ဘနွန်၌ဟစ်ဇ်ဘိုလာအုပ်စုကို ရက်ပေါင်းအတန်ကြာ အပြင်းအထန် တိုက်ခိုက်ခဲ့မှုအတွက် လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ဟု အီရန်တပ်မတော်က အတည်ပြုထားသည်။

အီရန်နိုင်ငံ ပစ်လွှတ်ခဲ့သော ဒုံးကျည်များအနက် အများအပြားကို အစ္စရေး လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက ကြားဖြတ် တားဆီးနိုင်ခဲ့သော်လည်း အချို့ဒုံးကျည်များမှာ အစ္စရေး အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ ကျရောက်ခဲ့ကြောင်း အစ္စရေးတပ်မတော် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ အောက်တိုဘာ ၁ ရက် ဒုံးကျည်တိုက်ခိုက်မှုများအတွက် လက်တုံ့ပြန်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယနေ့တွင် ပြောကြားထားသည်။

အီရန်နိုင်ငံ၏ အောက်တိုဘာ ၁ ရက် ဒုံးကျည်တိုက်ခိုက်မှုကြောင့် အီရန်နိုင်ငံ၊ အီရန်ကြိုဇာခံစစ်အုပ်စုများနှင့် အစ္စရေးနိုင်ငံတို့ကြား စစ်ရေးပဋိပက္ခမှာ ဒေသတွင်းစစ်ပွဲအဖြစ်သို့ ပြောင်းလဲသွားနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ပြီးခဲ့သည့် ရက်များအတွင်း အစ္စရေးတပ်မတော်က လက်ဘနွန်၌ပြုလုပ်ခဲ့သော လေကြောင်းထိုးစစ်များကြောင့် ဟစ်ဇ်ဘိုလာခေါင်းဆောင်များ၊ ဟားမတ်စ်အုပ်စုခေါင်းဆောင်များနှင့် အီရန်တပ်မတော် ခေါင်းဆောင်များ သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

# အများပြည်သူ အရေးပေါ်သတိပေးစနစ်များ ပြည်လုံးကျွတ်စမ်းသပ်မှုပြုလုပ်ရန် ရုရှားနိုင်ငံစီစဉ်ထား

**မော်စကို အောက်တိုဘာ ၂**

အများပြည်သူ အရေးပေါ်သတိပေးစနစ်များ ပြည်လုံးကျွတ်စမ်းသပ်မှုကို အောက်တိုဘာ ၃ ရက်တွင် ပြုလုပ်ရန် ရုရှားနိုင်ငံက စီစဉ်ထားကြောင်း သိရသည်။

အများပြည်သူ အရေးပေါ်အခြေအနေ သတိပေးစနစ်များ စမ်းသပ်မှုတွင် အရေးပေါ်ဥဩဆွဲခြင်း၊ ရုပ်သံနှင့် ရေဒီယိုအစီအစဉ်များဖြတ်တောက်၍ သတိပေးချက်ထုတ်ပြန်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။

ယူကရိန်း စစ်ရေးပဋိပက္ခဖြစ်ပွားနေချိန်တွင် ရုရှားနိုင်ငံသည် အများပြည်သူအရေးပေါ်အခြေအနေသတိပေးစနစ်ပြည်လုံးကျွတ်စမ်းသပ်မှုကို တစ်နှစ်လျှင်နှစ်ကြိမ် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အများပြည်သူ အရေးပေါ်အခြေအနေသတိပေးစနစ်စမ်းသပ်မှုလုပ်ငန်းစဉ်တွင် ရုရှား၏အချိန်ဇုန် ၁၁ခုအနက် အများစု၌ ဥဩသံများတစ်မိနစ်ကြာထုတ်လွှင့်၍ အသံချဲ့စက်များဖြင့် သတိပေးချက်များ ထုတ်လွှင့်မည်ဖြစ်ကြောင်း ရုရှားအရေးပေါ်အခြေအနေဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

သတိပေးစနစ်များကို ကိုင်တွယ်နေရသူများ၏ အသင့်အနေအထားရှိမှုကို ဆန်းစစ်ရေးအတွက် အဆိုပါစမ်းသပ်မှုပြုလုပ်ရန် ရုရှားအစိုးရက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အများပြည်သူ အရေးပေါ်သတိပေးစနစ် ပြည်လုံးကျွတ်စမ်းသပ်မှုများကို ရုရှားနိုင်ငံက ၂၀၂၀ ပြည့်နှစ်တွင် စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# တရုတ်ကမ်းခြေစောင့်တပ်သင်္ဘော အာတိတ်ရေပြင်အတွင်းသို့ဝင်ရောက်

**ပေကျင်း အောက်တိုဘာ ၂**

တရုတ် ကမ်းခြေစောင့်တပ်မှ သင်္ဘောတစ်စီးသည် အောက်တိုဘာ ၁ ရက်တွင် အာတိတ်ပင်လယ်ရေပြင်အတွင်းသို့ ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ခဲ့ကြောင်း တရုတ်အစိုးရသတင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှား ကမ်းခြေစောင့်တပ်သင်္ဘောများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် မိုင်ရှန်းအမည်ရှိ တရုတ်ကမ်းခြေစောင့်တပ်သင်္ဘော အာတိတ်ပင်လယ်ရေပြင်အတွင်းသို့ ပထမဆုံးအကြိမ် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိုင်ရှန်း ကမ်းခြေစောင့်တပ်သင်္ဘော အာတိတ်ပင်လယ်ရေပြင်အတွင်း ဝင်ရောက်ချိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံစတင်




တည်ထောင်မှု ၇၅ နှစ်ပြည့် ကာလနှင့် တိုက်ဆိုင်နေကြောင်း တရုတ်မီဒီယာများ၏ အဆိုအရ သိရသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်ရေခဲပြင်များ အရွယ်အစားကျုံ့ဝင်လာချိန်တွင် အာတိတ်ပင်လယ် ရေလမ်းကြောင်းများကို ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာတို့ကို ချိတ်ဆက်ပေးထားနိုင်သော ရေလမ်းကြောင်းသစ်များ ဖြစ်လာခဲ့သည်။

တရုတ်နိုင်ငံသည် စွမ်းအင်ပို့ကုန်များအတွက် မလက္ကာရေလက်ကြားအပေါ် အားပြုနေရမှုကိုလျှော့ချရေးအတွက် ကုန်သွယ် ရေလမ်းကြောင်းသစ်များ ဖွင့်လှစ်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Crew-9 မစ်ရှင် ပြဿနာတစ်ရပ်ကြောင့် Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံများပျံသန်းမှုကို ယာယီရပ်ဆိုင်းထား




**ဝါရှင်တန် အောက်တိုဘာ ၂**

စက်တင်ဘာ ၂၈ ရက်တွင် လွှတ်တင်ခဲ့သော Crew-9 မစ်ရှင် ပြဿနာတစ်ရပ်ကြောင့် အမေရိကန်နိုင်ငံအခြေစိုက် Space-X ကုမ္ပဏီသည် ဖယ်လ်ကွန်-၉ ဒုံးပျံများ ပျံသန်းမှုကို ယာယီရပ်ဆိုင်းထားကြောင်း အောက်တိုဘာ ၁ ရက် သတင်းများအရ သိရသည်။

စက်တင်ဘာ ၂၈ ရက် Crew-9 မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်အနေဖြင့် ပတ်လမ်းမှခွာထွက်ရာတွင် မူမမှန်မှုများရှိခဲ့ကြောင်း သိရသည်။

အထက်ပါ ပြဿနာကြောင့် ဖယ်လ်ကွန်-၉ ဒုံးပျံများလွှတ်တင်မှုကို ရပ်ဆိုင်းထား၍ ပြဿနာ၏ နောက်ခံ အကြောင်းတရားကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်ပြဿနာကို အဖြေရှာပြီးပါက ဖယ်လ်ကွန်-၉ ဒုံးပျံလွှတ်တင်မှုများ ပြန်လည်စတင်မည်ဖြစ်ကြောင်း Space-X ကုမ္ပဏီက ကြေညာထားသည်။

Space-X ကုမ္ပဏီသည် စက်တင်ဘာ ၂၈ ရက်တွင် Crew-9 မစ်ရှင်အရ အာကာသယာဉ်မှူးနှစ်ဦးလိုက်ပါသွားသည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

အဆိုပါအာကာသယာဉ်သည် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ် မူမမှန်မှုရှိခဲ့သော်လည်း နိုင်ငံတကာ အာကာသစခန်းသို့ စက်တင်ဘာ ၂၉ ရက်တွင် အောင်မြင်စွာရောက်ရှိခဲ့ကြောင်း Space-X ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။

Ref : Sputnik News

Trs : KKO


## ဘားနာ့ဒ်ကြယ်ကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့

**မက်ဒရစ် အောက်တိုဘာ ၂**

နေအဖွဲ့အစည်းနှင့် အနီးဆုံးကြယ်တစ်စင်းဖြစ်သော ဘားနာ့ဒ်ကြယ် (Barnard's Star)အမည်ရှိကြယ်ကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း အောက်တိုဘာ ၁ ရက် သတင်းများအရ သိရသည်။

ဘားနာ့ဒ်-ဘီ ဂြိုဟ်ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်ကို စပိန်သိပ္ပံပညာရှင်များက ချီလီနိုင်ငံအခြေစိုက် ဗီွအယ်လ်တီ ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒြပ်ထုအားဖြင့် သောကြာဂြိုဟ်ဒြပ်ထု၏ထက်ဝက်မျှသာရှိသည့် ဘားနာ့ဒ်-ဘီ ဂြိုဟ်သည် ဘားနာ့ဒ်ကြယ်ကို မိုင်ပေါင်း ၁ ဒသမ ၈ သန်းအကွာမှတစ်ဆင့် သုံးရက်လျှင် တစ်ပတ်ကျလှည့်ပတ်နေကြောင်း စပိန်သိပ္ပံပညာရှင်များက ပြောကြားသည်။



ဘားနာ့ဒ်-ဘီ ဂြိုဟ်အနေဖြင့် ဘားနာ့ဒ်ကြယ်ကို အလွန်နီးကပ်သောပတ်လမ်းနေရာမှ လှည့်ပတ်နေမှုကြောင့် အဆိုပါဂြိုဟ်အနေဖြင့် ရေဓာတ်ထိန်းသိမ်းထားနိုင်စွမ်းရှိလိမ့်မည်မဟုတ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဘားနာ့ဒ်ကြယ်သည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ခြောက်နှစ်အကွာတွင်တည်ရှိသော အနီရောင်ကြယ်သိမ် တစ်စင်းဖြစ်ကြောင်း သိရသည်။

ဘားနာ့ဒ်ကြယ်သည် နေကဲ့သို့ပင် တစ်စင်းတည်းရပ်တည်နေသော ကြယ်တစ်စင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ချာရွန်ဂြိုဟ်ရံလမျက်နှာပြင်ပေါ်၌ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့်ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ဓာတ်ငွေ့များတွေ့ရှိ

**ဝါရှင်တန် အောက်တိုဘာ ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ပလူတိုဂြိုဟ်သိမ်၏ အကြီးဆုံးဂြိုဟ်ရံလဖြစ်သည့် ချာရွန်ဂြိုဟ်ရံလမျက်နှာပြင်ပေါ်၌ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့်ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ဓာတ်ငွေ့များ ထောက်လှမ်းတွေ့ရှိထားကြောင်း အောက်တိုဘာ ၁ ရက် သတင်းများအရ သိရသည်။

ချာရွန်ဂြိုဟ်ရံလပေါ်ရှိ အထက်ပါဓာတ်ငွေ့မော်လီကျူးများသည် အဆိုပါဂြိုဟ်ရံလ စတင်ပေါ်ထွက်လာရာနေရာကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဓာတ်ငွေ့မော်လီကျူးများသည် ချာရွန်ဂြိုဟ်ရံလရေခဲလွှာမျက်နှာပြင်တွင် နေ၏ခရမ်းလွန်ရောင်ခြည်လှိုင်းများ ရိုက်ခတ်မှုကြောင့် လှုပ်ရှားပြောင်းလဲနေသည်ကို ပြသနေကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အရွယ်အစားအားဖြင့်အချင်း မိုင် ၇၅၀ ခန့်ရှိသော ချာရွန်ဂြိုဟ်သိမ်သည် နေအဖွဲ့အစည်း၏အနားစွန်းနယ်မြေဖြစ်သော ကွီပါခါးပတ်ကွင်းနယ်မြေ၌ တည်ရှိသည်။

သို့ရာတွင် ချာရွန်ဂြိုဟ်ရံလသည် ကွီပါခါးပတ်ကွင်းနယ်မြေအတွင်းရှိ အခြားဂြိုဟ်သိမ်များကဲ့သို့မဟုတ်ဘဲ မျက်နှာပြင်ကို မီသိန်းရေခဲမှုန်များ ဖုံးလွှမ်းထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## တစ်ရက်လျှင် ကော်ဖီလေးခွက်နှင့်အထက် သောက်သုံးပါက လေဖြတ်နိုင်ခြေ မြင့်တက်နိုင်

**လန်ဒန် အောက်တိုဘာ ၂**

တစ်ရက်လျှင် ကော်ဖီကို လေးခွက်နှင့်အထက်သောက်သုံးပါက လေဖြတ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၁ ရက်တွင် ပြောကြားသည်။

ဗြိတိန်နှင့်ကနေဒါသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်ရက်ကို ကော်ဖီလေးခွက်နှင့်အထက် သောက်သုံးသူများ၌ လေဖြတ်နိုင်ခြေ ပုံမှန်ထက် ၃၇ ရာခိုင်နှုန်းမြင့်တက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ကော်ဖီကို အလွန်အကျွံ သောက်သုံးမှုသည် လေဖြတ်နိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်နေနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဓာတုသကြားဓာတ်ထည့်သွင်းထားသည့် အချိုရည်များ အလွန်အကျွံသောက်သုံးမှုကြောင့်လည်း လေဖြတ်နိုင်ခြေ ၂၂ ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

အထူးသဖြင့် ဓာတုသကြားဓာတ်ထည့်သွင်းထားသည့် အချိုရည်များကို တစ်ရက်လျှင်နှစ်ဘူးနှင့်အထက် သောက်သုံးပါက လေဖြတ်နိုင်ခြေ မြင့်တက်လာတတ်ကြောင်း သိရသည်။

ဗြိတိန်နှင့် ကနေဒါသုတေသနပညာရှင်များသည် ကမ္ဘာ့နိုင်ငံပေါင်း ၂၇နိုင်ငံမှ လူပေါင်း ၂၇၀၀၀ တို့ကိုလေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## သက်ကြီးရွယ်အိုများ ဟန်ချက်ပျက်လဲပြိုကျမှုနှင့် Dementia ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုရှိနိုင်

**နယူးယောက် အောက်တိုဘာ ၂**

သက်ကြီးရွယ်အိုများ လဲပြိုကျမှုနှင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေတို့ကြား အပြန်အလှန် ဆက်စပ်မှုရှိနိုင်ကြောင်း အောက်တိုဘာ ၁ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Dementia ကြောင့် သက်ကြီးရွယ်အိုများ လဲပြိုကျနိုင်ခြေ မြင့်တက်လာတတ်ပြီး လဲပြိုကျမှု နောက်ဆက်တွဲဝေဒနာများကြောင့်လည်း Dementia ရောဂါလက္ခဏာများ ပိုဆိုးလာနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် သက်ကြီးရွယ်အို ၂ ဒသမ ၄ သန်းတို့၏ ကျန်းမာရေးသတင်း အချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။


လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လဲပြိုကျမှုရင်ဆိုင်ခဲ့ရသူ သက်ကြီးပိုင်းများ အနက် ၁၀ ဒသမ ၆ ရာခိုင်နှုန်းတို့မှာ နောက်ပိုင်းတွင် Dementia ရောဂါ စတင်ခံစားလာကြရသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဟန်ချက်မထိန်းနိုင်ဘဲ လဲပြိုကျမှုကြောင့် သက်ကြီးပိုင်းများ၌ Dementia ရောဂါလက္ခဏာများ ပေါ်လာနိုင်ခြေမှာ ပုံမှန်ထက် ၂၁ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ နှစ်စဉ် သက်ကြီးရွယ်အို ၁၄ သန်းထိ ဟန်ချက်ပျက် လဲပြိုမှုပြဿနာကို ရင်ဆိုင်နေရကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဆောက်သမ်တန်အသင်းခေါင်းဆောင် စတက်ဖန်ကို အက်ဖ်အေက နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်

**လန်ဒန် အောက်တိုဘာ ၂**

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)သည် ပြီးခဲ့သည့် စက်တင်ဘာ ၁၄ ရက်က ကစားခဲ့သည့် မန်ယူအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်တွင် ပွဲကစားနေစဉ်အတွင်း ကွင်းလယ်ဒိုင်ကို ကြမ်းတမ်းသော စကားပြောကြားခဲ့သော ဆောက်သမ်တန်အသင်း ခေါင်းဆောင် စတက်ဖန်ကို နှစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေ စတာလင်ပေါင် ၅၀၀၀၀ ပြစ်ဒဏ်မှတ်ခဲ့ကြောင်း သိရသည်။

ဆောက်သမ်တန်အသင်းက မန်ယူအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အသင်းခေါင်းဆောင် စတက်ဖန်သည် ပွဲကစားချိန် ၇၉ မိနစ်အရောက်တွင် မန်ယူအသင်း တောင်ပံကစားသမားဂါနာချိုကို ကြမ်းတမ်းစွာ ဖြတ်ထုတ်ခဲ့မှုကြောင့် ကွင်းလယ်ဒိုင် အက်ဝဲလ်က အနီကတ်ပြ ထုတ်ပယ်ခဲ့ရာ ကွင်းလယ်နှင့် စတုတ္ထဒိုင်တို့ကို ၎င်းကကြမ်းတမ်းသောစကားများပြောကြား၍ ကွင်းအတွင်းမှ ထွက်ခွာခဲ့ခြင်း ဖြစ်သည်။

အဆိုပါဖြစ်စဉ်ကို အက်ဖ်အေ ကစွဲချက်တင်ခဲ့ပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်က စစ်ဆေးမှုပြုလုပ်ခဲ့ရာ စတက်ဖန်ကိုယ်တိုင်တက်ရောက်ခဲ့ပြီး ၎င်းအနေဖြင့် ကွင်းလယ်ဒိုင်ကို စကားလုံးဖြင့် တိုက်ခိုက်ခဲ့မှုကို တောင်းပန်ခဲ့ကာ ဒိုင်လူကြီးနှစ်ဦးထံသို့လည်း တောင်းပန်စာများ ပေးပို့ခဲ့ကြောင်း သိရသည်။

အသက် ၃၀ ရှိ စတက်ဖန်သည် ပွဲပယ်ပြစ်ဒဏ်ကြောင့် အာဆင်နယ်အသင်း၊ လက်စတာအသင်းနှင့်ကစားမည့် အမှတ်ပေးပွဲစဉ်များကို လွဲချော်မည်ဖြစ်သည့်အပြင် တိုက်ရိုက်အနီကတ်ပြစ်ဒဏ်အတွက်လည်း သုံးပွဲပယ်ပြစ်ဒဏ် ကျခံရမည်ဖြစ်သောကြောင့် အစ်ဗ့စ်အသင်း၊ အဲဗာတန်အသင်းနှင့် ဘုန်းမောက်အသင်းတို့ပွဲစဉ်ကိုလည်း လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML




## အားကစားသတင်းအတိုအထွာများ

- ဒေ့ါမွန်အသင်းက ဆဲလ်တစ်အသင်းကို ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး အဒီရမီက ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ပြိုင်ပွဲ ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။
- ဥရောပအကောင်းဆုံး Playmaker စာရင်းတွင် ချဲလ်ဆီးအသင်း ကစားသမားပယ်မာက ဒုတိယနေရာတွင် ရပ်တည်နေပြီး ပီအက်စ်ဂျီအသင်း ကစားသမား ဂျာအိုနီဗက်စ်က ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။
- မန်စီးတီးအသင်း ကွင်းလယ်ကစားသမား မာသီးယက်နူနက်သည် မက်ဒရစ်မြို့ နိုက်ကလပ်တစ်ခု၏ ဖုန်းပျောက်ဆုံးမှုတွင် သံသယရှိသည့်အတွက် ရဲစခန်းတွင်ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရကြောင်း သိရသည်။

ML

# ချန်ပီယံလိဂ်ပြိုင်ပွဲ အဝေးကွင်း ၂၅ ပွဲဆက်ရှုံးပွဲမရှိသည့်စံချိန်ကို မန်စီးတီးအသင်းရရှိ




**မန်ချက်စတာ အောက်တိုဘာ ၂**

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၂)တွင် မန်စီးတီးအသင်းက ဆလိုဗန်အသင်းကို အဝေးကွင်းသွားရောက်ကစားခဲ့ရာ လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် အဝေးကွင်း ၂၅ ပွဲ ဆက်ရှုံးပွဲမရှိသည့်စံချိန်ကို ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၃ ချန်ပီယံမန်စီးတီးအသင်းသည် ၂၀၂၂ ခုနှစ်မှ ယခုနှစ်ထိ ချန်ပီယံလိဂ်ပြိုင်ပွဲများတွင် အဝေးကွင်းရှုံးပွဲမရှိခဲ့ဘဲ ယခုပွဲစဉ်တွင်လည်း ဆလိုဗက်ကီးယားကလပ် ဆလိုဗန်အသင်းကို ဂိုးပေါက်ကန်သွင်းမှု ၂၈ ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ၁၄ ကြိမ်ရှိခဲ့ကာ ပွဲကစားချိန်ရှစ်မိနစ်တွင် ဂန်ဒိုဂမ်၊ ပွဲကစားချိန် ၁၅ မိနစ်တွင် ဖိုဒန်၊ ပွဲကစားချိန် ၅၈ မိနစ်တွင် ဟာလန်း၊ ပွဲကစားချိန် ၇၄ မိနစ်တွင် မက်အာတီးတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီး အဝေးကွင်း ၂၅ ပွဲဆက်ရှုံးပွဲမရှိခဲ့သောကြောင့် ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း နည်းပြဖာဂူဆန်လက်ထက်တွင် မန်ယူအသင်းရရှိထားသည့်အဝေးကွင်း ရှုံးပွဲမရှိသည့်စံချိန်ကို လိုက်မီခဲ့ကြောင်း သိရသည်။

မန်စီးတီး အသင်းသည် ဂွါဒီယိုလာလက်ထက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ကွာတားဖိုင်နယ်အဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ်တူနေသဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ရှုံးနိမ့်ခဲ့မှုကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် အဖွင့်ပွဲစဉ်တွင် အင်တာမီလန်အသင်းကို ဂိုးမရှိသရေရလဒ်နှင့် ယခုပွဲစဉ်တွင် ဆလိုဗန်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သဖြင့် ရမှတ်လေးမှတ်ရရှိကာ အမှတ်ပေးဇယား အဆင့်(၄) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

Ref : Espn

Trs : ML

# လိုင်လီအသင်းနှင့်ပွဲစဉ်တွင် အမ်ဘက်ပီပါဝင်နိုင်မည်ဟု နည်းပြအန်ဆယ်လော့တီ ပြောကြား

**မက်ဒရစ် အောက်တိုဘာ ၂**

ရီးရဲလ်မက်ဒရစ် အသင်းမှ တိုက်စစ်မှူး အမ်ဘက်ပီသည် ကြွက်သားဒဏ်ရာကြောင့် အနားယူနေရသော်လည်း ဒဏ်ရာသက်သာလာသဖြင့် လိုင်လီအသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်အသင်းလူစာရင်းတွင် ပြန်လည်ထည့်သွင်းခဲ့ကြောင်း နည်းပြအန်ဆယ်လော့တီက ထုတ်ဖော်ပြောကြားခဲ့သည်။

အမ်ဘက်ပီသည် ပြီးခဲ့သည့် စက်တင်ဘာ ၂၅ ရက်က ကစားခဲ့သည့် အလာဗက်အသင်းနှင့် ပွဲစဉ်တွင် ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် ပွဲကစားချိန် မိနစ် ၈၀ တွင် လူစားလဲထွက်ခွာခဲ့ရပြီး နောက် ဒဏ်ရာကိုစကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ရက်သတ္တသုံးပတ်ခန့် အနားယူရမည်ဟု ထုတ်ပြန်ထားသော်လည်း ယခုအခါ ဒဏ်ရာပြန်လည်သက်သာလာသဖြင့် လိုင်လီအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်လာခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး အမ်ဘက်ပီသည် အဆိုပါဒဏ်ရာကြောင့် အေတီကိုအသင်းကို တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်ကို လွဲချော်ခဲ့ပြီးနောက် ဒဏ်ရာတိုးတက်မှု ရှိလာခဲ့ရာ တနင်္လာနေ့က အသင်းနှင့် လေ့ကျင့်ရေး စတင်ပြုလုပ်ခဲ့ပြီး ယနေ့တွင် အပြည့်အဝလေ့ကျင့်ခန်းများ ပြန်လည်လုပ်ဆောင်နိုင်ခဲ့သောကြောင့် ချန်ပီယံလိဂ်ကစားမည့် အသင်းလူစာရင်းတွင် ထည့်သွင်းခဲ့ကြောင်း အန်ဆယ်လော့တီက ပြောကြားခဲ့သည်။

အန်ဆယ်လော့တီက "ဒီနေ့မှာ အမ်ဘက်ပီအနေနဲ့ ကျွန်တော်တို့နဲ့ အပြည့်အဝလေ့ကျင့်နိုင်ပါပြီ။ သူအကောင်းဆုံး ကစားနိုင်တာကြောင့် သူ့အနေနဲ့ လာမဲ့ပွဲမှာ ပွဲထွက် ကစားမယ်ဆိုရင်လဲ ကျွန်တော်တို့အတွက် စွန့်စားမှုလုပ်ရာမကျပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် အိမ်ကွင်း ခြောက်ပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့သည့် အဒီဘာယောနှင့် အူဘာမီယန်းတို့စံချိန်ကို ကိုင်ဟာဗက် လိုက်မီ

**လန်ဒန် အောက်တိုဘာ ၂**

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) အဖြစ်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်း တိုက်စစ်မှူး ကိုင်ဟာဗက်သည် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူ ပေးနိုင်ခဲ့ပြီးနောက် အာဆင်နယ် အသင်းသမိုင်း တစ်လျှောက် အိမ်ကွင်းခြောက်ပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့သည့် အဒီဘာယောနှင့် အူဘာမီယန်းတို့စံချိန်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

အာဆင်နယ် အသင်းက အိမ်ကွင်းတွင် ပီအက်စ်ဂျီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ကိုင်ဟာဗက်သည် ပွဲချိန်မိနစ် ၂၀ တွင် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် အိမ်ကွင်းခြောက်ပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့သည့်ကစားသမားများအဖြစ် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီက အဒီယာယော၊ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် အူဘာမီယန်းတို့မှတ်တမ်းဝင်ခဲ့ပြီး ယခုအခါ ကိုင်ဟာဗက်က ပီအက်စ်ဂျီအသင်းနှင့် ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲစုံ အိမ်ကွင်းခြောက်ပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုင်ဟာဗက်သည် အာဆင်နယ်အသင်း အိမ်ကွင်းပွဲစဉ်များဖြစ်သည့် ပြီးခဲ့သည့်ဘောလုံးရာသီမေလက ကစားခဲ့သည့် အဲဗာတန်




အသင်းနှင့်ပွဲစဉ်မှစတင်ပြီး ယခုနှစ်ဘောလုံးရာသီ အိမ်ကွင်းအဖြစ်ကစားခဲ့သည့် ဝုဗ်အသင်း၊ ဘရိုက်တန်အသင်း၊ ဘော်တန်အသင်း၊ လက်စတာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်၌ အိမ်ကွင်း ခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sportbible

Trs : STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့နိုင်ပွဲရရှိ

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များကို ယနေ့ ညနေ ၃နာရီက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။



မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်အဖြစ် ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် YREO အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ညနေ ၃ နာရီက စလင်းအားကစားကွင်းတွင် မြဝတီအသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်၊ ၁၂ မိနစ်နှင့် ၄၆ မိနစ်တို့တွင် လင်းမြင့်မိုရ်၊ ပွဲချိန် ၃၆ မိနစ်တွင် မိုးမိုးသန်း၊ ပွဲချိန် ၃၉ မိနစ်နှင့် ၇၄ မိနစ်တွင်သင်ဇာချို့နှင့် ပွဲချိန် ၄၃ မိနစ်တွင်ဟေမာန်စိုးတို့ကသွင်းယူပေးနိုင်ခဲ့ကာ မြဝတီအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် ဖြူဖြူဝင်းက သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီက ပဒုမ္မာအားကစားကွင်းတွင် ရေဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်၊ ၁၁ မိနစ်နှင့် ၂၂ မိနစ်တို့တွင် စန္ဒာအောင်ကသွင်းယူပေးနိုင်ခဲ့ပြီး ရေဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် စန်းသော်သော်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# ဘာစီလိုနာအသင်းက ဂိုးသမား ဆက်ဇနီကို ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်

**ဘာစီလိုနာ အောက်တိုဘာ ၂**

ဘာစီလိုနာ အသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလက ကစားသမားဘဝမှအနားယူခဲ့သည့် ဂိုးသမားဆက်ဇနီကို ကာလရှည် ဒဏ်ရာရရှိခဲ့သည့် ဂိုးသမား တာစတီဂန်၏နေရာတွင် အစားထိုးရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ဂိုးသမား တာစတီဂန်သည် ဗီလာရီးရဲလ်အသင်းနှင့် ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ဒူးအရွတ်ထိခိုက်ဒဏ်ရာ ရရှိခဲ့သဖြင့် ဘောလုံးရာသီကုန်ထိ အသင်းနှင့်ပူးပေါင်းနိုင်တော့မည် မဟုတ်သောကြောင့် အသင်းတာဝန်ရှိသူများက ဂိုးသမား ကီလာနာဗက်နှင့် ဂိုးသမားဆက်ဇနီတို့ကို ကာလတိုခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ဆက်ဇနီကိုခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၄ နှစ်ရှိ ဆက်ဇနီသည်ပြီးခဲ့သည့် ဘောလုံးရာသီက ဂျူဗင်တပ်အသင်းနှင့် ပြိုင်ပွဲစုံ ၃၅ ပွဲပါဝင်ကစားခဲ့ပြီးနောက် စာချုပ်ကုန်ဆုံးချိန်တွင် နှစ်ဖက်သဘောတူလမ်းခွဲခဲ့သော်လည်း အသင်းနှင့်အတူ စီးရီးအေဆုဖလားသုံးကြိမ်၊ ကိုပါအီတာလီယာဖလားသုံးကြိမ်ဆွတ်ခူးရရှိခဲ့ကာ ကစားသမားဘဝအောင်မြင်မှုရရှိခဲ့သည်။

၎င်းသည် ကစားသမားဘဝကို အာဆင်နယ်အသင်းနှင့် စတင်ခဲ့သော်လည်း အာဆင်နယ်တွင် ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရကာ ဘရန့်ဖို့ဒ်၊ ရိုးမားအသင်းတို့တွင် အငှားစာချုပ်ဖြင့် ကစားခဲ့ရသောကြောင့် ၂၀၁၇ ခုနှစ်တွင် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ပြီး ဂိုးသမားဘက်ဖွန်နှင့် ပွဲထွက်ခွင့်ယှဉ်ပြိုင်ခဲ့ရသော်လည်း ဘက်ဖွန်ထွက်ခွာပြီးနောက်ပိုင်းတွင် ဦးစားပေးကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ကြောင်း သိရသည်။

Ref : 90Min

Trs : ML



# Royal-D U-19 Futsal Championship ပြိုင်ပွဲ မဲခွဲပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက်တွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲ မဲခွဲပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့် အသင်းလေးသင်းပါဝင်သော အုပ်စု ရှစ်စုခွဲခြားကာ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုတစ်ခုချင်းစီမှ ပထမနေရာနှင့် ဒုတိယနေရာမှ နှစ်သင်းသည့် ၁၆ သင်း ရှုံးထွက်အဆင့်တက်ရောက်ပြီးနောက် ကွာတားဖိုင်နယ်အဆင့်၊ ဆီမီးဖိုင်နယ်အဆင့်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို အသီးသီးဆက်လက်ကစားမည်ဖြစ်သည်။

Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားသည့် ၃၂ သင်းအနေဖြင့် ကစားသမားမှတ်ပုံတင်ရာတွင် အနည်းဆုံး ၁၄ ဦးမှ ၁၆ ဦးတွင် ဂိုးသမားနှစ်ဦး မဖြစ်မနေပါဝင်ရမည်ဖြစ်ကာ အုပ်ချုပ်သူနည်းပြအဖွဲ့မှတ်ပုံတင်ရာတွင် အနည်းဆုံးသုံးဦးမှ အများဆုံး ခြောက်ဦးထိမှတ်ပုံတင် သွင်းရမည်ဖြစ်ပြီး အုပ်ချုပ်သူနည်းပြအဖွဲ့ဝင်များနှင့် ကစားသမားစာရင်းတင်သွင်းခြင်းကို လာမည့် အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီထံ လျှောက်ထားရမည်ဖြစ်သည်။

Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆုအတွက် ငွေကျပ်သိန်း ၃၀၊ ဒုတိယဆုအတွက် ငွေကျပ် သိန်း ၂၀ နှင့် တတိယဆု ငွေကျပ် ၁၅ သိန်း ပေးအပ် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

STA

# ရီးရဲလ်မက်ဒရစ်အသင်းက နွေရာသီအပြောင်းအရွှေ့ကာလတွင် ချူအာမန်နီကို ရောင်းချရန်စီစဉ်

**မက်ဒရစ် အောက်တိုဘာ ၂**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ ကွင်းလယ်ကစားသမား ချူအာမန်နီကို နွေရာသီအပြောင်းအရွှေ့ကာလတွင် စတာလင်ပေါင် ၆၆ သန်းရရှိပါက ရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။

အသက် ၂၄ ရှိချူအာမန်နီသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က မိုနာကိုအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ၎င်းအနေဖြင့် မကြာခဏဒဏ်ရာရရှိနေသကဲ့သို့ ပုံမှန်ခြေစွမ်းပြသနိုင်ခြင်း မရှိသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပြန်လည်ရောင်းချရန်အတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလတွင် ချူအာမန်နီကို ရောင်းချကာ ထပ်ကစားသမားတစ်ဦးနှင့်အစားထိုးလိုနေသည့်အတွက် လာမည့် နွေရာသီကစား သမားအပြောင်းအရွှေ့ကာလတွင် ချူအာမန်နီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၆ သန်းဖြင့် ရောင်းချရန်ပြင်ဆင်နေခြင်းဖြစ်သည်။

လီဗာပူးအသင်းက အသင်းကွင်းလယ်ခံစစ်ပိုင်းတွင် ဟန်ဒါဆန်၊ ဂျိမ်းမီနာ၊ အယ်ကန်တာတို့ ထွက်ခွာခဲ့သည့်အတွက် အသင်းကွင်းလယ်ခံစစ်ပိုင်းတွင် လိုအပ်ချက်များရှိနေပြီး ချူအာမန်နီကို လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလတွင် ထပ်မံကမ်းလှမ်းဖွယ်ရှိနေကြောင်း သိရသည်။

Ref : Topskills Sports

Trs : STA

# ကိုဘီမိုင်နူး ဒဏ်ရာမပြင်းထန်သည့်အတွက် အသင်းနှင့်ပြန်လည်ပူးပေါင်း



**မန်ချက်စတာ အောက်တိုဘာ ၂**

မန်ယူအသင်း အဓိက ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးသည် ပြီးခဲ့သည့်စပါးအသင်းနှင့်ပွဲစဉ်တွင် ခြေထောက်ဒဏ်ရာရရှိခဲ့သော်လည်း ဒဏ်ရာမပြင်းထန်သည့်အတွက် ယနေ့တွင် အသင်းနှင့်လေ့ကျင့်မှုများ ပြန်လည် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၆)အဖြစ် ကစားခဲ့သည့် ကိုဘီမိုင်နူးသည် မန်ယူအသင်းနှင့်စပါးအသင်းတို့ ပွဲစဉ်တွင် ခြေထောက်ဒဏ်ရာရရှိခဲ့သည့်အတွက် ပထမပိုင်းပြီးဆုံးခါနီးတွင် လူစားလဲထွက်ခွာခဲ့ရသည်။

ကိုဘီမိုင်နူးအနေဖြင့် စပါးအသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့သည့် ဒဏ်ရာမှာပြင်းထန်ဖွယ်ရှိနေသည့်အတွက် ပရိသတ်များက စိုးရိမ်ခဲ့ကြသော်လည်း ယခုအခါအသေးစိတ်စစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီးနောက် အပေါ့စားဒဏ်ရာသာဖြစ်သည့်အတွက် အသင်းနှင့်ပူးပေါင်းကာ လေ့ကျင့်မှုများ လုပ်ဆောင်လျက်ရှိနေသည်။

အသက် ၁၉ နှစ်ရှိ ကိုဘီမိုင်နူးသည် မန်ယူအသင်းနှင့်အတူ ၂၀၂၂ ခုနှစ်က စတင်ပူးပေါင်းခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြတန်ဟတ်၏ယုံကြည်မှုကိုရရှိကာ အသင်းတွင်ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့သည့်အတွက် အသင်းမှစီနီယာကစားသမားများကို ကျော်ဖြတ်ပြီး ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ အဓိကပွဲထွက်ကစားသမားအဖြစ် ပါဝင်လျက်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# စည်းကမ်းရှိမှ ပြည်ရွာလှ

ရွှေဘိုတူးမာ

စည်းကမ်းဟူသည် လူတို့စောင့်ထိန်းရသော၊ လိုက်နာရသော ကျင့်စဉ်ကျင့်ဝတ်ပင်ဖြစ်သည်။ လောကတွင် လူတို့ကိုထိန်းကွပ်ထားသည်မှာ စည်းကမ်းပင်ဖြစ်သည်။ အကွပ်မရှိတဲ့ကြမ်း ပရမ်းပတာ၊ ပဲ့မပါသောလှေသည် လိုရာသို့မရောက်၊ ဆိုင်းမပါသောဘူးကား ကွဲလွယ်သည် စသည့် ဆိုစကားများလည်းရှိသည်။ ဤသည်တို့မှာ စည်းကမ်း၏တန်ဖိုး၊ စည်းကမ်း၏ အဓိပ္ပာယ် လေးနက်ပုံများဖြစ်သည်။

စည်းကမ်းအမျိုးမျိုးရှိသည်။ ရဟန်းလည်း ရဟန်းစည်းကမ်း၊ အစိုးရလည်း အစိုးရစည်းကမ်း၊ ပြည်သူလည်း ပြည်သူစည်းကမ်း၊ ရုံးစည်းကမ်း၊ ကျောင်းစည်းကမ်း၊ လမ်းစည်းကမ်း စသည်တို့ဖြစ်သည်။ စည်းကမ်းရှိခြင်းအကျိုးနှင့် စည်းကမ်းမဲ့ခြင်း အပြစ်တို့ကို ရေးဖွဲ့ပြရလျှင် ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်သည်။

ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်သည်ဟု ရှင်တော်ဘုရားဟောကြားတော်မူခဲ့သည်။ ဝိနည်းသည် ရဟန်း၊ သံဃာတော်တို့ လိုက်နာရမည့် စည်းကမ်းဖြစ်သည်။ သာသနာ့ဝန်ထမ်းရဟန်းတို့ ဝိနည်းနှင့်အညီကျင့်ကြံမှသာ ဗုဒ္ဓသာသနာတော်သည် နေရောင်လရောင်အလား ထွန်းပြောင်မည်ဟု သုံးလောကထွတ်ထား ရှင်တော်ဘုရားက ဝိနည်းစည်းကမ်း၏ အရေးကြီးပုံကို မိန့်ကြားခဲ့ဖူးသည်။

"စည်းကမ်းရှိမှ ပြည်ရွာလှ"ဟူသော ဆိုစကားလည်းရှိသည်။ ပြည်ရွာနိုင်ငံဟူသည် ပြည်သူပြည်သားအားလုံး ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ရာ ဘုံဗိမာန်ဖြစ်သည်။ ထိုဘုံဗိမာန်ကြီး သာယာစည်ကားဖွံ့ဖြိုးတိုးတက်ရန် စည်းကမ်းဖြင့် ထိန်းရသည်။ အသေးအမွှားမှ အကြီးအမားထိ နေရာတိုင်းတွင် စည်းကမ်းများရှိသည်။ ထိုစည်းကမ်းများကို လိုက်နာသင့်သည်။ သို့မှသာ ဘေးကင်းကွာပြီး သာယာစည်ကားတိုးတက်မည်။ ထို့ကြောင့်လည်း "စည်းကမ်းရှိမှ ပြည်ရွာလှ"ဟု တင်စားထားခြင်းဖြစ်သည်။

ထို့ပြင် ဤလောကဝယ် လူမှုရေးနှင့်စပ်လျဉ်း၍ စောင့်ထိန်းရမည့် လူမှုစည်းကမ်းတို့ကား များပြားလှသည်။ ဆရာနှင့်တပည့်၊ အမိနှင့်သား၊ ဇနီးနှင့် ယောကျ်ား၊ သခင်နှင့်ကျွန် စသည်တို့သည် ကျင့်ဝတ်စည်းကမ်းအတိုင်း နေထိုင်ပါက လောကတစ်ခွင်လုံး သာယာမှုအပေါင်း ပြည့်စုံနေလိမ့်မည်။

မိဘနှင့်သားသမီး ဆက်ဆံရေးမှာ "ကျွေးမွေး မပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"ဟူသော သားသမီးကျင့်ဝတ်သည် သားသမီးတို့ လိုက်နာသင့်သော စည်းကမ်းပင်ဖြစ်သည်။

ဤသို့အားဖြင့် မိဘနှင့်သားသမီး သူ့ဝတ္တရား၊ ကိုယ့်ဝတ္တရား၊ သူ့စည်းကမ်း၊ ကိုယ့်စည်းကမ်း လိုက်နာလျှင် သီရိဂေဟာအိမ်သာယာ ဖြစ်မည်မလွဲတည်း။ ထို့ပြင် အတန်းစည်းကမ်း၊ ကျောင်းစည်းကမ်း ဟူ၍ရှိသေးသည်။ ဆရာ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ် ဟူ၍ ရှိသေးသည်။

"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ" ဟူသည်မှာ တပည့်တို့လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းပင်ဖြစ်သည်။ ထိုကျင့်ဝတ်စည်းကမ်းအတိုင်းလိုက်နာပါက "တပည့်နှင့် ဆရာ၊ ရေနဲ့ကြာပမာ"ပန်းရမည်ဖြစ်သည်။ တင့်တယ်လိုက်ဖက်သည်။

ဆရာကောင်း တပည့်ပန်းကောင်းပန်ဖြစ်မည်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက၊ စည်းကမ်းမရှိ တန်ဖိုးမရှိ၊ စည်းကမ်းသည် လူ၏ တန်ဖိုးဆိုသကဲ့သို့ စည်းကမ်းလိုက်နာသော ကျောင်းသားသည် ပညာရည်ဝပြီး လူရည်လှမည်။ ပညာရဲရင့်ပြီး ပွဲလယ်တင့်မည်။ ထိုမျှမကသေးပါ။

"သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခ အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင်နေ့တိုင်ဆင်လော့"ဟု အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက ကျောင်းသား လူငယ်တို့ကို ဆုံးမသတိပေးခဲ့သည်။ ၎င်းကဗျာသည် စာသင်သားတို့ပညာရှာရမည့်နည်းလမ်း စည်းကမ်းပင်ဖြစ်သည်။

သု = သုဿူသယျ ကြားနာရာ၏။
စိ = စိန္တေယျ ကြံစည်ရာ၏။
ပု = ပုစ္ဆေယျ မေးမြန်းရာ၏။
ဘာ= ဘာသေယျ ပြောဆိုရာ၏။
ဝိ = ဝိစာရေယျ စူးစမ်းဆင်ခြင်ရာ၏။
လိ = လိခေယျ ရေးမှတ်ရာ၏။
သိ = သိက္ခေယျ လေ့ကျင့်ရာ၏။
ခ = ခရေယျ နှုတ်တတ်ဆောင်ရာ၏။

❖ လူ့ဘဝကြီးပွားတိုးတက်ရေး၏ အသက်သွေးကြောမှာ စည်းကမ်းဖြစ်သည်။ ဇွဲ၊ လုံ့လ၊ သတ္တိတို့သည် ဘဝ၏အခက်အခဲကို အောင်မြင်စေနိုင်သည်။ ထို့အတူ စည်းကမ်းတည်းဟူသော အဆင်တန်ဆာသည် လူငယ်လူရွယ်တို့ကို လူတော်လူမော်ဖြစ်စေသည်။ စည်းကမ်းရှိခြင်း၊ စည်းကမ်းကို လေးစားလိုက်နာခြင်းက လောကသံသရာနှစ်ဖြာသော အကျိုးကိုဖြစ်စေသည်။ စည်းကမ်းကို လေ့ကျင့်ယူရသည်။ မွေးမြူယူရသည်။ ကျွန်ုပ်တို့တစ်မျိုးသားလုံး၊ ကျွန်ုပ်တို့တိုင်းရင်းသားအားလုံး စည်းကမ်းရှိသော လူမျိုးဖြစ်အောင် ကြိုးစားသင့်သည်။ ❖

ဤစည်းကမ်းနည်းလမ်းအတိုင်း လိုက်နာခဲ့သောကြောင့် အောင်မြင်မှုသရဖူကို ဆောင်းနိုင်သူများကား လူချွန်လူမွန်၊ လူတော်လူကောင်းများပင် မဟုတ်ပါလော။

ထို့ပြင် စည်းကမ်း၏တန်ဖိုးကို ဆက်လက်၍ ရေးဖွဲ့ပြလိုပါသည်။ တူရိယာတွင် စည်းမရှိလျှင် နားဝင်မချိုပါ။ တူရိယာ၌ စည်းမရှိလျှင်၊ စည်းမပါလျှင် နားဝင်မချိုသော် လူတို့တွင်ကား ဆိုဖွယ်ရာမရှိပါ။ ဝင်းခြံရှိသောတိုက်တာ အိမ်ခြံမြေများကား တင့်တယ်လုံခြုံသည်။ ကမ်းရှိသောမြစ်ချောင်းတို့မှာ ရေရိုးရေကြောင်းကောင်းမွန်ပြီး ရောင်းဝယ်ဖောက်ကား ကူးသန်းသွားလာရာ၌ အသုံးဝင်သည်။ အကျိုးများသည်။ ထိုနည်းတူ စည်းကမ်းရှိသူထံသို့ ချမ်းသာခြင်း၊ ကြီးပွားခြင်း၊ တိုးတက်ခြင်း စသည့်ကျက်သရေမင်္ဂလာတို့ အလိုလိုရောက်လာသည်။

သမိုင်းဦးဘုံမြေခေတ် သားစိမ်းငါးစိမ်းစားသော လူသားဘဝမှ ယနေ့ပညာခေတ်၊ အိုင်တီခေတ်၊ အင်တာနက်ခေတ်၊ ဉာဏ်ရည်တုနည်းပညာခေတ်ထိ တက်လှမ်းနိုင်သည်မှာ စည်းကမ်းကြောင့်ဖြစ်သည်။ စည်းကမ်းနည်းလမ်းဖြင့် ရှာဖွေကြံဆကြိုးစားခဲ့သောကြောင့်ဖြစ်သည်။

စည်းကမ်းရှိမှတိုးတက်သည်ဟူသော စကားသည်မှန်၏။ ယနေ့ကမ္ဘာတွင် အမေရိကန်၊ ဂျပန်၊ အင်္ဂလန်၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ အီရန်၊ ဂျာမနီ၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်းတို့ တိုးတက်ကြီးပွားကြသည်မှာ စည်းကမ်းလိုက်နာမှုကြောင့်ဖြစ်သည်။

ဤနေရာမှာ ၂၀၁၅ ခုနှစ်က ကြေးမုံသတင်းစာတွင် ဖတ်ရှုမှတ်သားခဲ့ဖူးသော စာရေးဆရာ ဆူဒိုနင်၏ ထိုင်းနိုင်ငံဗန်ကောက်နှင့် ဇင်းမယ်သွားစဉ် တွေ့ကြုံခဲ့ရသော ထိုင်းပြည်သူ၊ ပြည်သားတို့ စည်းကမ်းရှိပုံကို ဤသို့ ရေးဖွဲ့ထားသည်။ ညနေ ၄နာရီခန့်မှာ မိမိ တည်းခိုသည့် ဟိုတယ်နှင့် မျက်နှာချင်းဆိုင်ရှိ လမ်းဘေးဆိုင်တွင် ထမင်းစားပြီး ဘီယာသောက်ရန် မှာလိုက်သည်။ ထိုအခါ စားပွဲထိုးလေးက "ဘီယာမှာ လို့မရဘူး။ မနက် ၁၁ နာရီကနေ နေ့လယ် ၂ နာရီထိ၊ ညနေ ၅ နာရီကနေ ည ၁၂ နာရီထိ ရောင်းခွင့်ရှိတယ်။ ညနေ ၄ နာရီမှာ ဘီယာမရောင်းသေးပါ"ဟုပြောတော့ စာရေးဆရာ ဆူဒိုနင်မှာ အံ့အားသင့်သွားပါသည်ဟူ၍ ဖတ်ရှုဖူးသည်။

တစ်ခါမှာလည်း ဇင်းမယ်မြို့ ညဈေးတန်း လမ်းဘေးစားသောက်ဆိုင်တွင် ဘီယာမှာ သောက်တော့ ဘီယာရောက်လာသည်။ စားပွဲထိုးလေး ပေးသောဘီယာဘူးကိုဖောက်၍ သောက်ခါစအချိန်မှာ ဆိုင်ရှင်က အပြေးအလွှားရောက်လာသည်။ ယနေ့သည် အခါကြီးရက်ကြီးမို့ ဘီယာရောင်းခွင့်မရှိကြောင်း၊ စားပွဲထိုးလေးက မေ့ပြီးပေးလိုက်ကြောင်း၊ ဖောက်လက်စကိုသောက်သွားပါ၊ ပိုက်ဆံပေးရန် မလိုကြောင်း၊ တောင်းပန်ပါကြောင်း ပြောလိုက်ပါသတဲ့။

ဆရာဆူဒိုနင်မှာ အံ့အားသင့်ခဲ့ရပြန်ပါသည်ဟု ရေးဖွဲ့ထားသည်။

တစ်ည ၁၁ နာရီ၊ ၁၂ နာရီခန့်မှာတော့ ဟိုတယ်ပေါ်က ညဈေးမြင်ကွင်းကို ကြည့်လိုက်သောအခါ ညဈေးသည်တို့သည် ဆိုင်ပရိဝုဏ်တွင်ရော၊ စည်ပင်သာယာနယ်နိမိတ်လမ်းတွင်ရော တံမြက်လှည်း၊ ရေဖြင့် တိုက်ချွတ်ဆေးကြောကြရာ ညှော်နံ့ကင်းပြီး စားကြွင်းစားကျန် အစွန်းအထင်းလုံးဝ ကင်းရှင်းကာ အမှိုက်တစ်စမရှိသန့်ရှင်းသပ်ရပ်ပြီး တောက်ပြောင်သွားကြောင်း ရေးဖွဲ့ထားသည်ကို ဖတ်ရှုမှတ်သားဖူးသည်။

ထိုမျှမကသေးပါ။ စည်းကမ်းကို တန်ဖိုးထားသော ဂျပန်လူမျိုးများအကြောင်းကိုလည်း မျှဝေပေးလိုပါသည်။

နိုင်ငံကျော်စာရေးဆရာမကြီး ဂျာနယ်ကျော် မမလေးရေးသောသွေးဝတ္ထုကို ဂျပန်ဒါရိုက်တာကြီးက မြန်မာရုပ်ရှင်အနုပညာ သရုပ်ဆောင်များ၊ ဂျပန်ရုပ်ရှင်အနုပညာသရုပ်ဆောင်များနှင့် သွေးအမည်နှင့်ပင် ရုပ်ရှင်ရိုက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့ မြန်မာနိုင်ငံကို သုံးနှစ်အုပ်ချုပ်ချိန် (၁၉၄၂-၁၉၄၅) ဂျပန်ခေတ်ကာလအတွင်းက ဂျပန်စစ်သားလေးနှင့် မြန်မာကျေးလက်လုံမပျိုတို့၏ ကြေကွဲဖွယ် မေတ္တာဇာတ်လမ်းဖြစ်သည်။ ဂျပန်-မြန်မာချစ်ကြည်ရေးကို ဖြစ်စေမည့် ဇာတ်ကားဖြစ်သည်။ ဂျပန်ဒါရိုက်တာကြီးသည် ထိုဇာတ်ကားကို ခုနစ်နှစ်ကြာအောင် ရိုက်ကူးခဲ့ရသည်ဟု သိရှိရသည်။

ထိုသို့ သွေးရုပ်ရှင်ကို မြန်မာပြည်မှာ မြန်မာရုပ်ရှင်သရုပ်ဆောင်များ၊ ဂျပန်သရုပ်ဆောင်များနှင့် ရိုက်ကူးစဉ် တစ်ခုသောရိုက်ကွင်းပြီးသည့်အခါ ရုပ်ရှင်တစ်ဖွဲ့သားလုံး စားသောက်စွန့်ပစ်ထားသည့် အမှိုက်သရိုက်ဘူး၊ ခွက်တို့ကို ဉာဏ်သည်ဖြစ်သော ဂျပန်ရုပ်ရှင်သရုပ်ဆောင်များက တစ်ခုမကျန် သွက်လက်စွာကောက်ယူရှင်းလင်းသွားကြောင်း သိရသည်။

ဤသို့အားဖြင့် ဂျပန်လူမျိုးတို့၏ ပရဟိတစိတ်ဓာတ်နှင့်စည်းကမ်းကို တန်ဖိုးထားပုံများကား ဂုဏ်ယူဖွယ် ကောင်းလှသည်။

ထို့ပြင် စည်းကမ်းမရှိလျှင် တန်ဖိုးမရှိပါ။ ငှါးမြင်းငါးစိုင်း စစ်ကိုင်းရောက်ရောက်၊ ငှါးလှေငါးထိုး ပဲခူးရောက် ရောက်ဆိုသူများကား စည်းကမ်းကို တန်ဖိုးမထားသူများဖြစ်ကြသည်။ "မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ခဲ့ပြီ" ဟူသော အချုပ်တန်းဆရာဖေ၏ တေးထပ်မှာ စည်းကမ်း၏ အရေးပါပုံကို ညွှန်ပြနေသည်။ တောင်ငူခေတ်က မင်းတရားရွှေထီး၊ တပင်ရွှေထီးသည် စည်းမဲ့ကမ်းမဲ့ နေထိုင်ပေါင်းဖော်သောက်စားမူးယစ်မှုကြောင့် အချိန်မတိုင်မီ နတ်ရွာစံရသည်။ ညောင်ရမ်းခေတ်က သာလွန်မင်းတရားကြီးသည် ဝတ်စားနေထိုင်ရာ၌ စည်းကမ်းမရှိသော သမီးတော်ကို သုံးရက်တိုင်တိုင် စကားမပြောဘဲ အပြစ်ပေးအရေးယူခဲ့ဖူးသည်။

ယနေ့ကမ္ဘာမှာရော မြန်မာမှာပါ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းကို မလေးစားမှု၊ ပေါ့ဆမှုကြောင့် အပြစ်မဲ့ခရီးသွားများ ခန္ဓာပျက်ပြုန်းအသက်ဆုံးရှုံးမှုများကား၊ အမေမွေးသော ခြေလက်အင်္ဂါစုံလင်သည့်ဘဝမှ မော်တော်ဆိုင်ကယ်မတော်တဆမှုကြောင့် ဒုက္ခိတဘဝ ရောက်သွားကြသူများကား ဒုနဲ့ဒေး။ ဆေးရုံများရှိ အရိုးအကြောဌာနများတွင် ထိုသို့သော လူနာများကို တွေ့မြင်ရသည်မှာ စိတ်မကောင်းစရာ၊ ဝမ်းနည်းဖွယ်ကောင်းသော မြင်ကွင်းတစ်ခု ဖြစ်နေသည်။

လွန်ခဲ့သော ၁၀ နှစ်ခန့်က စင်ကာပူမှာ အလုပ်သွားလုပ်ခဲ့ဖူးသော တပည့်မကလေးကလည်း သူ၏ အတွေ့ အကြုံကို ပြောပြဖူးသည်။

တပည့်မကလေးနှင့် သူ့သူငယ်ချင်းတစ်ယောက် အလုပ်အားလပ်ရက်မှာ မြို့ထဲကို လျှောက်လည်ကြသတဲ့။ ထင်ရှားတဲ့ အဆောက်အအုံတွေ၊ အဆင့်မြင့်ကုန်တိုက်တွေ၊ ဥယျာဉ်တွေ၊ ကစားကွင်းတွေအစုံပေါ့။ ပြန်ခါနီးမှာ အချိုရည်ဘူးနဲ့ ရယ်ဒီမိတ်စားစရာတွေ ဝယ်ပြီး ထင်ရှားတဲ့အဆောက်အအုံရဲ့ လှေကားခြေရင်းမှာထိုင်ပြီး အမောဖြေရင်း ဝယ်လာတဲ့ အစားအစာတွေကိုစားကာ အချိုရည်ဘူးခွံတွေကိုအဲဒီနားမှာပဲ အမှတ်တမဲ့ထားပစ်ခဲ့ကြပါသတဲ့။ နောက်သုံးရက်လောက်ကြာတော့ သူတို့လိပ်စာနဲ့ သူတို့ဆီကို အမှိုက်တွေ စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ခဲ့လို့ ဒဏ်ငွေဆောင်ဖို့ အမိန့်စာရောက်လာသတဲ့။ အဲဒီလို စည်းကမ်းမဲ့မှုကြောင့် လစာငွေရဲ့ သုံးပုံတစ်ပုံကို ဒဏ်ကြေးဆောင်ဖို့ပေးခဲ့ရပါသတဲ့။

ထိုအရာများသည် ပေါ့ပေါ့ဆဆပြုမူခဲ့သော လုပ်ရပ်တစ်ခုကြောင့် သိက္ခာကျခဲ့ရပုံဖြစ်သည်။ သင်ခန်းစာယူဖွယ်ကောင်းလေစွ။

ထို့ကြောင့် လူ့ဘဝကြီးပွားတိုးတက်ရေး၏ အသက်သွေးကြောမှာ စည်းကမ်းဖြစ်သည်။ ဇွဲ၊ လုံ့လ၊ သတ္တိတို့သည် ဘဝ၏ အခက်အခဲကို အောင်မြင်စေနိုင်သည်။ ထို့အတူ စည်းကမ်းတည်းဟူသော အဆင်တန်ဆာသည် လူငယ်လူရွယ်တို့ကို လူတော်လူမော်ဖြစ်စေသည်။ စည်းကမ်းရှိခြင်း၊ စည်းကမ်းကို လေးစားလိုက်နာခြင်းက လောကသံသရာနှစ်ဖြာသော အကျိုးကိုဖြစ်စေသည်။ စည်းကမ်းကို လေ့ကျင့်ယူရသည်။ မွေးမြူယူရသည်။ ကျွန်ုပ်တို့တစ်မျိုးသားလုံး၊ ကျွန်ုပ်တို့တိုင်းရင်းသားအားလုံး စည်းကမ်းရှိသော လူမျိုးဖြစ်အောင် ကြိုးစားသင့်သည်။

ကမ္ဘာပေါ်တွင် တိုးတက်သော နိုင်ငံသားတိုင်း စည်းကမ်းလိုက်နာကြသည်။ ကျွန်ုပ်တို့သည်တိုးတက်သောနိုင်ငံဖြစ်လိုက စည်းကမ်းလိုက်နာသင့်သည်။

"လူတော်လူကောင်းဖြစ်လိုက စည်းကမ်းရှိပါ။ တိုင်းပြည်တိုးတက်လိုက လူတိုင်းလူတိုင်း စည်းကမ်းလိုက်နာကြပါ။ စည်းကမ်းကို လေးစားတန်ဖိုးထားကြပါ"ဟူ၍သာ တိုက်တွန်းရေးသားလိုက်ရပါသည်။

# မကွေးမြသလွန်စေတီတော်၏ ၂၅၈၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁၄ ရက်ထိ ကျင်းပမည်



**မကွေး အောက်တိုဘာ ၂**

မကွေးမြို့ မြသလွန်စေတီတော်၏ ၂၅၈၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်ထိ ရက် ၂၀ ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဦးက ပြောပြ၍ သိရသည်။

မြသလွန်စေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားပွဲဈေးအဖြစ် ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော် ခင်းကျင်းရောင်းချနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်(အောက်တိုဘာ ၁၂ ရက်)ကနေ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (အောက်တိုဘာ ၃၁ ရက်)ထိ ကျင်းပမှာဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်ကလာရောက်တဲ့ ဘုရားဖူးပြည်သူတွေအတွက် ဘုရားပွဲဈေးအနေနဲ့ ခင်းကျင်း ရောင်းချနိုင်အောင် စီစဉ်ပေးမှာဖြစ်ပါတယ်။ ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော် စီစဉ်ပေးမှာဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေအတွက် အခမဲ့နားနေဆောင်တွေကို ရေမီးအပြည့်အစုံနဲ့ လူအယောက် ၁၀၀၀ အတွက် စီစဉ်ပေးထားမှာဖြစ်ပါတယ်။ ဗုဒ္ဓပူဇနိယပွဲကတော့ အသံမစဲ မဟာပဋ္ဌာန်းကျမ်းတော်ရွတ်ဖတ်ပူဇော်ပွဲရှိမယ်။ ပဋ္ဌာန်းပွဲသိမ်းတဲ့အခါ သံဃာတော်တွေကို ဆွမ်းကပ်လှူတာနဲ့ ဝတ္ထုငွေလှူဒါန်းတာရှိမယ်။ ပင့်သံဃာတော်အပါး ၁၅၀၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူမယ်။ သီတင်းကျွတ်လပြည့်နေ့ညမှာတော့ ဆီမီး ၉၀၀၀၊ နံ့သာ ၉၀၀၀၊ ပန်း ၉၀၀၀ ပူဇော်ပွဲလုပ်ပါမယ်"ဟု ဦးမြင့်ဦးက ပြောပြသည်။

မြသလွန်စေတီတော်သို့ ပုံမှန်ရက်များတွင် နေ့စဉ်ဘုရားဖူးဦးရေ ၈၀၀ မှ ၁၀၀၀ ထိရှိပြီး လပြည့်နေ့၊ ဥပုသ်နေ့ကဲ့သို့ အခါကြီးရက်ကြီးများတွင် ဘုရားဖူးဦးရေ ၄၀၀၀ ခန့်ထိ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

ASH

# Roofman ရုပ်ရှင်ဇာတ်ကားတွင် မင်းသမီး ကားစတန်ဒန့် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် အောက်တိုဘာ ၂**

Roofman အမည်ရှိ ဖြစ်ရပ်မှန်မှုခင်းရုပ်ရှင် ဇာတ်ကားသစ်၌ မင်းသမီး ကားစတန်ဒန့် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း အောက်တိုဘာ ၁ ရက် သတင်းများအရ သိရသည်။

Roofman ဇာတ်ကားတွင် မင်းသမီး ကားစတန်ဒန့်သည် မင်းသား ချန်နင်းတာတမ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Roofman ဇာတ်ကားသည် ထောင်ဖောက်ထွက်ပြေးလာသည့် တရားခံတစ်ဦး မြောက်ကယ်ရိုလိုင်းနားပြည်နယ် ကုန်ပဒေသာတိုက်ကြီးတစ်ခုအတွင်း လပေါင်းများစွာ ခိုအောင်းနေခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး ကားစတန်ဒန့်သည် ကုန်ပဒေသာတိုက် ဝန်ထမ်းတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

Roofman ဇာတ်ကားကို ဒါရိုက်တာ ဒါရက်စီယန်ဖရင့်ကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ကာ့ဂန်းက ရေးသားပေးထားသည်။

လက်ရှိတွင် Roofman ဇာတ်ကားသစ် ရုံတင်မည့်နေ့ကို ထုတ်လုပ်သူများက ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များကို စက်တင်ဘာလအတွက် လစဉ်ပံ့ပိုးကြေးများပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင် ပညာရှင်များကို ၂၀၂၄ ခုနှစ်စက်တင်ဘာလအတွက် လစဉ်ပံ့ပိုးကြေးများ ပေးအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးကြေးများ ထုတ်ပေးလျက်ရှိရာ သက်ကြီးရုပ်ရှင်ပညာရှင်တစ်ဦးလျှင် ငွေကျပ်တစ်သောင်းကို မပျက်မကွက် လစဉ် ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးကြေးများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။



"သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် အယောက် ၅၀ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ် ပံ့ပိုးပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွက် ပံ့ပိုးကြေးတွေကို အောက်တိုဘာ ၁ ရက်ကစပြီးတော့ ထုတ်ပေးနေတာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင်ကျင်းပမည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရုပ်ကွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ဗဟို)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ဆိုနီ၏ Anaconda ဇာတ်ကားသစ်၌ ဒန်နီယမ်လာမယ်ချား ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် အောက်တိုဘာ ၂**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Anaconda ဇာတ်ကားသစ်တွင် မင်းသမီး ဒန်နီယမ်လာမယ်ချား ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁ ရက် သတင်းများအရ သိရသည်။

Anaconda ဇာတ်ကားသစ်တွင် မင်းသမီး ဒန်နီယမ်လာမယ်ချားသည် မင်းသား ပေါရပ်၊ ဂျက်ဘလက် တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Anaconda ဇာတ်ကားသစ်၌ မင်းသမီး ဒန်နီယမ်လာမယ်ချား ပါဝင်သရုပ်ဆောင်ရမည့်ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားသစ်သည် မူလ Anaconda (1997)ဇာတ်ကားကိုပြန်လည်ရိုက်ကူးမည့်ဇာတ်ကား မဟုတ်ဘဲ အသွင်သစ်ဖြင့် ရိုက်ကူးမည့် ဟာသရုပ်ရှင်ဇာတ်ကားမျိုးဖြစ်ကြောင်း သိရသည်။

မူလ Anaconda ဇာတ်ကားသည် ထိတ်လန့်သည်းဖို အက်ရှင်ဇာတ်ကားမျိုးဖြစ်ပြီး မင်းသမီး ဂျင်နီဖာလိုပက်၊ မင်းသား ဂျွန်ဗွိုက်၊ အိုဝင်ဝီဆင်တို့ ပါဝင်သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Anaconda ဇာတ်ကားသစ်ကို ဒါရိုက်တာ တွမ်ဂေါမင်ကန်ကတာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# သရုပ်ဆောင် ဝေလာရီက မွေးနေ့အထိမ်းအမှတ်အဖြစ် တောင်ဥက္ကလာပမြို့နယ်တွင် လူဦးရေ ၅၀၀ ကို စတုဒိသာကျွေးမွေးလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂**

သရုပ်ဆောင် ဝေလာရီက မွေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် လူဦးရေ ၅၀၀ ကို အောက်တိုဘာ ၁ ရက်က ထမင်းနှင့်ဟင်း အာဟာရဒါနအဖြစ် စတုဒိသာကျွေးမွေးလှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ဝေလာရီက ပြောပြ၍ သိရသည်။

ထိုသို့ လှူဒါန်းရာတွင် သရုပ်ဆောင်ဝေလာရီက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ဇာနည် ၁၂ လမ်းတွင် လူဦးရေ ၅၀၀ ကို ခနေဖြူဒေါ်စောရီ မြန်မာထမင်းဆိုင်မှ ထမင်း၊ ကြက်သားဆီပြန်၊ ငါးဖယ်ဟင်းဆီပြန်၊ ဂေါ်ဖီကြော်၊ သီးစုံပဲကုလားဟင်း၊ ငါးပိရည်တို့စရာ အစုံအလင်နှင့် အအေး၊ မုန့်မျိုးစုံတို့ကို အာဟာရဒါနအဖြစ် စတုဒိသာကျွေးမွေးလှူဒါန်းခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ငွေကျပ်သိန်း ၂၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

"ဝေလာ့အနေနဲ့ မွေးနေ့ကို အခုလို စတုဒိသာမလှူဖြစ်ပေမဲ့ ဆန်၊ ဆီ စတာတွေလှူတာရှိတယ်။ အခုကတော့ ကိုယ့်မွေးနေ့မှာ ထမင်းတွေ အားရပါးရစားတာမြင်ရတာ ဝေလာ့အနေနဲ့ ဒီအလှူအတွက် ပီတိလဲဖြစ်ရပါတယ်" ဟု သရုပ်ဆောင် ဝေလာရီက ပြောပြသည်။

သရုပ်ဆောင် ဝေလာရီသည် လတ်တလော အနုပညာလှုပ်ရှားမှုအနေဖြင့် ကြင်ဖော် အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို သရုပ်ဆောင် နက္ခတ်၊ နေလင်းရိုန်၊ နေထွဋ်၊ စိုးပြည့်သဇင်၊ နော်ဖောအယ်ထား၊ မေပန်းချီ၊ မှူးထိပ်ထား၊ ဆုမြတ်နိုးဇင်၊ အေးသီတာ၊ ဒေါ်ဒယ်ဘီ၊ ဝင်းမင်းသန်းတို့နဲ့အတူ ရိုက်ကူးထားကြောင်း သိရသည်။

ASH

# Kyaiklat Township ships 80,000 baskets of Shwe Thwe Yin rice to Yangon in August


Newly harvested paddy put under sunshine.

**Kyaiklat October 2**

Up to 80,000 baskets of Shwe Thwe Yin rice from Kyaiklat Township, Pyapon District, Ayeyawady Region was shipped to the Yangon during August, said Daw Yee Tun, owner of a rice trading fair from Kyaiklat Towsnhip.

In July, only 50,000 baskets of Shwe Thwe Yin rice were trasported from Kyaiklat Township to Yangon market. The type of rice belongs to the type of broken rice.

"In August, we sold Shwe Thwe Yin rice from Kyaiklat Township to the Yangon market. The sale of Shwe Thwe Yin rice was increased due to the strong demand from the Yangon side. Compared to other rice, in the last month, this type of rice has been traded more. Rice is being shipped and sold by land and water," she said.

The price of Shwe Thwe Yin rice, which was shipped from Kyaiklat Township to the Yangon market in August, was 1,850,000 kyats per 100 baskets. KKL

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Surging demand for tilapia fish boosts sales in Bogale Township

**Bogale October 2**

The sale of tilapia fish from Bogale Township, Ayeyawady Region is good, said Daw Yee Mon, an entrepreneur selling fishery products in Bogale Township.

In the meat and fish market of Bogale Township, from the second week of September until now, the purchase of local tilapia fish has been strong and the sales are good. It is reported that 40 to 70 visses of fish per day are being traded.

"Fishery products from Bogale Township are mainly sent and sold in the Yangon market as well as the local market. Due to the good domestic consumption, there is a strong demand for tilapia fish, so the trade is good. At present, there is a lot of trading in tilapia fish. Because the fish is shipped and sold a lot, it is convenient for entrepreneurs and traders. Now, due to the good demand for fish, fish breeders are breeding more fish. The price of fish is in normal condition," she said. KKL


Tilapia fish for sale at a market.

# Plan underway to grow more than 13,000 acres of groundnut in Sagaing Township

**Sagaing October 2**

A plan is underway to place a total of 13,770 acres of croplands under groundnut plants in coming cold season in Sagaing Township of Sagaing Region, according to the statistics of Sagaing Township Agriculture Department.

Local farmers will grow groundnut plants from October to December this year to meet the target cultivation of 13,770 acres of groundnut in Sagaing Township.

U Zaw Oo, Head of Sagaing Township Agriculture Department explained: "Local authorities earmarked more than 13,000 acres of groundnut in coming cold season. As such, our department will assist in local farmers to grow groundnut for meeting the target cultivation. Sagaing Township is proper to successfully grow groundnut plants. Local farmers expand sown acreage of groundnut year after year."

It is necessary to use 1.5 baskets of groundnut seeds per acre. Local farmers cost more than K200,000 per acre of groundnut for agricultural expenditure, labour charge, fertilizers and pesticides. Each acre of crop yields more than 50 baskets of groundnut per acre.

This year, officials of the township department will inspect groundnut plantations for prevention of pests and weeding for boosting per-acre yield of crops. 206


A thriving groundnut plantation.

# Farmers finish cultivation of cotton on more than 4,000 acres of croplands in Yinmabin District

**Yinmabin October 2**

The statistics of Yinmabin District Agriculture Department stated that a total of 4,872 acres of croplands have been placed under cotton plants in Yinmabin District of Sagaing Region this monsoon.

The district earmarked cultivation of9.705 acres of cotton in monsoon of 2024-25 season. But local farmers planted 685 acres of cotton in Yinmabin Township, 552 acres in Kani Township, 1,875 acres in Salingyi Township and Pale Township 1,760 acres, totalling 4,872 acres against the target cultivation.

Daw Myat Moe Win, Head of Yinmabin District Agriculture Department said: "The district authorities planned to grow more than 9,000 acres of cotton in Yinmabin District but local farmers have planted more than 4,000 acres so far. They continue cultivation of cotton on the croplands. Our department provides quality seeds of cotton to local farmers to grow it in time."

In 2024-25 season, Yinmabin Township earmarked 2,530 acres of cotton, Kani Township 3,270 acres, Salingyi Township 2,050 acres and Pale Township, 1,855 acres, totalling 9,705 acres.

Officials from relevant township Agriculture Departments share agricultural techniques with local farmers for prevention of pests, thriving of crops and boosting per-acre yield.

It needs to cost K350,000 per acre of growing cotton and the crop yields some 1,000 viss of cotton wool. In growing cotton, pigeon pea or onion can be grown as mixed crops to earn increased incomes.

Cotton is grown in 19 townships of Sagaing, Monywa, Yinmabin, Shwebo and Kanbalu districts in Sagaing Region.

206

# YeU Township finishes cultivation of groundnut on more than 11,000 acres of land this year



A groundnut plantation.

**YeU October 2**

The statistics of YeU District Agriculture Department stated that YeU Township has planted 11,052 acres of groundnut this monsoon.

The township earmarked 11,329 acres of groundnut this monsoon but local farmers have planted 11,052 acres of groundnut so far.

U Zaw Myint Tun, Head of YeU District Agriculture Department said: "Local authorities set a plan to grow 11,329 acres of groundnut this monsoon. Local farmers have planted 11,052 acres of groundnut so far. They are trying hard to meet the target cultivation. The oil crops are thriving in the township. Sown acreage of groundnut is on the rise year by year."

Farmers need to cost more than K200,000 per acre for cultivation of groundnut with labour charge and strains of crops in addition to fertilizers and pesticides. They need to use 1.5 baskets of groundnut seeds per acre and it yields more than 50 baskets of seeds per acre.

Officials of the township Agriculture Department make field trips to the croplands for inspecting thriving of crops and prevention of pests as well as weeding of plantations for boosting per-acre of crops.

206

# More than 75,000 acres of green gram planted in KhinU Township

**KhinU October 2**

A total of 75,830 acres of green gram has been planted in KhinU Township of Sagaing Region this monsoon, according to the statistics of KhinU Township Agriculture Department.

In 2024-25 cultivation season, KhinU Township earmarked cultivation of 21,916 acres of pre-monsoon green gram and 63,225 acres of monsoon green gram, totalling 85,141 acres. Local farmers have planted 15,531 acres of pre-monsoon green gram and 60,277 acres of monsoon green gram, totalling 75,830 acres against the target cultivation.

U Nay Win Naing, Head of KhinU Township Agriculture Department said: "Local authorities earmarked cultivation of more than 85,000 acres of green gram in monsoon this year. So far, local farmers have planted more than 75,000 acres of crops. They are trying hard to meet the target cultivation. Officials of the township Agriculture Department shares agricultural techniques with local farmers to expand sown acreage and use quality strains of crops."



A green gram plantation.

This year, officials of Township Agriculture Department disseminate agricultural techniques, quality strains of crops, prevention of pests and systematic use of fertilizers.

Township Agriculture Department assists in provisions of quality strains of seeds, agricultural inputs and post-harvest technology to local farmers.

206

# Plan underway to grow more than 9,000 acres of lablab bean in coming cold season

**Sagaing October 2**

According to the statistics of Sagaing District Agriculture Department, a total of 9,875 acres of lablab bean will be grown in Sagaing District of Sagaing Region this year.

In 2024-25 cold season, Sagaing Township earmarked cultivation of 3,530 acres of lablab bean, Myinmu Township 4,885 acres and Myaung Township 1,460 acres, totalling 9,875 acres.

Daw Thida Lwin, Head of Sagaing District Agriculture Department explained: "In coming winter, Sagaing District will grow more than 9,000 acres of lablab bean and authorities will provide necessary assistance for local farmers to meet the target cultivation. Officials will cooperate with local farmers with provisions of quality strains of crops, agricultural inputs and post-harvest techniques for boosting per-acre yield of crops."

Officials of Township Agriculture Department raise farmer awareness for expanding sown acreage of lablab bean, boosting per-acre yield, using GAP system and quality strains of crops.

The crops produced in GAP system can fetch good prices and higher quality than other crops. Moreover, the former can grasp foreign market share for exportation. Hence, local farmers can earn increased incomes.

206

# Xi says to continue expanding China-Russia all-round practical cooperation

**Beijing October 2**

Chinese President Xi Jinping on Wednesday said that he stands ready to work with Russian President Vladimir Putin to take the opportunity of the 75th anniversary of diplomatic ties to continue expanding all-round practical cooperation.

Xi made the remarks in a congratulatory message sent to Russian President Vladimir Putin on the 75th anniversary of diplomatic ties between the two countries.

China and Russia, both major countries of the world and key emerging markets, are each other's largest neighbor, Xi said.

Since the establishment of diplomatic ties 75 years ago, the two sides have continuously upgraded the quality of bilateral ties based on the fundamental interests of the two countries and two peoples while drawing from historical experience, he added.

Lasting good-neighborliness, comprehensive strategic coordination, and mutually beneficial cooperation have become the most essential features of bilateral ties between China and Russia, Xi said.

He pointed out that since the beginning of the new era in particular, the two sides, under the strategic guidance of both presidents and in the face of profound changes unseen in a century, have continued to deepen political mutual trust, achieved remarkable results in practical cooperation, and won deep support for generations of friendship, making important contributions to improving the well-being of the two peoples and to promoting an equal and orderly multipolar world and inclusive economic globalization that benefits all.

Xinhua

# 2024 World Internet Conference Wuzhen Summit to focus on AI

**Beijing October 2**

The 2024 World Internet Conference (WIC) Wuzhen Summit, slated for November, will focus on artificial intelligence (AI), according to the organizers.

The summit will hold over 20 sub-forums on topics such as the Global Development Initiative, coordinated digital and green development, digital economy, and AI technological innovation and governance, among others.

The WIC will establish a special committee on AI during the summit, the organizers said.

This year's event will also feature new activities including the WIC Distinguished Contribution Award, which will honor individuals and enterprises that have made significant contributions to the global internet sector and relevant sectors.

The summit is set to take place in Wuzhen, east China's Zhejiang Province, from Nov. 19 to 22.

Xinhua




The welcome entrance of the 2023 World Internet Conference (WIC) Wuzhen Summit is pictured in Wuzhen, east China's Zhejiang Province, on Nov. 7, 2023.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က ယူကရိန်းအတွက် ကန်ဒေါ်လာ ရှစ်ဘီလီယံတန်ဖိုးရှိ စစ်ရေးအကူအညီသစ်ကို ထုတ်ပြန်ကြေညာ



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် စက်တင်ဘာ ၂၆ရက်တွင် ယူကရိန်းအတွက် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ တန်ဖိုးရှိသော စစ်ရေးအကူအညီအသစ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံ လုံခြုံရေးအကူအညီပေးရေးအစီအစဉ် (USAI)မှ ကျန်ရှိသော ရန်ပုံငွေများကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်ခွဲဝေပေးမည်ဖြစ်ကြောင်း သမ္မတဂျိုးဘိုင်ဒင်က အတည်ပြုခဲ့ပြီး ယူကရိန်းနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ ခိုင်မာသောကတိကဝတ်ကို ထပ်မံအတည်ပြုပြောကြားခဲ့သည်။

ယခုအကူအညီပေးရေးအစီအစဉ်သစ်တွင် ရန်ပုံငွေသက်တမ်းကုန်ဆုံးခြင်းကို ရှောင်ရှားရန် သီးခြားသတ်မှတ်ပေးထားသော ရန်ပုံငွေယန္တရားတစ်ခုဖြစ်သည့် သမ္မတ၏ အခွင့်အာဏာဖြင့် ထုတ်နုတ်သုံးစွဲခွင့်(PDA) အောက်မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ဘီလီယံ ပါဝင်လာသည်။ USAI က နောက်ထပ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ ပံ့ပိုးရန် ကတိပြုထားသည်။ အဓိကအားဖြင့် Patriot လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များ၊ ဝေဟင်မှ မြေပြင်ပစ်ခဲယမ်းများနှင့် ယူကရိန်း၏ ကာကွယ်ရေးလက်နက်စနစ် ပစ္စည်းကိရိယာများကြံ့ခိုင်ထိန်းသိမ်းရေးနှင့် ပြုပြင်မှုများအတွက် ငွေကြေးပံ့ပိုးမှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၅ ခုနှစ်တွင် F-16 တိုက်လေယာဉ်မှူး ၁၈ ဦးထက်မနည်းလေ့ကျင့်သင်တန်းပေးရေးအတွက် ကတိကဝတ်ပြုခဲ့ပြီး F-16 တိုက်လေယာဉ်မှူးများ ထပ်မံ မွေးထုတ်ပေးနိုင်ရေးအတွက် လုပ်ဆောင်မည့် အစီအစဉ်များကိုလည်း သမ္မတဂျိုးဘိုင်ဒင်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံထုတ် Patriot လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ရာသီဥတုမရွေး အမြင့်အမျိုးမျိုးတွင် ပျံသန်းဝင်ရောက်လာသောပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည့် လက်နက်စနစ်မျိုးဖြစ်သည်။ လေယာဉ်၊ ပဲ့ထိန်းဒုံးကျည်များနှင့် ဒရုန်းများကဲ့သို့သော လေကြောင်းခြိမ်းခြောက်မှုများကို ခုခံကာကွယ်နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး ဂျာမနီ၊ အစ္စရေး၊ ဂျပန်၊ တောင်ကိုရီးယား၊ ပိုလန်နှင့် ယူကရိန်းနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများ တပ်ဖြန့်အသုံးပြုလျက်ရှိကြသည်။ အမေရိကန်နိုင်ငံထုတ် PAC-3 ဒုံးကျည်သည်ပစ်လွှတ်နိုင်သည့် အလေးချိန် ကီလိုဂရမ် ၇၀၀ ရှိပြီး အလျား ၅ ဒသမ ၂ မီတာ ရှည်လျားသည်။ Patriot ဒုံးကျည်စနစ်သည် ထိကွဲ (Hit-To-Kill) နည်းလမ်းဖြင့် ပစ်မှတ်ကို တိုက်ခိုက်ဖျက်ဆီးခြင်းဖြစ်သည်။ ကွဲအားမြင့်မားသည့် ထိပ်ဖူးကိုအသုံးပြုထားသော သမားရိုးကျဒုံးကျည်များနှင့်မတူဘဲ PAC-3 ဒုံးကျည်သည် ပစ်မှတ်ကိုတိုက်ခိုက်ဖျက်ဆီးနိုင်သည့် သက်ရောက်မှုအတွင်း ထုတ်လွှင့်လိုက်သည့် အရှေ့စွမ်းအင်ပေါ် လုံးလုံးလျားလျားမှီခိုနေရသည်။ ဤထိကွဲ (Hit-To-Kill)နည်းပညာကို အစိုင်အခဲလောင်စာသုံးဒုံးပျံမော်တာ တွန်းကန်အားစနစ်ဖြင့် မောင်းနှင်ထားပြီး အကွာအဝေး ကီလိုမီတာ ၂၀ မှ ၃၅ ကီလိုမီတာအတွင်း ပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိမည်ဖြစ်သည်။ Patriot လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်သည် အမြင့်ဆုံးအလျင်နှုန်း Mach 5 သို့မဟုတ် တစ်နာရီလျှင် ၆၁၇၃ ကီလိုမီတာထိ ပျံသန်းတိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

ကမ္ဘာ့ထိပ်တန်း စစ်အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သော ရုရှားနိုင်ငံကိုရင်ဆိုင်ရာတွင် ယူကရိန်း၏ စစ်ရေးစွမ်းအားများကို အဆင့်မြှင့်တင်ပေးရန်မှာ အရေးကြီးကြောင်း အမေရိကန်ဘက်က အလေးပေးပြောကြားခဲ့ပြီး ဆက်လက်ဖြစ်ပေါ်နေသောပဋိပက္ခများတွင် ယူကရိန်းအပေါ် စဉ်ဆက်မပြတ် ကူညီပေးရေးရပ်တည်ချက်ကို ကတိပြုပြောကြားခဲ့ကြောင်း သိရသည်။

**United States Announces Gigantic $8 Billion Military Aid Package For Ukraine. ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံက အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်များဖြင့် အစ္စရေးကို တိုက်ခိုက်

အီရန်က အစ္စရေးကို အောက်တိုဘာ ၁ ရက် တိုက်ခိုက်မှုအတွင်း အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်များ ပထမဆုံးအကြိမ် အသုံးပြုခဲ့သည်ဟု အစ္စလာမ့်တော်လှန်ရေးအစောင့်တပ် (IRGC) က ကြေညာလိုက်ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက အောက်တိုဘာ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီက အစ္စရေးနိုင်ငံ လက်ဘနွန်ရှိ အီရန်ဗိုလ်ချုပ်တစ်ဦး အပါအဝင် ဟားမတ်စ်နှင့် ဟစ်ဇ်ဘိုလာခေါင်းဆောင်များ လုပ်ကြံဖယ်ရှားခဲ့မှုများနှင့်ပတ်သက်၍ လက်တုံ့ပြန်သည့်အနေဖြင့် ဒုံးကျည်အများအပြားအသုံးပြု၍ အီရန်ဘက်က ပစ်လွှတ်တိုက်ခိုက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Fattah-2 အသံထက်မြန်သည့် ဟိုက်ပါဆောနစ် ဒုံးကျည်များကို အစ္စရေးနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးထောက်လှမ်းရေးရေဒါများကို ကျော်ဖြတ်ပျံသန်းနိုင်ရန် တိုက်ခိုက်မှုတွင် အသုံးပြုခဲ့ကြောင်း IRGC ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ အောက်တိုဘာ ၁ ရက် ညနေပိုင်းတွင် အီရန်နိုင်ငံပိုင် မီဒီယာက ဖော်ပြခဲ့သည်။

Operation Honest Promise 2 ဟု အမည်ပေးထားသော အဆိုပါလေကြောင်းတိုက်ခိုက်မှုတွင် အသုံးပြုခဲ့သည့် ဒုံးကျည်များ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ၎င်းတို့၏သက်ဆိုင်ရာဦးတည်ပစ်မှတ်များကို ထိမှန်ခဲ့ကြောင်း၊ ၎င်းတို့မှာ Tel Aviv မြို့တော်အနီးရှိ Tel Nofလေတပ်စခန်းနှင့် ဂါဇာကမ်းမြောင်ဒေသအနီးရှိ Netsarim ဧရိယာတို့ဖြစ်ကြောင်း သိရသည်။ Netsarim ဧရိယာတွင် တပ်ဖြန့်ထားသည့် အစ္စရေးတို့၏ တင့်ကားအများအပြား ဖျက်ဆီးခံခဲ့ရကြောင်း၊ ထို့ပြင် Beersheba မြို့နှင့်ပင်လယ်သေ(Dead Sea) ကြား အလယ်တွင်ရှိသော Nevatim လေတပ် အခြေစိုက်စခန်းမှ အစ္စရေးလေတပ်ပိုင် F-35 တိုက်လေယာဉ်အများအပြားကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း အီရန်က အခိုင်အမာပြောကြားထားသည်။



အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF)က ဝင်ရောက်လာသော ရန်သူ့ဒုံးကျည်အရေအတွက်မှာ အစင်း ၁၈၀ ခန့် ရှိသည်ဟု ခန့်မှန်းတွက်ချက်ထားပြီး အနည်းအကျဉ်းသာ ထိမှန်ခဲ့သည်ဟု မှတ်တမ်းတင်ထားနိုင်ခဲ့ကြောင်း အသိအမှတ်ပြုခဲ့သည်။ IDF ၏ အဆိုအရ ဒုံးကျည်အများစုကို လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များက အောင်မြင်စွာ ကြားဖြတ်နိုင်ခဲ့သည်။ အနောက်ဘက်ကမ်းရှိ Jericho မြို့အနီးတွင် ဒုံးကျည်အပိုင်းအစတစ်ခု ပြုတ်ကျမှုကြောင့် မြေပြင်တွင် သေဆုံးဒဏ်ရာရသူမှာ ပါလက်စတိုင်းနိုင်ငံသား တစ်ဦးတည်းသာဖြစ်ကြောင်း သိရသည်။

အဆိုပါဒုံးကျည် တိုက်ခိုက်မှုသည် ဇူလိုင်လက အီရန်တွင် သေဆုံးခဲ့ရသည့် ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ ဟားမတ်စ်၏ နိုင်ငံရေးခေါင်းဆောင် အစ္စမေးလ် ဟာနီယေး (Ismail Haniyeh) လုပ်ကြံခံရမှုအပြင် ပြီးခဲ့သည့် သီတင်းပတ်က လက်ဘနွန်နိုင်ငံတွင် ဟစ်ဇ်ဘိုလာခေါင်းဆောင် Hassan Nasrallahနှင့် IRGC ဗိုလ်ချုပ် Abbas Nilforoshan တို့ လုပ်ကြံသတ်ဖြတ်ခံရမှုတို့အတွက် လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံက ထုတ်ဖော်ပြောကြားခဲ့သည်။ အစ္စရေးနိုင်ငံက လက်တုံ့ပြန်တိုက်ခိုက်မည်ဟု ကတိပြုထားသော်လည်း အီရန်ဘက်ကလည်း ထိုသို့လက်တုံ့ပြန်တိုက်ခိုက်မှုများကို အင်အားသုံးတုံ့ပြန်သွားမည်ဟု သတိပေးပြောကြားခဲ့သည်။

**Israel struck with hypersonic missiles - Iran ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# သားချော့တေး

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ထီးသုံးနန်းသုံးမဟာဂီတဆိုင်ရာသီချင်းစု၌ ဗိမ္ဗာလွှဲချင်း ခေါ် သားချော့တေးများလည်း ပါဝင်သည်။ ၎င်းကိုပင် 'ဗိမ္ဗာသားကျူး'၊ 'ယေင်တော်ချင်း'၊ 'ဗိမ္ဗာလွှဲချင်း'ဟုလည်း ခေါ်ဆိုကြသေးသည်။ အရပ်သုံးစကားကမူ 'သားချော့တေး'ဖြစ်သည်။ မြန်မာယဉ်ကျေးမှုဆိုင်ရာကဗျာလင်္ကာတို့၌ နန်းသုံးဖြစ်စေ၊ အရပ်သုံးဖြစ်စေ ၎င်းတို့သည် တန်ဖိုးထိုက်သည့် အရာများသာဖြစ်သည်။

ထီးသုံးနန်းသုံး သားချော့တေးတို့သည် အရပ်သုံး သားချော့တေးထက် နေရာပိုရခဲ့သည်။ အဖွဲ့အနွဲ့ အစပ်အဟပ်တို့သည် ထီးသံနန်းသံပါပါစပ်ဆိုထားပြီးလျှင် အယဉ်အနု၊ အသိုင်းအဝိုင်းများဖြင့် လင်္ကာတန်ဆာဆင်မှုများလည်း များပြားသည်။ မင်းတို့ထုံးတမ်း၊ မင်းခမ်းတော်ဆိုင်ရာတို့တွင် သားတော်၊ သမီးတော်များ ဖွားမြင်တော်မူ၍ မြပုခက်တင်မင်္ဂလာကျင်းပသည့်အခါ အမတ်စာဆိုပညာရှိတို့က 'ချေင်း'၊ 'ကဗျာ'၊ 'လင်္ကာ'များကို ရေးသားဆက်သွင်း၍ ဝေါကြီးမှူး၊ ပျော့ကြီးမှူး၊ စာဆိုတော်များက ဖတ်လျှောက်သီဆို၍ ရွှေနားတော်သွင်းကြရသည်။ ထိုချေင်းများသည် သားတော်၊ သမီးတော်နှင့် ၎င်းတို့ ဆွေတော်၊ မျိုးတော်၊ ဘိုးစဉ်ဘောင်ဆက်တို့၏ ဘုန်းလက်ရုံး၊ တန်ခိုးတေဇာတို့ကိုဖွဲ့ဆို၍ ဇာတိမာန်ကို လှုံ့ဆော်ပေးသောအဖွဲ့အနွဲ့များဖြစ်သည်။ ထိုချေင်းမှတစ်ပါး အထိန်းတော်၊ အချီတော်တို့က သားတော်၊ သမီးတော်များကို မြပုခက်တွင်တင်၍ ယေင်ကျူးပြီးလျှင် ချော့မော့ရသောတေးများကို 'ကျူးချင်း'၊ 'လွှဲချင်း'၊ 'ယေင်တော်ချင်း'ဟု ခေါ်ဆိုကြသည်။

မဟာဂီတစာရင်း၌ သားချော့သည့်ပတ်ပျိုး၊ ယိုးဒယား၊ မွန်သံတို့လည်း ပါရှိကြသေးသည်။ 'တွင်းသိင်္ဂါပတ်ပျိုး'ဟူသောအမည်ဖြင့် ထင်ရှားသော 'သိင်္ဂါရွှေရောင်'အစချီပတ်ပျိုးသည် ပုဂံထိပ်ထား၏ မြပုခက်တင်မင်္ဂလာတွင် ပြင်စည်မင်းသားရေးသားဆက်သွင်းသော ဗိမ္ဗာလွှဲချင်းပတ်ပျိုးတစ်ပုဒ်ဖြစ်သည်။ မြဝတီမင်းကြီး၏ 'ရွှေဘုန်းသမ္ဘာရှိန်လေတည့်မှ နေနှုန်းအသမ္ဘိန်'အစချီသောပတ်ပျိုးသည်လည်း အီနောင်ဇာတ်တွင် အီနောင်မင်းသား၏ ကျူးချင်းပတ်ပျိုးဖြစ်သည်။

ဝက်မစွတ်မြို့စားမင်းကြီး မင်းထင်မဟာစည်သူရေးသည့် 'မန်းအောင်မြေခင်း'အစချီပတ်ပျိုး၊ 'စိန်ခြူအုံမှုံညာရွှေ'အစချီ ယိုးဒယားသီချင်းတို့သည်လည်း ယေင်တော်ချင်းများဖြစ်ကြသည်။

ထို့ပြင် ပြင်စည်မင်းသား၏ 'စိန်မြရံခြယ်'အစချီနှင့် 'သောင်းကျေးဒီပါဘွေ'အစချီ မွန်သံတို့သည်လည်း ဗိမ္ဗာလွှဲချင်းဟူသောအမည်ဖြင့် ဂီတနယ်တွင် ထင်ရှားလေသည်။ တော်ဝင်မင်းသုံး သားချော့တေးတို့ကို ထိုနှယ်ထင်ရှားသော စာဆိုပညာရှိကဝိအမော်တို့က ရွှေဘုံနိဒါန်းမင်းခမ်းတော်ဆိုင်ရာလင်္ကာမူ၊ အနုအယဉ်၊ တော်ဝင်သုံးစကားလုံးများဖြင့် ထီးသံနန်းသံဆန်ဆန် ဖွဲ့နွဲ့စပ်ဆိုပေးကြသဖြင့် ခံ့ထည်စွာနေရာရနေခြင်းဖြစ်နိုင်သည်။

ထီးသုံးနန်းသုံးမှ ခွဲထွက်လာသောသီချင်းမှာ လှိုင်ထိပ်ခေါင်တင်၏ 'ရေယမုန်'အစချီ ပတ်ပျိုးပင်ဖြစ်သည်။ လှိုင်ထိပ်ခေါင်တင်သည် ကနောင်မင်းသား၏ကြင်ရာတော်မိဖုရားဖြစ်သည်။ လှိုင်ထိပ်ခေါင်တင်သည် အနောက်နန်းမိဖုရား မမြကလေး၏ သမီးတော်ဖြစ်၍ မမြကလေးသည် သာရဝေါ်ပဲ့နင်းပုံချီနှင့် မယ်အိ၏သမီး အရပ်သူဖြစ်ခဲ့လေသည်။ ထို့ကြောင့်ပင် လှိုင်ထိပ်ခေါင်တင်သည် ထီးရိပ်နန်းရိပ်အောက်တွင် ကြီးပြင်းလာစေကာမူ အရပ်သူဖြစ်ခဲ့သောမယ်တော်သည် အရပ်သုံးသားချော့တေးသီချင်းများဖြင့် ရံဖန်ရံခါ ချော့မော့နှစ်သိမ့်ခဲ့ဟန်ရှိသည်။ ထို့ကြောင့် လှိုင်ထိပ်ခေါင်တင်သည် ထိုသီချင်းတချို့ကို မှတ်မိနေမည်ဖြစ်သည်။ ၎င်းကိုယ်တိုင်ကလည်း တော်ဝင်နန်းသုံး၊ သားချော့နန်းသုံး သားချော့တေးသီချင်းများနှင့် အရပ်သုံးသားချော့တေးသီချင်းများ၏ခြားနားမှုကို ရိပ်စားမိပြီးလျှင် အရပ်သုံးသားချော့သီချင်းများသည် အမြှောက်အပင့်အဖွဲ့အနွဲ့မပါသော်လည်း သာယာနာပျော်ဖွယ်ရှိကာ နှစ်လိုဖွယ်ရာကောင်းပုံကို ပိုင်းခြားသိမြင်ခဲ့ပုံရလေသည်။ ထို့ကြောင့် လှိုင်ထိပ်ခေါင်တင်တွင် သားတော်ကလေး ဖွားမြင်တော်မူ၍ မြပုခက်တင်မင်္ဂလာ ဆင်ယင်ကျင်းပသည့်အခါ အထိန်းတော်၊ အချီတော်တို့က သီဆိုပြီးလျှင် ရွှေနားတော်သွင်းရန် 'ရွှေဖျိုင်းညို'၊ 'ကြောင်ဖားရဲ့မြီးတံတို'၊ 'ဟီးလေးပေါက်ပင်'ဟူသော အရပ်သုံးသားချော့သီချင်းသုံးပုဒ်ကို ထီးသုံးနန်းသုံး လွှဲချင်း၊ ကျူးချင်း၊ ယေင်တော်ချင်းတို့နှင့် တူညီစွာ ထားနိုင်၍ ထီးသုံးနန်းသုံးဘဝရောက်အောင် ရွှေဘုံနိဒါန်းမင်းခမ်းဆိုင်ရာအလင်္ကာဂုဏ်တို့ဖြင့် သိုင်းဝိုင်းဖွဲ့နွဲ့ကာ တန်ဆာဆင်ပြီးလျှင် 'ရေယမုန်'အစချီသော ဗိမ္ဗာလွှဲချင်း ပတ်ပျိုးတစ်ပုဒ်ကို ကိုယ်တော်တိုင်ရေးစပ်ဖွဲ့နွဲ့သီကုံးခဲ့လေသည်။

ထိုပတ်ပျိုးအတွင်း ထည့်သွင်းသုံးစွဲခဲ့သော အရပ်သုံး သားချော့တေးသီချင်း သုံးပုဒ်အနက် 'ရွှေဖျိုင်းညို၊ ရေကန်ရိုး၊ ထိုးတဲ့ငါးရှင်၊ ကျောင်းအောက်ကိုဝင်တယ်လေမှ၊ မကြီးငယ်ရွှေစာသင်' ဟူသောသီချင်းကို ထီးသုံးတော်ဝင်ဖြစ်အောင် "ရေယမုန်၊ အမ္ဗုန်သီတာတိုင်းသို့လေ။ ငှက်လိမ္မာ၊ မကြာခေါင်စေခိုင်းမယ်ပလေး။ တောင်ဝိုင်းစုံလွှင့်၊ မြင့်တိမ်းယံဘွေ။ ရေယာဉ်စီးပါတဲ့၊ မြစ်ကြီးငယ်သောင်ခြေ။ ရွှေရွှေရွှေရောင်သွား။ ငွေငွေငွေရောင်သား။ မြရေယာဉ်မှော်ပင်ကြား၊ မြူးစံတဲ့ငါး။ လေးမယ်ခင်နတ်သွင်ထား၊ ဘုန်းမယ်ရှိ့သား။ နှုတ်ဖျားဝါဝါ၊ ပန်းလွှာငယ်ရွှေသွေး၊ ချီကာယူလို့ပေး။ ကိုယ်မွေးတဲ့သိင်္ဂါဖြူစွာငွေသွေး၊ ကျောင်းဝင်ခဲ့လေး။ ရွှေဘုံသူကလေးတို့၊ ချီအေးသံသာ၊ စုံဆယ်လီရှိရင် ညောင်းတယ်လေး၊ တောင်းယူခဲ့ပါ"ဟူ၍ စပ်ဆိုခဲ့သည်။

"ရေယမုန်၊ အမ္ဗုန်သီတာတိုင်းဟူသောရေအလျဉ်တို့ တသွင်သွင်စီးဆင်းနေသည့်မြစ်ချောင်းများရှိရာ အရပ်သို့ မယ်မယ့်သားတော်ကိုပေးရန်၊ ငါးကောက်ဖို့ရာ ဗျိုင်းအလိမ္မာကလေးကို မယ်မယ်ထိပ်ခေါင်တင်က မကြာမီစေလွှတ်လိုက်မည်။ ဗျိုင်းအလိမ္မာကလေးသည် တောင်ပံနှစ်ဖက်ကို ဝိုင်းနေအောင်စုံခတ်၍ ကောင်းကင်ခရီးဖြင့် ငွေသဲသောင်ပြင်သို့ အလျင်အမြန်သွားပါလေ။ သဲသောင်ခုံသို့ရောက်လျှင် စိမ်းလန်းသောမှော်ပင်များကြား၊ ကြည်လင်သော ရေပြင်အောက်၌ ကူးခပ်သွားလာနေကြသော ရွှေအရောင်၊ ရွှေအဆင်းရှိသည့် ငါးကလေးများကို ငွေအရောင်၊ ငွေအဆင်းရှိသောဗျိုင်းအလိမ္မာကလေးက နှုတ်သီးဝါဝါလေးကြားတွင် ကိုက်ချီယူ၍ဆောင်လာပြီးလျှင် ပန်းလွှာပန်းချပ်တမျှနုနယ်သော လှိုင်ထိပ်ခေါင်တင်၏ ရွှေသွေးသားတော်ကလေးကို ပေးရန် ကျောင်းအောက်သို့ဝင်လှည့်ပါ။ ငါးကလေးကိုချီ၍ ကျောင်းအောက်သို့ဝင်လာသော ဗျိုင်းအလိမ္မာကလေးထံမှ မင်္ဂလာဧယျာရွှေဘုံမြို့သူ အထိန်းတော်၊ အချီတော်တို့က ဗျိုင်းကလေးကို ချော့မော့၍ ငါးကိုတောင်းယူခဲ့ကြပါ"ဟူ၍ ဆိုလိုရင်းဖြစ်သည်။

ထို့နောက် 'ကြောင်ဖားရဲ့မြီးတံတို၊ အဆီကိုစားပါလို့၊ အသားကိုမျို၊ ကြောင်အိုပေမေ့း၊ ကိုက်ပါနဲ့လေး'ဟူသောသီချင်းကို ထီးသံနန်းသံဆန်စွာ ဖွဲ့နွဲ့ပြန်သည်မှာ "နွဲ့နွဲ့မာန်ကိုးငယ်နှင့်၊ အိုဆိုးလိုက်တာ။ မြမျက်ရည်ဂေါ်ဇင်ညှာက၊ ငိုရှာလုနီး။ မေ့မောင်ကြီးရယ်တဲ့ စိန်ကြိုးသွယ်၊ ဟာ…တိတ်ပကွယ်၊ ကြောင်ညိုဖားငယ်လေး၊ စားတတ်လှတယ်"ဟု ဖွဲ့နွဲ့ထားသည်။

> ❖ သားချော့တေးတို့သည် တေးဂီတအစကပင် ရှိနိုင်သည်။ ထို့ကြောင့်ပင် 'တေးကဗျာအစ၊ ကလေးချော့က'ဟု ဆိုကြခြင်းဖြစ်သည်။ နေရာဒေသနှင့် ဓလေ့ထုံးစံအလိုက် စပ်ဆိုကြခြင်းသာဖြစ်၍ အကြောင်းခြင်းရာနှင့် တေးကဗျာစာသားတို့ ကွဲပြားမှုရှိစေကာမူ ယေဘုယျအားဖြင့် သားချော့တေး၊ သားချော့ကဗျာတို့၏ စဉ်လာအတိုင်း အေးငြိမ့်သာယာစွာစပ်ဆိုကြမည်သာဖြစ်သည်။ ခက်ခဲနက်နဲသောစကားလုံးများမပါဘဲ ကလေးများ၏ဝန်းကျင်၌ တွေ့လွယ်၊ မြင်လွယ်၊ သဘောပေါက်လွယ်နိုင်သော အကြောင်းခြင်းရာတို့ကိုသာ တေးသား၊ စကားလုံးများအဖြစ် ဖန်တီးသုံးနှုန်းထားကြသည်။ ❖

ဆိုလိုရင်းမှာ "ဂေါ်သဇင်အညှာကဲ့သို့ နုနယ်လှသောသားတော်သည် မယ်မယ့်ကို နွဲ့ဆိုးဆိုးပြီးလျှင် မျက်ရည်ပေါက်ကြီးများကျလုနီးငိုနေပြန်လေပြီ။ စိန်ကြိုးသွယ်ကဲ့သို့ ရှုချင်ဖွယ်ကောင်းသော သားတော်မောင်၊ အငိုမတိတ်ပါက ကြောင်ညိုဖားကြီးလာ၍ ကိုက်စားပေလိမ့်မည်"ဟူ၍ ပြောလိုခြင်းဖြစ်သည်။

"ဟီးလေးရယ်တဲ့ပေါက်ပင်၊ ရေပေါ်လွှမ်းပါတဲ့၊ ကန်စွန်းပင်၊ နေဝင်ခါနီး၊ ကန်စွန်းသီး"ဟူသော အရပ်သုံးသီချင်းကို ထီးသုံးနန်းသုံးဆန်စေရန် "ရေပေါ်မှာလွှမ်းပါတဲ့၊ ကန်စွန်းနွယ်။ ဒေါင်းဖလ်ဝါရောင်စုံကွယ်တော့၊ ခိုင်ရွှေနွယ်သီး၊ ဇမ္ဗူရည်ထီးမှာတဲ့၊ အငြီးတော်ပြေ၊ ယိုလေးသံသာ၊ စိန်ရိုးညှာလွှဲမယ်လေး၊ နွဲ့ဟန်လို့သာ"ဟူ၍ဖြစ်သည်။

နေဝင်သည်ကို 'ဒေါင်းဖလ်ဝါရောင်စုံကွယ်တော့' ဟူ၍လည်းကောင်း၊ ကန်စွန်းသီးကို 'ခိုင်ရွှေနွယ်သီး' ဟူ၍လည်းကောင်း ထီးသံနန်းသံပါပါ သုံးနှုန်းထားသည်။ ထိုအပိုဒ်တွင် 'စိန်ရိုးစိန်ရွက်အခက်အညှာနှင့်တူသော သားတော်မောင်အငြီးတော်ပြေစေရန် မယ်မယ်က 'ဟီးလေးပေါက်ပင်'သီချင်းဖြင့် ယိုယီးလေးယီးဆိုပြီးလျှင် မြပုခက်ကိုလွှဲ၍ သိပ်ပါမည်၊ မယ်မယ့်သားတော်ကလေးသည် အိပ်ပါလေတော့' ဟူသော အဓိပ္ပာယ်ဖြင့် ဖွဲ့နွဲ့ထားသည်။

လှိုင်ထိပ်ခေါင်တင်၏ ဉာဏ်စူးရောက်မှုကြောင့် အရပ်သုံးသားချော့တေးသီချင်းသုံးပုဒ်သည် ရွှေနန်းစဉ်မဟာဂီတဝင်ဗိမ္ဗာလွှဲချင်းပတ်ပျိုးဟူသော ထည်ဝါခံ့ညားသည့်အမည်နာမကို ခံယူရသည့် ထီးသုံးနန်းသုံးယေင်တော်ချင်း သီချင်းများ ဖြစ်လာခဲ့ပေသည်။ သားချော့တေးတို့သည် သားချော့ကဗျာများဖြစ်ကြသည်။ အဖွဲ့အနွဲ့ဟူသမျှကို 'ဂီတဟူ၍လည်းကောင်း၊ ကဗျာဟူ၍လည်းကောင်း၊ လင်္ကာဟူ၍လည်းကောင်း၊ သီချင်းဟူ၍လည်းကောင်း အမည်လေးမျိုးဖြင့် ခေါ်ဝေါ်ကြသဖြင့် တေးခေါ်ခေါ်၊ ကဗျာခေါ်ခေါ် ခေါ်နိုင်ကြခြင်းဖြစ်သည်။ အမည်လေးမျိုးတွင် ဂီတ၊ လင်္ကာဟူသော အမည်နှစ်မျိုးတို့သည် ပါဠိဘာသာဖြင့်ခေါ်သော အမည်များဖြစ်ကြ၍ ကဗျာဟူသောအမည်မှာ သက္ကတဘာသာဖြင့်ခေါ်သော အမည်ဖြစ်ကာ သီချင်းဟူသောအမည်မှာ မြန်မာဘာသာဖြင့်ခေါ်သောအမည်ပင်ဖြစ်သည်။

"ကဝိနော-စာရေးဆရာကဗျာပညာရှိ၏၊ ဣဒံ-ဥစ္စာဖြစ်သောသီချင်းတည်း၊ ဣတိ-ထို့ကြောင့်၊ ကဗျံ-ကဗျာမည်၏"ဟုဆိုထားရာ ကဗျာစာရေးဆရာပညာရှိ၏ ဥစ္စာဖြစ်သောသီချင်းသည် ကဗျာပင်ဖြစ်လေသည်။

'အလံကရောတီထိအလင်္ကာရော'ဟူသည့် ကိတန္တသမာသ်ကိတ်ဝိဂြိုဟ်၏ ဖော်ပြမှုအရ "သောဝစနပဗန္ဓော-အကြင်စကားအဖွဲ့အစဉ်သည်၊ အသံ-နား၏တန်ဆာကို၊ ဝါ-နား၏တန်ဆာဖြစ်သောအသံကို၊ ဝါ-အသံကိုနား၏တန်ဆာဖြစ်အောင်၊ ကရောတိ-ပြုတတ်၏။ ဣတိ-ထို့ကြောင့် သောဝစနပဗန္ဓော-ထိုစကားအဖွဲ့အစဉ်သည်၊ အလင်္ကာရော-အလင်္ကာရမည်၏"ဟုဆိုထားရာ နား၏တန်ဆာသဖွယ်ဖြစ်သောအသံကို ပြုတတ်ခြင်းသည် သီချင်းပင်ဖြစ်သည်။ အလင်္ကာရဟုဆိုထားသဖြင့် အစဖြစ်သော'အ' နှင့်အဆုံးဖြစ်သော'ရ'တို့ ကြာသော်ရွေ့လျားသွားကြသဖြင့် လင်္ကာဖြစ်လာသည်ဟုလည်း ဆိုကြသည်။

အကြောင်းချင်းတတို့ကို သီဆိုသောကြောင့် သီချင်းမည်၏ဟု ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်းတွင် ဆိုထားသည်။ ၎င်းကျမ်းတွင် 'ချင်းသီ'ဟုဆိုသင့်လျက် အက္ခရာရှေ့နောက်ပြန်သောနည်းဖြင့် 'သီချင်း'မည်သည်ဟု မှတ်ယူခိုင်းလေသည်။ ထို့ကြောင့် ကဗျာ၊ လင်္ကာ၊ သီချင်းဟူသည်မှာ အမည်သာကွဲ၍ တရားကိုယ်သဘောအားဖြင့် တစ်မျိုးတည်းသာဖြစ်ကြသဖြင့် သားချော့တေးခေါ်ခေါ်၊ သားချော့ကဗျာခေါ်ခေါ်၊ ဗိမ္ဗာလွှဲချင်းခေါ်ခေါ် တစ်မျိုးတည်းသာဖြစ်ကြောင်း နားလည်ထားမိသည်။ နွဲ့ဆိုးဆိုးလျက် တအာအာတအီအီ ကန်ကျောက်ငိုမြည်နေသော မိမိတို့၏ ရင်သွေးနုနယ်ကွေးလွေးကလေးသူငယ်တို့ကို သာယာငြိမ့်ညောင်းသောအသံတို့၌ အာရုံစိုက်၍ အိပ်ပျော်စေလိုသည့် မိခင်၏စေတနာရင်းကို ရောက်ရန်သာ အရေးကြီးသည်။ ထီးနန်းအတွင်း၌ဖြစ်စေ၊ အရပ်အတွင်း၌ဖြစ်စေ ကလေးတို့အိပ်ပျော်စေရန် ချော့သိပ်ရင်း သို့မဟုတ် ပုခက်လွှဲရင်းသီဆိုကြသောသီချင်းများဖြစ်၍ ၎င်းတေးကဗျာအစုတို့ကို ကလေးချော့တေး၊ ကလေးချော့ကဗျာ၊ ဗိမ္ဗာလွှဲချင်းဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

သားချော့တေးတို့သည် တေးဂီတအစကပင် ရှိနိုင်သည်။ ထို့ကြောင့်ပင် 'တေးကဗျာအစ၊ ကလေးချော့က'ဟု ဆိုကြခြင်းဖြစ်သည်။ နေရာဒေသနှင့် ဓလေ့ထုံးစံအလိုက် စပ်ဆိုကြခြင်းသာဖြစ်၍ အကြောင်းခြင်းရာနှင့် တေးကဗျာစာသားတို့ကွဲပြားမှုရှိစေကာမူ ယေဘုယျအားဖြင့် သားချော့တေး၊ သားချော့ကဗျာတို့၏စဉ်လာအတိုင်း အေးငြိမ့်သာယာစွာ စပ်ဆိုကြမည်သာဖြစ်သည်။ ခက်ခဲနက်နဲသောစကားလုံးများမပါဘဲ ကလေးများ၏ဝန်းကျင်၌ တွေ့လွယ်၊ မြင်လွယ်၊ သဘောပေါက်လွယ်နိုင်သော အကြောင်းခြင်းရာတို့ကိုသာ တေးသား၊ စကားလုံးများအဖြစ် ဖန်တီးသုံးနှုန်းထားကြသည်။ သားချော့တေး၊ သားချော့ကဗျာသည် မိခင်တို့ရှိနေသရွေ့ တည်ရှိနေမည်သာဖြစ်သည်။ မိခင်၏သားချော့တေးကို နားစွဲလျက် ဖွံ့ဖြိုးကြီးထွားလာသော သား၊ သမီးတို့သည် ထိုသားချော့တေး၊ သားချော့ကဗျာတို့ကို ဆင့်ကမ်းသယ်ဆောင်လျက် ဖြန့်ဝေကြီးထွားနေလိမ့်မည်ဟု ယုံကြည်နေမိပါတော့သည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၀)**
- **ကဗျာစွယ်စုံကျမ်းကြီး**
  **(ဓမ္မာစရိယ ဦးထွန်းရွှေ)**

# ကာကွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများတိုးပွားလာစေရန်ရည်ရွယ်၍ ကာကွယ်ရေးဝန်ကြီး ဌာနနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့်တာဝန်ရှိသူများ၊ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)ကိုရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာဗျူဟာစီမံချက်တွင် တားဆီးကာကွယ်ခြင်း၊အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းလုပ်ငန်းစဉ်များ ပါဝင်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှထိခိုက်စေနိုင်သည့် အဂတိလိုက်စားမှုများလျော့နည်းကျဆင်းသွားစေရေးသည် အလွန်အရေးကြီးကြောင်း၊အဂတိလိုက်စားမှုသည်အကျင့်ပျက်ခြစားမှုများနှင့် လူများ၏ စိတ်ဓာတ်နှင့်စာရိတ္တများပျက်စီးစေပြီး နိုင်ငံအတွက် အန္တရာယ်ဖြစ်သဖြင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် ပြဋ္ဌာန်းထားပြီး ထိရောက်သည့်ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊အဂတိလိုက်စားမှုလျော့နည်းကျဆင်းစေရေးဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းဖြင့်ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်သည့်အတွက် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေးနှင့်အကျင့်ပျက်ခြစားမှုများ မရှိစေရေးအခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထား လုပ်ဆောင်သွားကြရန်ပြောကြားခဲ့ပါကြောင်း။

မိမိတို့နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်အရ နိုင်ငံ့ဝန်ထမ်းများ၏ကဏ္ဍသည် အရေးကြီးသည့်နေရာတွင် ပါဝင်နေသည့်အတွက် ဝန်ထမ်းအဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုများ များလာပါက နိုင်ငံတော်၏ စွမ်းဆောင်မှုသည်လည်း ကျဆင်းလာမည်ဖြစ်ပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှု၊ အာဏာကို အလွဲသုံးစားပြုလုပ်မှုများကြီးမားကျယ်ပြန့်လာမှုကိုအချိန်မီတားဆီးကာကွယ်မှုများမလုပ်နိုင်ပါက နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ်ခြိမ်းခြောက်မှုများလည်းဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိကင်းစင်စွာဖြင့်ပြည်သူလူထုအပေါ် ဝန်ဆောင်မှုပေးရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ကျောသားရင်သားမခွဲခြားဘဲ သာတူညီမျှစိတ်ဖြင့် ဆက်ဆံရန်၊ မိမိတာဝန်ကို မိမိကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုများကိုတိုက်ဖျက်ရာတွင် အသိပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့်နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့်အရွေ့တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံ့တာဝန်ကိုရိုးသားဖြောင့်မတ်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးကဏ္ဍများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍများကိုရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော ဝန်ထမ်းများကသိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောမြို့ မြို့မပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ကလောမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ဆီနှင့်စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကလောမြို့ပေါ်ရပ်ကွက်များကို ရွှံ့လျှားရေသန့်စင်ကားဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်ကြီးမြို့နယ် သံတဲကျေးရွာသို့ရောက်ရှိကာ တောင်ကြီးမြို့နယ်အတွင်းရှိ ဆီထွက်သီးနှံနေကြာစိုက်တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တောင်ကြီးမြို့နယ်အတွင်း နေကြာစိုက်သမဝါယမအသင်းငါးသင်း၊အသင်းသားတောင်သူ ၁၅၆ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၇၀၀ အတွက် ရေဆင်းစပ်မျိုး-၁နေကြာမျိုးစေ့များ၊ သွင်းအားစုဓာတ်မြေသြဇာများ၊ ရုက္ခဓာတ်ဖျန်းဆေးရည်များကို အသင်းသားတောင်သူများထံသို့လည်းကောင်း၊ ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တောင်ကြီးမြို့နယ် မိုင်းသော်(အနောက်)ကျေးရွာအုပ်စု ပန့်ပုန်းကျေးရွာအတွက်ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း(Smart Village) ရန်ပုံငွေကျပ်သိန်း ၄၀၀ နှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ တို့ကို ကျေးရွာကော်မတီဝင်များထံသို့လည်းကောင်းပေးအပ်ကြသည်။

ဆက်လက်၍ ညောင်ရွှေမြို့ ရွှေရတုဆွမ်းစားကျောင်း၌ရောက်ရှိနေသော ညောင်ရွှေမြို့နယ်အတွင်းမှရေသင့်ပြည်သူများကို သွားရောက်တွေ့ဆုံအားပေးပြီး ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဟိုပုံးမြို့နယ် စံဖူးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီနှင့်စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ဟိုပုံးမြို့နယ်အတွင်း စံဖူးကျေးရွာအပါအဝင် ကျေးရွာ ၁၆ ရွာ၌ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျေးရွာရေပေးရေးလုပ်ငန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ရန်အတွက် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ စီကိုလည်းကောင်းထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဟိုပုံးမြို့၌ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ အမျိုးသမီးများအတွက် ဝင်ငွေတိုးရေးဆောင်ရွက်မည့် လုပ်ငန်းအဖြစ် သင်တန်းသူ ၁၄ ဦးဖြင့်ဖွင့်လှစ်ပို့ချလျက်ရှိသော အခြေခံစက်ချုပ်နည်းပညာသင်တန်းမှ သင်တန်းသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ ထူးချွန်သူသင်တန်းသူများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဘာသာရေးအသင်းအဖွဲ့များ၊ စာပေယဉ်ကျေးမှုအသင်းအဖွဲ့များမှ ခေါင်းဆောင်များနှင့်တွေ့ဆုံ၊ ကရုဏာလက် လူငယ်ပြုစုပျိုးထောင်ရေးစခန်းမှ လူငယ်များကို ဆန်နှင့် စားသုံးဆီများ ထောက်ပံ့

မြစ်ကြီးနား အောက်တိုဘာ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်နယ်အတွင်းရှိဘာသာရေးအသင်းအဖွဲ့ ၁၆ ခုမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့နိုင်ငံနှင့် မိမိတို့ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆွေးနွေးအဖြေရှာညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဘာသာတရား၏ အဆုံးအမအောက်တွင် တည်ငြိမ်အေးချမ်းရေးနှင့်ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်ရေး ဆုတောင်းဆက်ကပ်အပ်နှံပေးကြရေးနှင့် ပေါင်းစပ်ဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် အားလုံးကပွင့်လင်းရင်းနှီးစွာတင်ပြ ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားတက်ရောက်လာကြသည့် ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက သာသနာပြုလုပ်ငန်းများတွင်




လိုအပ်ချက်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးရမည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးကြပြီး ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)မှ သိက္ခာတော်ရဆရာတော်နှင့် ကက်သလစ်အသင်းတော်ဖသာတို့က ဆုတောင်းဆက်ကပ်ပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူအဆိုပါအစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၄ ခုမှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အားလုံးပါဝင်နိုင်သောဆွေးနွေးပွဲကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ တိုင်းရင်းသားမျိုးနွယ်စုခေါင်းဆောင်များအနေဖြင့် မိမိတို့ပြည်နယ်၊မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးအတွက် ပါဝင်သင့်သည့်နေရာမှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားခေါင်းဆောင်များက စာပေယဉ်ကျေးမှုနှင့် အမွေအနှစ်များထိန်းသိမ်းရာတွင် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဖြည့်စွက်သုံးသပ်ရှင်းလင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ညှိနှိုင်းပေါင်းစပ်၍ ဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ကရုဏာလက်လူငယ်ပြုစုပျိုးထောင်ရေးစခန်းသို့ သွားရောက်ပြီး စခန်းအတွက် ဆန်အိတ် ၅၀ ၊ ဆီ ၁၀ ပိဿာပုံး ၁၀ ပုံးနှင့် ငွေကျပ်သိန်း ၅၀ ကို ကျောင်းတာဝန်ခံထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ရှေ့ဖုံးမှအဆက်**

ဆီထွက်သီးနှံအထူးဇုန် မြေပဲ၊ နှမ်း၊ နေကြာဧက ၃၅၀ စိုက်ခင်းရှိတောင်သူ ဦးမိုးကျော်သူ၏ မိုးနေကြာ(ဆင်းရွှေကြာ-၂)နှင့် မိုးမြေပဲ(မကွေး-၁၂)စိုက်ခင်း၊ တောင်သူ ဦးအေးလင်း၏ မိုးနေကြာ(ဆင်းရွှေကြာ-၂)စိုက်ခင်း၊ တောင်သူ ဦးမြင့်အောင်၏ မိုးနှမ်း(စမုံနက်)စိုက်ခင်းတွင် ပေါင်းလိုက်ခြင်း၊ သမန်းနှိုးခြင်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်အောင်မြို့ သဘာဝမီးစက်လမ်းရှိ“ကောင်းသန့်”ဆီစက်သို့သွားရောက်၍မြေပဲ၊ နေကြာဆီများကြိတ်ခွဲထုတ်လုပ်မှု၊ ကုန်ကြမ်းရရှိမှု၊ ဈေးကွက်ရရှိမှုအခြေအနေများ၊ ယခင်နှစ်များထက်နေကြာဆီပိုမိုကြိတ်ခွဲရရှိမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပြီးနောက် မြန်အောင်မြို့ အမှတ်(၄) ရပ်ကွက်၌ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့်တိုင်းရင်းသားဘာသာရပ်သင် ဆရာ၊ ဆရာမများက Tablet များဖြင့် တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူနေမှု၊ ပြည်သူ များက စိတ်ပါဝင်စားစွာဖြေကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်အောင်မြို့ အောင်ဇေယျအားကစားခန်းမတွင် ပြုလုပ်သည့် တွေ့ဆုံပွဲသို့တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများချမှတ်နိုင်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိနိုင်မည့်တစ်ခုတည်းသော စီမံကိန်းဖြစ်၍ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင် ရွက်ကြရမည်ဖြစ်ပါကြောင်း၊ပြည်သူများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍ၌ မိမိတို့တိုင်းဒေသကြီးတည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များမှ တောင်သူများထံသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ အောက်တိုဘာ ၄ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

# FPTP စနစ်ချည်းသာလော ... PR စနစ်ကိုလည်း ပါစေချင်ပါသည်

**နိုင်ငံရေးသမားဟောင်းတစ်ဦး**

ဘဝသက်တမ်း တစ်ဝက်လောက်ကို နိုင်ငံရေးနယ်ပယ်ထဲတွင် ကျင်လည်နေခဲ့သော ကျွန်တော်သည် မီးစာကုန်ဆီခန်းသည့်အချိန် မရောက်သေးသရွေ့ နိုင်ငံ့အရေးအတွက် နိုင်ငံရေးတွင် ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေဦးမည်သာ....။ နိုင်ငံ့အရေးအတွက် နိုင်ငံရေးလုပ်ဖို့ ဆိုလျှင်လည်း မသေချာမရေရာသော မဲဆွယ်စကားများ၊ မဟုတ်မမှန် လုပ်ကြံရေးသားသော နိုင်ငံရေးဇာတ်လမ်းများကြား တံလျှပ်ရေထင် ရွှေသမင်အလိုက်မမှားစေဖို့အတွက် သမိုင်းကျေကြဖို့တော့ လိုပါသည်။ ဖြစ်ချင်သောဆန္ဒများထက် အဖြစ်သင့်ဆုံးအရာများကို အကောင် အထည်ဖော်ရန်အတွက် နိုင်ငံသားတိုင်း နိုင်ငံရေးရေချိန်ပြည့်ဝနေဖို့ လည်း လိုအပ်လှပေသည်။ လက်ရှိတွင် နိုင်ငံတော်ကိုအုပ်ချုပ်နေသော တည်ဆဲအစိုးရက လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်နေကြောင်း ကြားသိရ ပြီးနောက် ထိုရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကျွန်တော့် အမြင်ကို စာဖတ်သူတို့သိရှိနိုင်ရန် ရေးသားလိုက်ရပေသည်။

လွတ်လပ်ရေးရပြီးချိန်ကစလို့ မြန်မာနိုင်ငံ၏ ပါတီနိုင်ငံရေးသမိုင်း ကို လေ့လာကြည့်မည်ဆိုပါက ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့သည့် အချိန်တွင် ဖဆပလပါတီကသာ အနိုင်ရခဲ့သည်။ အခြားသောပါတီများ က အိမ်ဖြည့်အဖြစ်မျှသာ ပါဝင်နိုင်သည်။ အတိုက်အခံအဆင့်ထိ ရပ်တည်နိုင်ခြင်းမျိုးမရှိခဲ့ပါ။ ဖဆပလ တစ်ပါတီထဲမှာပင် အာဏာကို ဆက်တိုက်ရလာသည့်အခါ ပါတီတွင်းအကွဲအပြဲမှာ ထိန်းသိမ်းမရ အောင်ပေါ်လာခဲ့သည်။ ဦးဗိုလ်သခင်ဆိုသော စကားရပ်သည် ထိုစဉ်က ပေါ်လာသည့်စကားဖြစ်သည်။ ၁၉၅၈ ခုနှစ် ဖဆပလပါတီဝန်ကြီးချုပ် ဦးနုကိုယ်တိုင်က သူတို့အစိုးရအဖွဲ့(ပါတီ) အကွဲအပြဲဆိုးရွားလာသည့် အတွက် ထိုစဉ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ကို အိမ်စောင့်အစိုးရအဖြစ် လွှဲပြောင်းပေးခဲ့သည်။

ထိုတုန်းက အိမ်စောင့်အစိုးရဆိုတာ တပ်ကလူတွေချည်းမဟုတ်ခဲ့ ပါ။ အရပ်သားပညာရှင်တွေ အများကြီးပါပါသည်။ ၁၉၆၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပပေးခဲ့သည့်အခါ ဖဆပလမှ သန့်ရှင်းနှင့်တည်မြဲ ကွဲသွားကာ သန့်ရှင်းဖဆပလကအနိုင်ရ၍ အစိုးရဖွဲ့နိုင်ခဲ့သည်။ ပြည်ထောင်စုပါတီဟု အမည်ပြောင်းသည်။ ၁၉၆၂ ခုနှစ်တွင် ပြည်နယ် များ သီးခြားခွဲထွက်ခွင့် ဖက်ဒရယ်မူကို တောင်းဆိုလာကြသည်။ ဤပြဿနာမှာ တိကျသောအဖြေပေါ်ထွက်မလာဘဲ ငြင်းခုံခြင်းဖြင့် အချိန်များကုန်လွန်ခဲ့သည်။ ကြာလာလျှင် တိုင်းပြည်ပြိုကွဲတော့မည့် အခြေအနေပေါ်လာသဖြင့် တပ်မတော်က နိုင်ငံတော်၏အာဏာ အရပ်ရပ်ကို ထိန်းသိမ်းလိုက်ရသည်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ပေါ်လာကာ အစိုးရတစ်ရပ်ပေါ်လာခဲ့သည်။ နိုင်ငံရေးသမားအချင်းချင်း စိတ်ဝမ်းကွဲပြားမှုမရှိစေရန်အတွက် ပါတီ ပေါင်းစုံမှ ခေါင်းဆောင်များကို တစ်ပါတီစနစ်တွင် ပါဝင်စေခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုသည်မှာ ပါတီပေါင်းစုံပါဝင်ဖွဲ့စည်း ကာ ဆိုရှယ်လစ်စနစ်ဖြင့် နိုင်ငံကိုတည်ဆောက်ခဲ့သည်။

မြန်မာ့နိုင်ငံရေးတွင် တစ်ပါတီစနစ်ကိုလေ့လာသည့်အခါ နိုင်ငံ တိုးတက်စေရေး စီးပွားရေးမူဝါဒပြောင်းသင့်သည့်အချိန်တွင် မပြောင်း ခဲ့သည့်အတွက် နိုင်ငံစီးပွားရေးများစွာ ကျဆင်းခဲ့သည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းကြီးတစ်ရပ် ပေါ်ပေါက်လာကာ အုပ်ချုပ်မှု ယန္တရားများ ရပ်ဆိုင်းသွားခဲ့သည်။ ဤနေရာတွင် စာရေးသူအနေဖြင့် ယနေ့လူငယ်များမသိသေးသည့် အချက်အချို့ကို ဖော်ပြချင်ပါသည်။ ထိုစဉ်က နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က စစ်အုပ်ချုပ်ရေး ရုပ်သိမ်းကာ ဒီမိုကရေစီပေးခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်ဖွဲ့သည်။ ပါတီဖွဲ့ပြီး ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်စေသည်။ သို့သော် ပြည်ပက သွေးထိုးနှောင့်ယှက်မြှောက်ပင့်ပေးမှုကြောင့် ဒီမိုကရေစီ မဟုတ်တော့ ဘဲ အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ လူသတ်ခေါင်းဖြတ်သည့်အပြင် ဖျက်ဆီးမှုများပြုလုပ်ခဲ့သည်။ အုပ်ချုပ်ရေးယန္တရား ပျက်သွားသည့် အတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ရသည်။

ဒီနေရာမှာ ကျွန်တော်သည် မျှတသောအမြင်ဖြင့် ရေးသားလိုပါ သည်။ နဝတ/နယက လက်ထက်တွင် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းတွေအများကြီးလုပ်ခဲ့သည်။ သူတို့ဆောက်ပေးထားသည့် လမ်းတံတားတွေ၊ အဆောက်အအုံတွေ၊ နောက်ဆုံးတက္ကသိုလ်တွေ အများကြီးပြစရာကျန်ခဲ့သည်။ပြည်သူများတောင့်တနေသည့် ဒီမိုကရေစီ စနစ်ကို စနစ်တကျအကောင်အထည်ဖော်ပေးကာ ဒီမိုကရေစီအသွင် ကူးပြောင်းမှုကို တည်ငြိမ်အေးချမ်းစွာ တည်ဆောက်ပေးခဲ့သည်။ တက္ကသိုလ်က ဘွဲ့ရခဲ့သော ကျောင်းသား၊ ကျောင်းသူတို့သည် မိမိတို့ တက်ခဲ့သော တက္ကသိုလ်ကို မည်သည့်အစိုးရက တည်ဆောက်ပေးခဲ့ သည်ကို သိသူနည်းပါးလှသည်။ စစ်အာဏာရှင်ဟူသော စကားလုံး အောက်တွင် သူတို့၏အသိအမြင်များကို နိုင်ငံရေးသမားအမည်ခံ အစွန်းရောက် ဝါဒစွဲကိုင်သူအချို့က အရောင်ဆိုးပေးခဲ့သည်။

နယကအစိုးရက တစ်နိုင်ငံလုံးမှာရှိသော အသိပညာရှင်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ရေးဆွဲပေးခဲ့ပြီး ထိုဥပဒေအရ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဟူ၍ ရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် အာဏာကို အလွဲသုံးစားပြုကာ မဲမသမာမှု ကြီးကြီးမားမားဖြစ်ခဲ့သည်။ ဘယ်လို နည်းနဲ့နိုင်နိုင် နိုင်အောင်လုပ်ရမည်ဆိုသည့် ပါတီခေါင်းဆောင်၏စကား ကြောင့် မဲမသမာမှုမှာ ဖြေရှင်းမရနိုင်လောက်အောင်ဖြစ်ခဲ့သည်။ ထိုအချိန်ကသာ မဲမသမာမှုဖြစ်စဉ်ကို သက်ဆိုင်သူအားလုံးက ပူးပေါင်း ဖြေရှင်းမည်ဆိုပါက မြန်မာနိုင်ငံ၏အနာဂတ်မှာ သာယာနေမည်ဖြစ် သည်။ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဟူသော ဒီမိုကရေစီနည်းလမ်းကို သုံးသင့်ပါလျက် မသုံးဘဲနေခဲ့သည်။ ဤဖြစ်ရပ်မှန်ကို အနောက်နိုင်ငံနှင့် အပေါင်းပါတို့က ရေငုံနှုတ်ပိတ်နေခဲ့သည်။ ဒါကလည်း အကြောင်းရှိ သည်။ မဲမသမာမှုဖြစ်နေမှန်းသိသော်လည်း နှုတ်ပိတ်မနေလျှင် သူတို့ အလိုကျ ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရကို လက်လွှတ်လိုက်ရမည် ဖြစ်ကြောင်းသိနေသဖြင့် သူတို့အာဏာစက်အတိအကျသက်ရောက် မည့်အစိုးရမျိုးကို ဒီမိုကရေစီအကြောင်းပြကာ အစိုးရတင်မြှောက်လို ခြင်းကြောင့်ဖြစ်သည်။

တပ်မတော်က ဒီမိုကရေစီစနစ်ကို ခိုင်မာစွာတည်ဆောက်ပေးခဲ့ သည့်အတွက် ဒီလိုမျိုး ဒီမိုကရေစီစနစ်ပျက်ယွင်းသွားမည်ကို လိုလား မည်မဟုတ်ကြောင်း ကျွန်တော်ပြေးကြည့်စရာမလို တွေးကြည့်ရုံနှင့် တင်သိပါသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တပ်မတော်အား ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ပေးထားသည်။ ထို့ကြောင့်အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက် များနှင့်အညီ တပ်မတော်ကနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရ သည်။ ထိုနေ့ကမှတ်မှတ်ရရ မဲမသမာမှုအငြင်းပွားနေသည့် လွှတ်တော် ခေါ်ယူမည့်နေ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဦးဆောင်ပြီး အစိုးရတစ်ရပ် ဖွဲ့စည်းပါသည်။ သေချာလေ့လာကြည့်လျှင် ထိုအစိုးရတွင် တိုင်းရင်းသား ခေါင်းဆောင်များနှင့် တပ်တို့ အချိုးအစားတူညီစွာ ဖွဲ့ထားခြင်းဖြစ်သည်။ အဓိကအချက်ပြောရရင် တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးမည်။ အနိုင်ရပါတီအဖွဲ့အစည်းကို အာဏာလွှဲအပ်မည်။ မဲမသမာမှု အမှန် တကယ်ရှိကြောင်းကိုလည်း မြေပြင်ကွင်းဆင်းပြီး တိတိကျကျဖော် ထုတ်မည်။ တကယ်လည်း ဖော်ထုတ်ပေးခဲ့သည်။ မဲ ၁၁ သန်း ကျော် မသမာမှုပြုခဲ့သည်။ နစကအစိုးရသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ခံ ကိုယ်စားလှယ်များကိုပင် လွတ်လွတ်လပ်လပ် သွားလာခွင့်ပြုထားခဲ့ သည်။ ထိုသို့ လွတ်လပ်ခွင့်ပေးလိုက်ခြင်းကပင် ရွေးကောက်ခံ ကိုယ်စားလှယ်အချို့ ပြည်ပထွက်ပြေးခွင့်ရကာ ယခုပေါ်ပေါက်နေသည့် CRPH ၊ NUG စသဖြင့် စင်ပြိုင်အစိုးရ တည်ထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အမှန်တကယ်လက်တွေ့ကျကျပြောရလျှင် နစကအစိုးရသည် နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် လမ်းဖွင့်ပေးထားခြင်းဖြစ် သည်။ ထိုသူများသာ နိုင်ငံချစ်စိတ်၊ သဘောထားရိုးဖြောင့်သည့်စိတ်ရှိပါ က ပါတီကို ဆက်လက်တည်ထောင်ကာ ရွေးကောက်ပွဲဝင်ကြရန်ဖြစ် သည်။ သို့သော်သူတို့သည် မသိနားမလည်သော လူငယ်များကို မမှန် မကန်ဝါဒဖြန့်ကာ စစ်အာဏာရှင် တိုက်ဖျက်ရေးဟူသော စကားလုံးဖြင့် လမ်းမှားသို့ပို့ကာ လူသတ်၊ မိုင်းထောင်၊ အကြမ်းဖက်လုပ်ရပ်များ လုပ်စေခဲ့သည်။ နိုင်ငံကိုပျက်စီးအောင် လုပ်ဆောင်လျက်ရှိသည်။ အမှန် တကယ်တော့ စစ်အာဏာရှင်ဟု သူတို့စွပ်စွဲနေသော နစကအစိုးရသည် အာဏာရှင်မဆန်စွာ အလွန့်အလွန်သဘောထား ပျော့ပျောင်းသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း သူတို့လုပ်ရပ်ကြည့်ကာ ကျွန်တော်မှတ်ချက် ပြုချင်သည်။ CRPH၊ NUG နှင့်PDF ဟူသော အကြမ်းဖက်အဖွဲ့များသာ မပေါ်ပေါက်လာပါက ယခုအချိန်တွင် မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီ စနစ်လမ်းကြောင်းတွင် ပြန်လည်လျှောက်လှမ်းနေနိုင်ပြီဖြစ်သည်။ ဒီမိုကရေစီတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီး သုံးရပ်ရှိသည်ကို အားလုံးသိကြမည်ထင်ပါသည်။ ထိုထဲကမှ ဥပဒေပြုရေးအတွက် အဓိကတာဝန်ရှိသည့်အဖွဲ့အစည်းမှာ လွှတ်တော် ဖြစ်ပါသည်။ လိုရင်းပြောရလျှင် ရွေးကောက်ခံကိုယ်စားလှယ်များသည် ဥပဒေပြုရမည့်သူများဖြစ်ပါလျက် ဥပဒေကိုမျက်ကွယ်ပြုကာ အကြမ်း ဖက်လမ်းစဉ်ကို ရွေးခဲ့ကြသည်။ မိုက်မဲလိုက်ကြသည်ဖြစ်ခြင်း ...။

လက်ရှိတည်ဆဲအစိုးရ၏ ပန်းတိုင်မှာ **လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့**ပင် ဖြစ်ပါသည်။ အလွယ်ဆုံးနှင့် အရိုးရှင်းဆုံး ပြောရလျှင် မဲခိုး၊ မဲလိမ်မှုမရှိသော၊ ပွင့်လင်းမြင်သာသော၊ တရားမျှတ သော၊ ရွေးကောက်ပွဲကျင်းပနေစဉ်အတွင်း မကျေနပ်မှုတစ်စုံတစ်ရာရှိ ပါက မှတ်ကျောက်တင် စစ်ဆေးမှုကိုခံနိုင်သော ရွေးကောက်ပွဲမျိုးကို ကျင်းပပေးလိုခြင်းဖြစ်သည်။ အချို့သော နိုင်ငံရေးမှတ်ချက်တချို့က တပ်မတော်မှဖြစ်ပေါ်လာသော ယခုအစိုးရသည် ရွေးကောက်ပွဲဖြစ် မြောက်ရန် အားထည့်ဆောင်ရွက်နေခြင်းမှာ ထိုရွေးကောက်ပွဲကသာ လျှင် တပ်မတော်အတွက် ထွက်ပေါက်ဖြစ်သောကြောင့်ဟူ၍ ကြားသိ နေရသည်။ ထိုမှတ်ချက်နှင့် ပတ်သက်၍ ကျွန်တော်အမြင်ကိုပြောပါ ဟုဆိုလာပါက အဖြေသည် ခပ်ရှင်းရှင်းသာရှိလေသည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဆိုသည်မှာ ဒုတိယဒီမိုကရေစီအစိုးရအနေဖြင့် မဲလိမ်မဲခိုးမှုများ၊ မဲမသမာမှုပြဿနာများကို ပြည်သူလူထုအား ဖြေရှင်း ရန်ပျက်ကွက်ခဲ့မှုကြောင့် ထိုပြဿနာများကိုဖြေရှင်းရန် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည့်အတွက် ထိုပြဿနာများကို ပြေလည်အောင်ဖြေရှင်းပြီး **လွတ်လပ်ပြီးတရားမျှတ သော ရွေးကောက်ပွဲကျင်းပနိုင်ဖို့**ကို ရည်မှန်းချက်နှစ်ရပ်၊ ရှေ့လုပ်ငန်းစဉ် များ(၅)ရပ်နှင့် ဦးတည်ချက်များ (၉)ရပ်တို့ချမှတ်ကာ လက်ရှိတည်ဆဲ အစိုးရက ဆောင်ရွက်နေခြင်းသာဖြစ်သည်ဟု မြင်ပါသည်။

နစက အနေဖြင့် **၂၀၂၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပေးဖို့ လုပ်ဆောင်လျက်ရှိရာ မိမိဖြတ်သန်းလာ သော သမိုင်းအတွေ့အကြုံများအရ ရွေးကောက်ပွဲတွင် အဖြစ်သင့်ဆုံး သော ရွေးကောက်ပွဲစနစ်များကိုလည်း အကြံပြုလိုပါသည်။ ယခင် ရွေးကောက်ပွဲသုံးခုတွင် အသုံးပြုခဲ့သော အနိုင်ရသူ အကုန်ယူစနစ် (First past the post)နှင့်အတူ အချိုးကျကိုယ်စားပြုခြင်းစနစ် (Pro- portional Representation)ကို ပါပူးတွဲကျင့်သုံးမှသာ မိမိနိုင်ငံ၏လက်ရှိ အခြေအနေနှင့် ပို၍သင့်တော်မည်ဖြစ်**ပါသည်။ စာမျက်နှာ ၁၉ သို့

**❖ ၂၀၂၅ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပေးဖို့ လုပ်ဆောင်လျက်ရှိရာ မိမိဖြတ်သန်းလာသော သမိုင်းအတွေ့အကြုံများအရ ရွေးကောက်ပွဲတွင် အဖြစ်သင့်ဆုံးသော ရွေးကောက်ပွဲစနစ်များကိုလည်း အကြံပြုလိုပါသည်။ ယခင် ရွေးကောက်ပွဲသုံးခုတွင် အသုံးပြုခဲ့သော အနိုင်ရသူ အကုန်ယူစနစ် (First past the post)နှင့်အတူ အချိုးကျကိုယ်စားပြုခြင်းစနစ် (Pro- portional Representation)ကိုပါ ပူးတွဲကျင့်သုံးမှသာ မိမိနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ပို၍သင့်တော်မည်ဖြစ် ❖**

စာမျက်နှာ ၁၈ မှအဆက်

**အနိုင်ရသူအကုန်ယူစနစ် (First past the post)**

မဲဆန္ဒနယ်တစ်နယ်တွင် ပါဝင်ယှဉ်ပြိုင်သူများအနက် မဲအများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်သော စနစ်ဖြစ်ပါသည်။ မဲဆန္ဒနယ်တစ်နယ်တွင် တစ်ယောက်သာ ရွေးကောက်တင်မြှောက်သည့် ပုံသဏ္ဌာန်မှာ ယှဉ်ပြိုင်သူများအနက်မှ **အနိုင်ရသူအကုန်ယူစနစ် (First past the post)**ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်ရာ ယင်းစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းသည် ဆန္ဒမဲပေးသူများအတွက် အချိုးကျနှင့် သင့်တင့်လျောက်ပတ်သည့် ကိုယ်စားပြုခြင်းမရှိနိုင်ပါ။ ဥပမာအနေဖြင့် အရိုးရှင်းဆုံးဖြစ်စဉ်တစ်ခုဖြင့် လူအများနားလည်လွယ်အောင် တင်ပြလိုပါသည်။ လူအယောက် ၁၀၀၀ ခန့်ရှိသော မဲဆန္ဒနယ်တစ်ခုတွင် A,B,C ဟူ၍ ယှဉ်ပြိုင်ရွေးကောက်ပွဲဝင်သူ သုံးဦးရှိသည်ဆိုကြပါစို့။ A သည် ၄၀၀ မဲ၊ B သည် ၂၅၀ မဲ၊ C သည် ၃၅၀ မဲရလျှင် A သည် မဲအများဆုံးရသဖြင့် ထိုမဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံရသူအဖြစ် သတ်မှတ်ခံရလေသည်။ ထိုဖြစ်စဉ်ကိုသုံးသပ်လျှင် လူ ၁၀၀၀ တွင် A ကို ကြိုက်သူ ၄၀၀၊ မကြိုက်သူ ၆၀၀ ခန့်ရှိသော်လည်း A သည် ထိုမဲဆန္ဒနယ်ရှိ လူ ၁၀၀၀ လုံးကို ကိုယ်စားပြုသော ကိုယ်စားလှယ်ဖြစ်သွားခြင်းပင်ဖြစ်သည်။

**FPTP စနစ်၏ အားသာချက်နှင့် အားနည်းချက်များ**

FPTP စနစ်၏ အားသာချက်များကို အကြမ်းဖျင်းဖော်ပြရလျှင် တိကျပြတ်သားသည့် ရွေးချယ်မှုကို ဖြစ်ပေါ်စေနိုင်ခြင်း၊ ပါတီစုံညွန့်ပေါင်းအုပ်ချုပ်ရာမှ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို ရှောင်လွဲနိုင်ခြင်း၊ လွှတ်တော်တွင်း အတိုက်အခံအင်အားစုကိုလည်း ပေါ်ပေါက်စေသဖြင့် တစ်ပါတီအစိုးရ၏ ဆန့်ကျင်ဘက်တွင် အတိုက်အခံအင်အားစုဖြင့် အပြန်အလှန်ထိန်းကျောင်းပေးနိုင်သည့် လုံလောက်သော လွှတ်တော်ကိုယ်စားလှယ်နေရာများကို ပေးထားနိုင်ခြင်း၊ မိမိတို့၏ ပါတီအမည်ထက် သတ်မှတ်ထားသည့် မြို့ သို့မဟုတ် ဒေသမဲဆန္ဒနယ်များကို ကိုယ်စားပြုကြရခြင်း၊ မဲဆန္ဒရှင်များအတွက် ပါတီကိုရွေးချယ်မှုပြုခြင်းထက် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်မှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

FPTP စနစ်၏ အားနည်းချက်များမှာ အကြမ်းဖျင်းအားဖြင့် လူနည်းစုပါတီများကို ဘေးဖယ်ထားခြင်း၊ လူနည်းစုများကို ဖယ်ထုတ်ထားခြင်း၊ အမျိုးသမီးများကို ချန်လှပ်ထားခြင်း၊ မဲအလေအလွင့်ဖြစ်မှုများပြားခြင်း၊ မကြာခဏကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန်လိုခြင်း၊ ဆန္ဒမဲ နယ်နိမိတ်ကန့်သတ်ရန်လိုအပ်ခြင်း၊ နိုင်ငံရေးအကျိုးအမြတ်အတွက် ရည်ရွယ်သည့် လက်ဝါးကြီးအုပ်မှု ဖြစ်ပေါ်စေနိုင်ခြင်းနှင့် အဝေးရောက်မဲပေးစနစ်ကို စီစဉ်ရခက်ခဲခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

**အချိုးကျကိုယ်စားပြုခြင်းစနစ် (Proportional Representation)**

မဲဆန္ဒနယ်တစ်ခုကို ဇရိယာကျယ်ပြန့်စွာသတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ပါတီအလိုက်ရရှိမည့် ထောက်ခံဆန္ဒမဲအပေါ်မူတည်ပြီး ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေ သတ်မှတ်ပေးသည့်စနစ်ဖြစ်ပါသည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ထောက်ခံဆန္ဒမဲအပေါ်မူတည်ပြီး ရွေးကောက်တင်မြှောက်ခံနိုင်ပါသည်။ ဥပမာအနေဖြင့် အရိုးရှင်းဆုံးဖြစ်စဉ်တစ်ခုဖြင့် လူအများနားလည်လွယ်အောင် တင်ပြလိုပါသည်။ လူဦးရေ ၁၆ သိန်းခန့်ရှိသော မဲဆန္ဒနယ်တစ်ခုတွင် ကိုယ်စားလှယ် ရှစ်ဦးသတ်မှတ်ထားသည်ဆိုပါစို့။ အကြမ်းဖျင်းအရ ကိုယ်စားလှယ်တစ်ဦးလျှင် လူနှစ်သိန်းခန့် အချိုးကျကိုယ်စားပြုသည့် သဘောပင်ဖြစ်ပါသည်။ ထိုမဲဆန္ဒနယ်တွင် ပါတီ လေးခုက ဝင်ရောက်ယှဉ်ပြိုင်လျှင် မဲဆန္ဒပေါင်း ရှစ်သိန်းရရှိသည့် ပါတီကကိုယ်စားလှယ် လေးနေရာ၊ မဲဆန္ဒလေးသိန်းရရှိသော ပါတီက နှစ်နေရာ၊ မဲဆန္ဒပေါင်း နှစ်သိန်းစီရရှိသော ပါတီနှစ်ခုက ကိုယ်စားလှယ်နေရာ တစ်နေရာစီဟူ၍ စုစုပေါင်း ရှစ်နေရာ ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်ပါသည်။

**PR စနစ်၏ အားသာချက်နှင့် အားနည်းချက်များ**

PR စနစ်၏ အားသာချက်များကိုဖော်ပြရလျှင် အချိုးညီမျှမှုရှိခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ လူနည်းစုကိုယ်စားပြုမှုရှိခြင်း၊ မဲအလေအလွင့်ဖြစ်မှုနည်းပါးခြင်း၊ အမျိုးသမီးကိုယ်စားလှယ်များ ရွေးကောက်ခံရရန် ပိုမိုလွယ်ကူခြင်း၊ မဲဆန္ဒနယ်နိမိတ်များ ရေးဆွဲသတ်မှတ်ရန်မလိုခြင်း သို့မဟုတ် နည်းပါးခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန် မလိုခြင်း၊ အဝေးရောက်မဲစနစ်ဖြင့် ဆန္ဒမဲပေးရန်ပိုမိုလွယ်ကူခြင်း၊ တစ်ပါတီကြီးစိုးသည့် ဒေသများဖြစ်ပေါ်မှုကို ကန့်သတ်ထားခြင်းနှင့် လာရောက်မဲပေးသူများအရေအတွက် များပြားနိုင်ဖွယ်ရှိခြင်းတို့ပင် ဖြစ်ပါသည်။

PR စနစ်၏ အားနည်းချက်များကိုဖော်ပြရလျှင် ညွန့်ပေါင်းအစိုးရများဖြစ်ပေါ်စေပြီး အစိတ်စိတ်အမြွှာမြွှာကွဲပြားနေသော ပါတီစုံစနစ်ကို ဖြစ်ပေါ်စေခြင်းဟူသော ဝေဖန်မှုများရှိခြင်းနှင့် ညွန့်ပေါင်းအစိုးရအဖွဲ့များကို ဖြစ်ပေါ်စေသဖြင့် အကျိုးဆက်အဖြစ် ဥပဒေပြုရေးကိစ္စတွင် လျော့ကန်သော မူဝါဒများချမှတ်ရန် အကျပ်အတည်းဖြစ်စေတတ်ခြင်းတို့ ဖြစ်ပေါ်တတ်ပါသည်။

**FPTP စနစ် နှင့် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေး**

တိုင်းရင်းသား လူမျိုးစုများတွင် လူဦးရေများသော အုပ်စုများလည်း ရှိသကဲ့သို့ လူဦးရေနည်းသော အုပ်စုများလည်းရှိပါသည်။ တိုင်းရင်းသားလူမျိုးစုများသော နေရာဒေသများတွင် FPTP စနစ်နှင့်သာ ရွေးကောက်ပွဲကျင်းပမည်ဆိုလျှင် တိုင်းရင်းသားမျိုးနွယ်လူနည်းစု အတော်များများသည် နိုင်ငံရေးလမ်းကြောင်းပေါ်သို့ ရောက်လာနိုင်ရန် ရာခိုင်နှုန်းအလွန်နည်းပါးသည်။ ကျွန်တော် ကျင်လည်ခဲ့သော နိုင်ငံရေးသမားဘဝအတွေ့အကြုံများအရ ပြောရမည်ဆိုလျှင် ဥပမာအနေဖြင့် ကချင်ပြည်နယ်တွင် ဂျိမ်းဖောလူမျိုးကများပြီး လီဆူးလူမျိုးနှင့် ရဝမ်လူမျိုးတို့မှာ လူဦးရေနည်းပါးသည်။ ထို့အတူပင် ရှမ်းပြည်နယ်တွင် ရှမ်းလူမျိုးနှင့် ပအိုဝ်လူမျိုးမှာ လူဦးရေများပြားသော်လည်း ဓနုလူမျိုးနှင့် အာခါလူမျိုးမှာ လူဦးရေနည်းပါးပါသည်။

**❖ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကို မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် သင့်တော်သော FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးခြင်းနိုင်မည်ဆိုလျှင်ဖြင့် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားပမာကဲ့သို့ လိုက်ဖက်တင့်တယ်လှမည် ဖြစ်ပါကြောင်း ❖**

ယခင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲက ဥပမာ တစ်ခု၊ နှစ်ခုကို ချပြရမည်ဆိုလျှင် ပထမ ဥပမာအနေဖြင့် ရှမ်းပြည်နယ်တောင်ကြီးမြို့ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၌ NLD ပါတီက အနိုင်ရရှိခဲ့ပါသည်။ FPTP စနစ်အရ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီသည် အနိုင်ရပါတီနှင့် ဆန္ဒမဲ ၆၃၀ မဲသာ ကွာသော်လည်း ၎င်းတို့တိုင်းရင်းသားနယ်မြေတွင် အနိုင်ရရှိခဲ့ခြင်းမရှိခဲ့ပါ။

ဒုတိယ ဥပမာအနေဖြင့် ရှမ်းပြည်နယ် နမ့်စန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ ပြည်ခိုင်ဖြိုးပါတီက အနိုင်ရရှိခဲ့ပါသည်။ FPTP စနစ်အရ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် အနိုင်ရပါတီနှင့် ဆန္ဒမဲ ၁၈၂၃ မဲသာ ကွာသော်လည်း ၎င်းတို့တိုင်းရင်းသားနယ်မြေတွင် အနိုင်ရရှိခဲ့ခြင်းမရှိခဲ့ပါ။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူဘဲ တိုင်းရင်းသားမျိုးနွယ် ၁၀၀ ကျော် မှီတင်းနေထိုင်နေကြသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၎င်းတိုင်းရင်းသား အများစုသည်လည်း ပြည်နယ်များတွင် နေထိုင်ကြသည်ကသာများလေသည်။ အထက်ပါ ဥပမာနှစ်ခုမှာ FPTP စနစ်ကြောင့် တိုင်းရင်းသားနယ်မြေများတွင် တိုင်းရင်းသားကိုယ်စားပြုပါတီများ ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်မရခဲ့သည့် အခြေအနေများထဲမှ အချို့ကိုသိသာနိုင်စေရန် တင်ပြခြင်းဖြစ်ပါသည်။ တိုင်းရင်းသား နယ်မြေတွင် တိုင်းရင်းသားကိုယ်စားပြုပါတီများမှ ကိုယ်စားလှယ်များလည်း ပါဝင်သင့်သည် မဟုတ်ပါလား။

အထက်ပါဖော်ပြခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များမှ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ကာ တိုင်းရင်းသားမျိုးနွယ်စုများပြားသော ပြည်နယ်များတွင် လူဦးရေနည်းပါးသော တိုင်းရင်းသားမျိုးနွယ်စုများ အခွင့်အရေးမဆုံးရှုံးစေရန်အတွက် **ပြည်နယ်များတွင် PR စနစ်ကို ကျင့်သုံးခြင်းသည် အကောင်းဆုံး**ဖြစ်ပါသည်။ သို့မှသာ လူဦးရေနည်းသော တိုင်းရင်းသားလူနည်းစုများအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှသည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၊ ပြည်ထောင်စုလွှတ်တော်များ အစရှိသည့် နိုင်ငံရေးစင်မြင့်ထက်တွင် ပါဝင်လာနိုင်ခြင်းဖြင့် လက်နက်ကိုင်လမ်းစဉ်ကိုမလိုက်ဘဲ နိုင်ငံရေးနည်းဖြင့် ၎င်းတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆွေးနွေးမှုများ၊ တရားသဖြင့် တောင်းဆိုမှုများကို ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ပြည်နယ်များတွင် တိုင်းရင်းသားမျိုးနွယ်စုများစွာ အခြေချနေထိုင်ကြပါသည်။သို့သော် ပြည်မတွင်မူ တိုင်းရင်းသားလူမျိုးများစွာနေထိုင်သည်ကို မတွေ့ရဘဲ လူမျိုးတူများက ပါတီများစွာဖွဲ့စည်းထားကြသည်။ ထိုပါတီများထဲမှ စုစုစည်းစည်းကျစ်ကျစ်လျစ်လျစ်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း၊ အရေအတွက်ထက် အရည်အချင်းကိုဦးစားပေးရန် တစ်နည်းအားဖြင့် ပါတီအမည်ခံသော်လည်း ပါတီဝင်အင်အား ဖြစ်ဖြစ်မြောက်မြောက်မရှိသော ပါတီများစွာ အစိုးရအဖွဲ့ထဲသို့ရောက်ရှိလာမည့်အစား ပါတီဝင်အင်အားတောင့်တင်း ခိုင်မာပြီး နိုင်ငံ့အကျိုးကို ထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်နိုင်မည့်အရည်အချင်းနှင့် အတွေ့အကြုံများသည့်ပါတီမျိုး ပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း **ပြည်မတွင်မူ FPTP စနစ်ကို ကျင့်သုံးခြင်းက ပို၍သင့်တော်ကြောင်း** တွေ့ရှိရပါသည်။

ရွေးကောက်ပွဲကို အောင်မြင်ရေးဆောင်ရွက်နေတဲ့ နစကအစိုးရဟာ ပြီးခဲ့တဲ့ရက်ပိုင်းက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့ ကမ်းလှမ်းဖိတ်ခေါ်မှု ထုတ်ပြန်ချက်တစ်ခု ထုတ်ခဲ့ပါသေးတယ်။ ဒါကတော့ နိုင်ငံရေးပြဿနာကို လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းနေတဲ့ EAO တွေ၊ အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ PDF တွေကိုပါ လက်နက်ကိုင်လမ်းစဉ်စွန့်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်း ဒါမှမဟုတ် ရွေးကောက်ပွဲလမ်းကြောင်းစတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းနိုင်ဖို့ ကမ်းလှမ်းဖိတ်ခေါ်ခဲ့တာဖြစ်ပါတယ်။ ဘြော်... အလွန်စိတ်ရှည်သည်းခံနိုင်သော အစိုးရပါလားလို့တောင် စိတ်ထဲတွေးမိလိုက်သေးသည်။

UEC အနေဖြင့်လည်း ယခုကဲ့သို့ ရွေးကောက်ပွဲစနစ် နှစ်မျိုးကို ယှဉ်တွဲအသုံးပြုရာတွင် နည်းစနစ်ပိုင်းဆိုင်ရာ၊ နယ်မြေသတ်မှတ်ခြင်းဆိုင်ရာ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ မဲရေတွက်ခြင်းဆိုင်ရာများတွင် များစွာသော အခက်အခဲများ ကြုံတွေ့နိုင်လေသည်။ သို့သော် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်တို့ အခွင့်အရေးများရရှိရေးအတွက် ရည်မျှော်၍ FPTP စနစ်နှင့်အတူ PR စနစ်ကိုပါ ယှဉ်တွဲကျင့်သုံးပေးနိုင်ပါရန် ဤဆောင်းပါးမှတစ်ဆင့် တိုက်တွန်းပါသည်။

ဒီစနစ် နှစ်ခုကို ယှဉ်တွဲအသုံးပြုခြင်းဖြင့် မြန်မာ့ဒီမိုကရေစီလမ်းကြောင်းတွင် တိုင်းရင်းသားများ၏ အခွင့်အရေးများကို ပိုမိုဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း စာရေးသူအနေဖြင့် သုံးသပ်ရပါသည်။ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီများအနေဖြင့် UEC ၏ ထုတ်ပြန်ချက်များအရ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၅၂ ပါတီဖြစ်ပါသည်။ ယင်းပါတီများအနက်မှ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီနှင့် မြို့တိုင်းရင်းသားပါတီတို့ကို မှတ်ပုံတင်ခွင့်ပယ်ဖျက်ခဲ့သဖြင့် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၅၀ ပါတီဖြစ်ပါသည်။

**FPTP စနစ်နှင့်အတူ PR စနစ် ကိုပါ ယှဉ်တွဲကျင့်သုံးကြပါစို့**

တပ်မတော်က အပြစ်အနာအဆာတစ်စက်မှမရှိဘဲ မွေးဖွားသန့်စင်ပေးလိုက်သော ဒီမိုကရေစီခရီးသည် ၁၀ နှစ်သားအရွယ်တွင် နိုင်ငံ့အာဏာဆက်လက်ရယူရေးအတွက် မဲမသမာမှုကို ပြုလုပ်သော အစိုးရကြောင့် ဆက်လက်ကြီးထွားဖွံ့ဖြိုးတိုးတက်မှု မရှိတော့ဘဲ ရပ်တန့်ခဲ့လေသည်။ ထို ၁၀ နှစ်သားကို အမည်းစက်ကင်းစင်စွာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)အရ ပေါ်ပေါက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို အကူအညီပေးရင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ဖြင့် အမိမြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းတိုးတက်ချမ်းသာပြီး နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် ရောက်ရှိနိုင်ရေး လက်တစ်ကမ်းသာလိုပါတော့သည်။ ထိုသို့သော လက်တစ်ကမ်းအလိုက ပန်းတိုင်သို့ရောက်ရှိရန် **လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကို မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့်သင့်တော်သော FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးခြင်းနိုင်မည်ဆိုလျှင်ဖြင့် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားပမာကဲ့သို့ လိုက်ဖက်တင့်တယ် လှမည်ဖြစ်ပါကြောင်း** အကြံပြုတိုက်တွန်းရေးသားလိုက်ရပါသည်ခင်ဗျား။ ။

## ပြည်လုံးကျွတ်သန်းခေါင်စာရင်း တတိယနေ့ ကောက်ယူနေပါသည်။

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

( ခ ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့်ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

( င ) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

( စ ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

( ဇ ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန်အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

( ဈ ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

( ခ ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

( င ) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့်အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

( စ ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**



၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

☆ ကျောဖုံးမှအဆက်

ဆက်လက်ကျင်းပပြုလုပ်ရာ အသင်းလိုက်ပြိုင်ပွဲ၊ပထမ၊ဒုတိယ၊တတိယ၊ပူးတွဲတတိယဆုရအသင်းများနှင့် ကီလိုတန်းအလိုက် အမျိုးသား၊အမျိုးသမီးအကောင်းဆုံးကစားသမားဆုရရှိသူများ၊ မျိုးဆက်သစ်အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုကို ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးသုံးခုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် မျိုးဆက်သစ်အမျိုးသားတံခွန်စိုက်ဒိုင်းဆုကို ရွှေသုံးခု၊ကြေးနှစ်ခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုကို ရွှေသုံးခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုကို ရွှေရှစ်ခု၊ ငွေနှစ်ခု၊ ကြေးလေးခုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးသည့် ဒိုင်လူကြီးများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ စုပေါင်းတံခွန်စိုက်ဒိုင်းဆုကို ရွှေ ၁၁ခု၊ ငွေ သုံးခု၊ ကြေးငါးခုဖြင့်ရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ကို တပ်မတော်ဂျူဒိုကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။


ထို့ပြင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပလျက်ရှိသော ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးမာရသွန်ပြေးပြိုင်ပွဲ ယှဉ်ပြိုင်ကစားပြီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော် ပြေးခုန်ပစ်ကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသားကွာတားအဆင့် ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌လည်းကောင်း၊ ၂၀၂၄ ခုနှစ် (၅၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတပ်နယ်အားကစားခန်းမ၌ ကျင်းပရာ ကီလိုတန်းအလိုက် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြပြီး နောက်ဆုပေးပွဲအခမ်းအနားဆက်လက်ကျင်းပရာ လက်ဝှေ့ဒိုင်လူကြီးများ ဂုဏ်ပြုဆုနှင့် “လူသစ်တန်း၊“က” တန်း၊ အလွတ်တန်း"အဆင့်ဗိုလ်လုပွဲများတွင် တစ်ဦးချင်းဆုရရှိသူများအား တပ်မတော်လက်ဝှေ့ကော်မတီ အတွင်းရေးမှူး တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံမှ ကျောင်းအုပ်ကြီးကလည်းကောင်း၊ “လူသစ်တန်း” အဆင့်အကောင်းဆုံးလက်ဝှေ့အားကစားသမားဆုကို မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁)ကလည်းကောင်း၊ “က” အဆင့်အကောင်းဆုံးလက်ဝှေ့အားကစားသမားဆုကို မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ(၂)ကလည်းကောင်း၊ “ အလွတ်တန်း”အဆင့် အကောင်းဆုံးလက်ဝှေ့အားကစားသမားဆုကို မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ(၁)ကလည်းကောင်း၊ “လူသစ်တန်း”၊ “က”တန်း၊ “အလွတ်တန်း”အဆင့်တံခွန်စိုက်ဒိုင်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊၂၀၂၄ ခုနှစ် (၅၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဆင့်ပွားဒိုင်းနှင့် တံခွန်စိုက်ဒိုင်းရရှိသောတောင်ပိုင်းစစ်ဌာနချုပ်အသင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

❑ လေပြင်းတိုက်ခတ်ခြင်းများမှ

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ကာ ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာနိုင်သည်။”

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊လျှပ်စီးလက်ခြင်း၊မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။



# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းလျက်ရှိသည်။ ထို့သို့ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်ရှိ အောင်သုခ၊ ပေါင်းလောင်း၊ ဘိုကိုးလုံးနှင့် ဟေမာန်ကျေးရွာများရှိရေဘေးသင့်ပြည်သူများကိုသွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့သည်။

ထို့နောက် အောင်သုခကျေးရွာရှိ အောင်သုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသီရိအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေးအမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာပျက်စီးခဲ့သည့် လမ်း၊ တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများအစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဗဟို)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေဘေးသင့်ပြည်သူများကို ကူညီရွှေ့ပြောင်းပေးစဉ်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူးဌာန |
|---|---|---|
| (၁) | ဒေါ်ဝင်းဝင်းမော်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဦးကြည်ဇင်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

# လွိုင်ကော်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက နယ်မြေခံတပ်နယ်ခန်းမ၌တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ဆီနှင့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်းနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာရှိ မယ်ဆိုင်ချောင်းကူးတံတား ချောင်းရေဖြင့်မျောပါပျက်စီးခဲ့မှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မယ်ဆိုင်ချောင်းရေမြင့်တက်လာပြီး လွယ်တော်ခမ်းကျေးရွာရှိ အရှည်ပေ ၁၀၀၊ အကျယ် ၁၅ ပေရှိ မယ်ဆိုင်ချောင်းကူးသံပေါင်ဘေလီတံတားသည် ရေစီးနှင့် မျောပါပျက်စီးသွားခဲ့ရသည်။

တံတားပျက်စီးခဲ့သည့်နေရာ၌ ယခုအခါ ယာယီတံတားဆောက်လုပ်ထားရှိ၍ မော်တော်ဆိုင်ကယ်နှင့် လူများဖြတ်သန်းသွားလာနိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ကာ တံတားအသစ်ကို အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မယ်ဆိုင်ချောင်းကူးတံတားပျက်စီးခဲ့သည့်နေရာကို အောက်တိုဘာ ၁ ရက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဗဟို)

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာရှိ မယ်ဆိုင်ချောင်းကူးတံတားချောင်းရေဖြင့် မျောပါပျက်စီးခဲ့မှုကို ကြည့်ရှုစစ်ဆေး



# ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့က အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)ကိုကျင့်သုံး၍ အပ်နှင်းသောအမိန့်အရ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အမိန့်အမှတ် (၃၂/၂၀၂၄)ကို ၁၃-၃-၂၀၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် စိစစ်ခွင့်ပြုခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ရယူထားသူသည် အမိန့်အမှတ်(၃၂/၂၀၂၄)အရ မိမိတို့လွှင့်တင်မည့် Content များအား စိစစ်ရေးအဖွဲ့ထံသို့ ဦးစွာတင်ပြခွင့်ပြုချက်ရယူရမည်ဖြစ်သည်။

သို့ရာတွင် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူထားသော TRUST Entertainment သည် စိစစ်ရေးအဖွဲ့သို့ တင်ပြထားခြင်းမရှိသော ဆင်ဆာမှုနှင့်ငြိစွန်းသည့် ဗီဒီယိုဖိုင်တစ်ဖိုင်ကို လွှင့်တင်ထားရှိကြောင်း စိစစ်တွေ့ရှိရသည်။

ထို့အတွက် TRUST Entertainment ကို စည်းမျဉ်းစည်းကမ်းများမလိုက်နာသဖြင့် ၎င်း၏လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကိုယာယီရုပ်သိမ်းထားပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေးစိစစ်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူပြီးသူများအနေဖြင့် မိမိတို့လွှင့်တင်သည့် Content များကို စိစစ်ရေးအဖွဲ့ထံတင်ပြနိုင်ရေးနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားခြင်းမရှိသောသူများအနေဖြင့်လည်း ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**




## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ **မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# စက်တင်ဘာလ စတုတ္ထပတ်အတွင်း တရားမဝင်ကျွန်း၊ သစ်မာနှင့် အခြားစုစုပေါင်း ၅၂ ဒသမ ၀၂၀၄ တန် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂**

နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်ထိ တရားမဝင်ကျွန်း ၁၆ ဒသမ ၃၉၄၄ တန်၊ သစ်မာ ၃ ဒသမ ၅၁၈၂ တန်နှင့် အခြား ၃၂ ဒသမ ၁၀၇၈ တန် စုစုပေါင်း ၅၂ ဒသမ ၀၂၀၄ တန်၊ ယာဉ်၊ ယန္တရား ခုနစ်စီးနှင့် တရားခံ ၁၅ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ စက်တင်ဘာ ၂၆ ရက်က မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၅၄/၇ အနီးမှ တရားမဝင်ပျဉ်းကတိုး၊ သဒီ၊ သစ်စေး၊ ဖန်ခါး ၊ နဘဲခွဲသား စုစုပေါင်း ၁၅၇ ချောင်း ၁၂ ဒသမ ၆၈၁၈ တန်နှင့် ၁၂ ဘီးယာဉ်တစ်စီးကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System – CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

# မင်းတပ်မြို့ ကားလမ်းမကြီးတစ်လျှောက်ရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း မဟုတ်မမှန်သတင်းများဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၂**

ချင်းပြည်နယ် မင်းတပ်မြို့ အနောက်ရပ်ကွက် ဘုရင့်နောင်လမ်းခွဲရှိ မင်းတပ်-မတူပီ ကားလမ်းမကြီးတစ်လျှောက် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီး နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ သတင်းမှားသာဖြစ်ကြောင်း ဖြစ်စဉ်အမှန်မှာ မင်းတပ်မြို့နယ်အတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများ ဝင်ရောက်လာကာ လူသစ်စုဆောင်းနေကြောင်းနှင့် ဆက်ကြေးကောက်ခံနေကြောင်း ဒေသခံများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်စဉ် အကြမ်းဖက်သမားများက စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လာရာလမ်းအတိုင်း ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့နောက်သို့ လိုက်လံတိုက်ခိုက်ခြင်းမပြုလုပ်နိုင်ရန်အတွက် အဆိုပါမြို့နယ်အတွင်းရှိ နေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများသည် လူနေအိမ်များကို အကာအကွယ်ရယူ၍ မြို့ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်နေသော အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချသည့် သတင်းတု၊ သတင်းမှားများဖြင့် ဝါဒဖြန့်ဝေရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# ကလေးမြို့နယ်ရှိ ကျေးရွာများကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ခတ်ခဲ့ခြင်းကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် အောက်တိုဘာ ၁ ရက်က တင်သားကျေးရွာ၊ ကျောက်ဖူးကျေးရွာ၊ ဒိုးနွယ်ကျေးရွာနှင့် အရှေ့စီးကျေးရွာတို့တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများ ပစ်ခတ်ခဲ့ကြောင်းနှင့် အဆိုပါပစ်ခတ်မှုကြောင့် ပြည်သူခြောက်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်တွင် ကလေးမြို့နယ် ကျန်သာကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများက PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် တစ်ဖက်သတ်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Aye Nyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်နေ ညီညီအောင်အား နံနက် ၉ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ “@user 9338069275500” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကူးမြို့နယ် ထန်းကိုးပင်ကျေးရွာနေ ချိုလွင်ဦးနှင့် “ko.gyi 0636” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်းစိုင်းကျေးရွာနေ နိုင်းကိုကိုတို့ကို နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ “my atsoenaungto”TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နွယ်နီကျေးရွာနေ မြတ်စိုးနောင်(ခ)နောင်နောင်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

ဝတ္ထုတိုကဏ္ဍ

# မေတ္တာခြံလို့ လုံပါစေ

ဆလိုင်းသန်းဇော်ဝင်း



(၁)

"သားလေးရဲ့ အရေပြားရောဂါကို ဆေးခန်းက ဆရာမနဲ့ သွားပြရင်ကောင်းမယ်ထင်တယ်"

"ဘယ်လို သွားပြမှာလဲ မိန်းမရယ်။ မြို့နဲ့ရွာက ဒီလောက်ဝေးနေတာ။ ကလေးက ငယ်ငယ်လေးရှိသေးတယ်။ ပြီးတော့ ငါတို့မှာ ဆေးဖိုးလဲ လုံလုံလောက်လောက်မရှိဘူးလေ"

"ဒါဆို ဘယ်လိုလုပ်မလဲ။ ဆေးလက်ဖက်ခြောက်ရွက်လိမ်းတာလဲ မသက်သာဘူး။ ဆေးဝါးသစ်မြစ်တွေလဲ စုံနေပြီ။ ငါတော့ ဒီလိုရောဂါမျိုးကို တစ်ခါမှ မတွေ့ဖူးဘူး"

"နေပါအုံး မိန်းမရာ။ ပဆန်းဆရာနဲ့ ပြကြည့်ကြသေးတာပေါ့။ တောင်ယာနတ်ဖမ်းစားတာများဖြစ်နေမလားလို့"

"ဒါဆိုလဲ မြန်မြန်ပြပါဟယ်။ သားလေးရဲ့ကိုယ်က အဖုတွေ မြန်မြန်ပျောက်စေချင်လှပြီ"

ဦးဟန်ချစ်တို့မိသားစုက ရခိုင်ရိုးမရဲ့ ချင်းတောင်ပေါ်ရွာလေးတစ်ရွာမှာ နေထိုင်ကြတာပါ။ ဦးဟန်ချစ်အပါအဝင် ရွာသူ၊ ရွာသားအများစုက တောင်ယာနတ်ကို ကိုးကွယ်ယုံကြည်ကြတယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်သူတွေလဲရှိကြတယ်။ အခြားဘာသာကို ကိုးကွယ်သူတွေလဲ သူ့အစုလေးနဲ့သူရှိကြတယ်။ တစ်ရွာလုံးရဲ့ မိရိုးဖလာကိုးကွယ်ခဲ့ကြတာကတော့ တောင်ယာနတ်ကိုပါပဲ။ ဦးဟန်ချစ်နဲ့ ဒေါ်ပစောင့်တို့ အိမ်ထောင်ပြုတော့ သားလေးတစ်ဦး ဖွားမြင်လာတယ်။ သူတို့သားလေးနာမည်က ကျော်မောင်တဲ့။ အခုမှ ခြောက်လသားအရွယ်လေးပဲ ရှိသေးတယ်။

သားလေးကိုမွေးပြီး နောက်ရက်မှာပဲ ကလေးရဲ့ ခန္ဓာကိုယ်မှာ အဖုအပိမ့်တွေထွက်လာတာကို သူတို့တွေ့ကြရတယ်။ ဒါနဲ့ မိဘတွေက တောဆေးဝါးမျိုးစုံနဲ့လိမ်းကြ၊ ကုသကြပါတယ်။ ကလေးရဲ့ အရေပြားက အဖုအပိမ့်တွေဟာ လျော့ကျမသွားဘူး။ ညညဆို ကလေးခမျာ နာကျင်ကိုက်ခဲလွန်းလို့ ငိုလိုက်ရတာ မောပြီး မျက်ဖြူဆိုက်တဲ့ထိပါပဲ။ ဦးဟန်ချစ်တို့ လင်မယားမှာလဲ ကလေးအတွက် စိတ်ပူရလွန်းလို့ ညည အိပ်ရတယ်လို့ကိုမရှိပါဘူး။ မနက်ရောက်တော့လဲ ဦးဟန်ချစ်မှာ တောင်ယာထဲကို သွားရရှာတယ်။ ဒါကြောင့်လဲ ပဆန်းဆရာက "ခေါင်ရည်နဲ့ ဝက်သားနဲ့ တောင်ယာနတ်ကို ပူဇော်ရမယ်"ဆိုလို့ ပူဇော်ကြရတာ နှစ်ကြိမ်ရှိပြီ။ အခုထိ ကလေးရဲ့ရောဂါက သက်သာမလာသေးပါဘူး။

(၂)

ကလေးမှာခံစားနေရတဲ့ ရောဂါရဲ့ဇာစ်မြစ်ကို ဦးဟန်ချစ်တို့သိလိုက်ရပြီ။ အမှတ်မထင်ဘဲ သတိထားလိုက်မိကြတာပါ။

"မိန်းမရေ ကလေးက အဝတ်တွေကို ကန်ကန်နေတယ်ဟ သေချာကြည့်ပါအုံး။ ငါသေချာဝတ်ပေးထားတယ်။ ကလေးက အဝတ်ဝတ်ချင်ပုံ မပေါ်ဘူး"

"ပူလို့များလားဟယ်"

"ဟာ မဖြစ်နိုင်ပါဘူး။ တောင်ပေါ်မှာ ဒီလောက်အေးနေတာ။ ကြည့်ပါအုံး ကြည့်ပါအုံး အဝတ်ကိုကန်နေတာ။ အဝတ်ဝတ်ပေးတာနဲ့ ငိုတော့တာပဲကွ"

"တစ်ခုခုတော့တစ်ခုခုပဲ။ ဘာဖြစ်ဖြစ် ကိုယ်တုံးလုံးလေး ထားကြည့်လိုက်ရအောင်"

သူတို့လင်မယားနှစ်ယောက် ဆုံးဖြတ်ချက်ချပြီး ကလေးကို အဝတ်မဝတ်ပေးဘဲ ထားလိုက်ကြတယ်။ ကလေးလဲ အငိုတိတ်သွားတယ်။ ညညဆိုရင် အရင်တုန်းကလောက်လဲ သိပ်မငိုတော့ဘူး။ သူတို့ဝမ်းသာကြရတယ်။ နောက်နှစ်ရက်လောက်နေတော့ ကလေးရဲ့ကိုယ်ပေါ်မှာရှိတဲ့ အဖုအပိမ့်တွေဟာ ပိန်ကပ်ပြီး ပျောက်တဲ့အနာတွေ ပျောက်လာတာကို တွေ့ကြရတယ်။ သူတို့လင်မယားမှာ ပြုံးပျော်ကြရတာပေါ့။ ဘာကြောင့် ဒီလိုဖြစ်တာလဲဆိုတာကိုတော့ သူတို့လဲ သေချာကွဲကွဲပြားပြားမသိကြသေးပါဘူး။ တစ်ဖက်က ဝမ်းသာရသလို တစ်ဖက်ကလဲ စိတ်မကောင်းဖြစ်ကြရပြန်တယ်။

"ဒီအတိုင်း အမြဲအဝတ်မဝတ်ဘဲထားလို့လဲမဖြစ်သေးဘူးထင်တယ်။ တော်ကြာနေ သားလေးကအရွယ်ရောက်လာအုံးမယ်မဟုတ်လား မိန်းမရဲ့"

"ဒါကတော့ ဝတ်ပေးရမှာပေါ့။ အခုအနာတွေ မပျောက်ခင် အခိုက်အတန့်လေးပဲ ကိုယ်တုံးလုံးထားရတာပါ"

"ခက်တာက အဝတ်မဝတ်ချင်တော့ ဘယ်လိုလုပ်ပေးရပါ့မလဲ။ ပြီး ပြီးတော့"

"အို…မဦးမချွတ်တွေမပြောပါနဲ့။ ဒီအနာတွေပျောက်တာနဲ့ ဝတ်လို့ရပါပြီ"

တကယ်တော့ ဦးဟန်ချစ် ထင်ထားတဲ့အတိုင်းပါပဲ။ ကလေးမှာ အနာတွေပျောက်သွားတော့ အဝတ်ဝတ်ပေးဖို့ ကြိုးစားကြတယ်။ ကလေးက မဝတ်ချင်လို့ငိုတာပေါ့။ အဝတ်လဲဝတ်ပြီးရော နှစ်ရက်လောက်နေတော့ ကလေးရဲ့ခန္ဓာကိုယ်မှာ အဖုအပိမ့်တွေ ပြန်ထွက်လာပြန်တယ်။ ဦးဟန်ချစ်မှာ မစားနိုင်မသောက်နိုင်နဲ့ စိတ်ဆင်းရဲနေတယ်။ လင်မယားနှစ်ယောက် အချိန်ရှိတိုင်း ဒီကိစ္စကိုအဖြေရှာဖို့ ကြိုးစားနေကြလေရဲ့။

(၃)

ဒေါ်ပစောင့်က သားလေးအတွက် ရည်ရွယ်ပြီး သင်တိုင်းစလေးတွေ၊ ဂျပ်ခုတ်အပိုင်းအစ ပိုတာလေးတွေ စုထားတယ်။ အခြားအိမ်တွေကပေးတဲ့ ကလေးအဝတ်လေးတွေလဲ စုထားတယ်။ အခုတော့သားလေးရဲ့ခန္ဓာကိုယ်က အဝတ်နဲ့မတည့်ဘူးဆိုတော့ အခက်တွေ့နေတယ်။ ဒီလိုနဲ့ ကျော်မောင်ဟာ တစ်နှစ်သားအရွယ်ကိုရောက်လာတယ်။ စကားလဲ မပီကလာပီကလာပြောတတ်လာတယ်။ ရွာထဲမှာ အဝတ်မဝတ်တဲ့ ကိုယ်လုံးပြောင်လေးဆိုပြီး လူတွေက ပြောကြတယ်။ အကြောင်းသိတဲ့လူတချို့က သနားကြ၊ ချစ်ကြတယ်။ အကြောင်းမသိသူတွေက ကဲ့ရဲ့ကြပြန်တယ်။ မိဘတွေကို အပြစ်တင်ပြောဆိုကြတယ်။ တစ်နေ့တော့ ကျော်မောင်က စကားတစ်ခွန်း ဆိုလာတယ်။

"အပါဝတ်၊ အပ့ါဝတ်ဝတ်ပေး"တဲ့။

အပါဆိုတာက အဖေကိုပြောတာပါ။ "အဖေ့အဝတ်ပေးပါ"လို့ တောင်းတဲ့သဘော။ ဒါနဲ့ ဒေါ်ပစောင့်က–

"သား အပါ(အဖေ့)ပုဆိုးကို ဝတ်ချင်လို့လား"လို့ မေးလိုက်တယ်။

ကျော်မောင်က "အင်း"လို့ ပြန်ဖြေတယ်။ ဒါနဲ့ တစ်နှစ်သားလေးကို ဦးဟန်ချစ်ရဲ့ လူကြီးပုဆိုးပတ်ပေးကြည့်လိုက်တယ်။ ကျော်မောင် ပုဆိုးပတ်ထဲမှာ အေးအေးဆေးဆေးပဲ ဆော့ကစားနေတာကိုတွေ့ကြရတယ်။ ဒေါ်ပစောင့်လဲ တောင်ယာထဲထိ ဝမ်းသာအားရလိုက်သွားပြီး ဦးဟန်ချစ်ကို အကြောင်းစုံပြောပြတာပေါ့။ ဦးဟန်ချစ်မှာ ဝမ်းသာလွန်းလို့ ဓားကိုတဲအောက်မှာပစ်ချထားခဲ့ပြီး အိမ်ကို ချက်ချင်းအပြေးပြန်လာခဲ့တော့တယ်။ ဖခင်ရဲ့ ကြီးမားတဲ့မေတ္တာအစွမ်းတွေ။ တစ်ရွာလုံးလဲ အံ့ဩလို့နေကြတယ်။ နောက်တော့ ဦးဟန်ချစ်ရဲ့ အဝတ်အဟောင်းတွေကို နှစ်စုံ၊ သုံးစုံလောက်ပြန်ချုပ်ပြီး ကလေးအတွက် စီစဉ်ကြရတာပေါ့။

"ငါ့အတွက် တစ်စုံ၊ နှစ်စုံဆို လုံလောက်ပါပြီ။ ငါက အင်္ကျီမဝတ်ဘဲနေလဲရပါတယ်ဟာ။ ငါ့သားလေးကိုပဲ အကုန်ချုပ်ပေးလိုက်ပါ မိန်းမရာ"လို့ ဦးဟန်ချစ်က ပြောရှာတယ်။

ဒါပေမဲ့ ကျော်မောင်မှာ ဦးဟန်ချစ်ဝတ်ပြီးလို့ အတော်ဟောင်းနွမ်းပြီဆိုတဲ့ အဝတ်အထည်တွေကိုပဲ ဝတ်လို့ရတယ်။ အသစ်ထည်တွေကို ဝတ်လို့မရဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဖခင်ရဲ့မေတ္တာတွေ လွှမ်းခြုံပေးလို့ ကျော်မောင်မှာ အရှက်လုံသွားပါပြီ။

(၄)

ကျော်မောင် ကျောင်းနေရမဲ့အရွယ်ကို ရောက်လာတော့ ဖခင်ရဲ့ အဝတ်ဟောင်းလေးတွေဝတ်ပြီး ကျောင်းတက်ရတယ်။ အချို့အဝတ်တွေက အစုတ်အပြဲလေးတွေတောင်ပါရဲ့။ နောက်ပြီး မိခင် ဒေါ်ပစောင့်ကလဲ နောက်ထပ်သားငယ်တစ်ယောက် ကျော်အေးကို မွေးဖွားပြန်တယ်။ ကျော်အေးကတော့ ကျန်းကျန်းမာမာနဲ့ပဲ လူ့လောကထဲကို ရောက်လာခဲ့တယ်။

"ငါ့သားကြီးကိုကြည့်ပြီး စိတ်မအေးချမ်းရဘူးယောကျ်ားရယ်"

"အဲဒီလိုလဲ မတွေးပါနဲ့။ အခုလို လူတောထဲမှာ လူနဲ့သူနဲ့တူအောင်နေနိုင်တာကိုပဲ ဝမ်းသာလှပါပြီ"

"ငါတော့လေ သူ့အတွက် ဆေးဆရာကောင်းကောင်းနဲ့တွေ့ပါစေလို့ပဲ မျှော်နေမိတယ်"

"အေးပါကွာ ငါ အလုပ်ကြိုးစားပါ့မယ်။ ပိုက်ဆံစုပြီးတဲ့အခါ မြို့ပေါ်က ဆရာဝန်ကြီးနဲ့ သွားပြကြည့်ကြတာပေါ့နော်"

တကယ်တမ်း ပိုက်ဆံစုဖို့သာ ပြောနေကြတာ တောင်ပေါ်မှာ စပါးက တစ်နှစ်စာလုံလောက်အောင် မရကြဘူး။ အိမ်မှာမွေးထားတဲ့ ဝက်ကလေးရောင်းချကာ ဆန်ပြန်ဝယ်ကြရတယ်။ နွေပိုင်းရောက်လာရင် ကျောက်ဖရုံသီး၊ ပိန္နဲသီးတွေ ရောင်းကြရတယ်။ ငရုတ်သီး၊ ကော်ဖီစေ့၊ ကြက်ဆူတို့ကို စိုက်တော့စိုက်ကြပါရဲ့ စီးပွားဖြစ်ထိ မရကြဘူး။ တစ်နှစ်စိုက်ပြီးလို့ နောက်နှစ်ရာသီမှာ ချုံနွယ်သစ်တောတွေ၊ ပေါင်းမြက် တွေကိုမနိုမ်နင်းနိုင်ကြလို့ ပစ်လိုက်ကြရသူတွေချည်းပါပဲ။ ဒါကြောင့် တောင်ယာတစ်နှစ်ခုတ် တစ်သီးစားပဲ ရကြတယ်။ လုပ်အားနဲ့ပြန်ရတာနဲ့ တွက်ခြေမကိုက်ကြပါဘူး။ ချုံနွယ်တွေထူထပ်နေတဲ့ တောင်ယာအဟောင်းက သီးနှံတွေဟာ မျောက်တို့၊ တောဝက်တို့ရဲ့အစာတွေပဲ ဖြစ်သွားကြရတယ်။

ဒီလိုနဲ့ပဲ ကျော်မောင်က စတုတ္ထတန်း၊ ကျော်အေးက ဒုတိယတန်းအရောက်မှာပဲ သူတို့မိသားစုဆီကို ထင်မှတ်မထားတဲ့ဒုက္ခတစ်ခု ကျရောက်လာခဲ့တယ်။ သေခြင်းတရားဟာ ဘယ်သူ့ကိုမှ ရက်သတ်မှတ်မထားဘူး။ ကြိုတင်ပြင်ဆင်ခွင့်တောင်မပေးဘူး။ ဦးဟန်ချစ် ငရုတ်ခင်းစိုက်ဖို့ တောင်ယာခုတ်ထွင်ရှင်းလင်းရင်း သစ်ပင်ပိလို့ ရုတ်တရက်သေဆုံးသွားတယ်။ လူ့လောကကြီးထဲမှာ ဒေါ်ပစောင့်ဟာ သားနှစ်ယောက်နဲ့ မျက်စိသူငယ်ကျန်နေခဲ့ရရှာတယ်။ သူတို့ဘဝအတွက် အားကိုးရတဲ့ မဟာတံတိုင်းကြီး ပြိုလဲသွားရလေပြီ။

(၅)

ကျော်မောင် လူပျိုပေါက်အရွယ်ရောက်တော့ သူ့မှာ ဝတ်စရာအဝတ်အထည်က မရှိတော့ဘူး။ ရှက်တတ်တဲ့အရွယ်နဲ့ အဝတ်မဲ့ရတဲ့အဖြစ်မျိုး ကြုံမှကြုံတတ်လေတယ်။ ဒေါ်ပစောင့်ကလဲ အမျိုးမျိုးကြိုးစားရှာတယ်။

"ငါ့အတွက် အားကိုးစရာ အဖေကလဲမရှိတော့ဘူး ငါသေတာကမှ အေးအုံးမယ်"ဆိုပြီး ကျော်မောင် နေ့စဉ်နဲ့အမျှ ငိုနေတယ်။ ရှက်လွန်းလို့ အိမ်ထဲကနေ အိမ်အပြင်ကို မထွက်ဝံ့ဘူး။

စာမျက်နှာ ၂၅ သို့ ➤

# မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၇၈ ဧကထိ စိုက်ပျိုးပြီးစီး



**မော်လိုက် အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မော်လိုက်မြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ၁၁၀၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီ၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိုင်းတုံမြို့နယ် စမ်းသီတာ(၅)မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မိုင်းတုံ အောက်တိုဘာ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စမ်းသီတာ(၅)မိုင်၊ စမ်းသီတာ(၆)မိုင်၊ ပြည်ငြိမ်အေးကျေးရွာအတွက် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက စမ်းသီတာ(၅)မိုင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က ကျေးရွာရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စမ်းသီတာ(၅)မိုင်၊ စမ်းသီတာ(၆)မိုင်၊ ပြည်ငြိမ်အေးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၃၃ ဦးကို ရန်ပုံငွေကျပ် ၄၃၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

➤ စာမျက်နှာ ၂၄ မှအဆက်

မိခင်မရှိတုန်းသေကြောင်းကြံစည်ခဲ့တာ နှစ်ကြိမ်တိတိရှိခဲ့ပေမဲ့ မအောင်မြင်ခဲ့ပေ။ လောကကြီးက တစ်ခါတစ်ရံမှာ ရယ်စရာကောင်းတယ်။ ရုတ်တရက်မမျှော်လင့်ဘဲသေဆုံးသွားဖို့ လွယ်ကူသလောက် ရည်ရွယ်ချက်ရှိရှိနဲ့ တကယ်လက်တွေ့ကျကျသေဖို့ကျတော့ သူ့အတွက် ထင်သလောက်မလွယ်ကူပြန်ဘူး။ ဦးဟန်ချစ်ရဲ့ညီ ဦးစိန်ဘအပါအဝင် ရွာထဲက ဗုဒ္ဓဘာသာဝင်တချို့က "ဒါဟာ သူ့အတွက် ဝဋ်ကြွေးခံနေရတာ" လို့ အသီးသီးပြောကြတယ်။ အခြားဘာသာဝင်တွေကလဲ သူတို့အယူအဆတွေနဲ့သူတို့ အမျိုးမျိုးပြောဆိုကြပြန်တယ်။ ဒေါ်ပစောင့်ကတော့-

"အမေ့သားကို တောင်ယာနတ်မင်းကြီးက စိတ်ဆိုးလို့လုပ်ထားတာ။ အမေရအောင် တောင်းပန်ပေးမယ် ဘာမှမပူနဲ့။ သားအတွက် အမေတစ်ယောက်လုံးရှိတယ်။ အမေ့မှာအားအင်ရှိသရွေ့ ငါ့သားကို အမေရှာဖွေကျွေးမွေးမယ်။ အားမငယ်နဲ့နော်"ဆိုပြီး ခဏခဏအားပေးစကားပြောရှာတယ်။ ကျော်မောင်ကလဲ သူ့ဘဝကြီးကို သူစိတ်ကုန်နေပြီဖြစ်တယ်။

(၆)

"ဒကာမကြီး။ ဒကာမကြီး ဒေါ်ပစောင့်"

တောင်တန်းသာသနာပြုဆရာတော် ဦးသီလရဲ့အသံကိုကြားတော့ ဒေါ်ပစောင့် အိမ်ပေါ်က ဆင်းလာတယ်။

"တပည့်တော်မကို ခေါ်တာလားဘုရား"

"ဘုန်းဘုန်း တစ်ခုလောက်ပြောချင်လို့ပါ။ မောင်ကျော်မောင်ရဲ့ အကြောင်းတွေ ဘုန်းဘုန်းကို ဒကာကြီးဦးစိန်ဘက ပြောပြလို့"

"မှန်ပါ့ဘုရား။ ဆက်ပြီးမိန့်တော်မူပါဘုရား"

"ဒီလိုပါ။ မောင်ကျော်မောင်ကို ဘုန်းဘုန်းတို့ဘုရားရှင်ရဲ့ သားတော်အဖြစ် သင်္ကန်းဝတ်ပေးဖို့ ဒကာကြီး ဦးစိန်ဘက လာလျှောက်တယ်။ မောင်ကျော်မောင်ရဲ့မိဘတွေကို ဝိုင်းကူပြောပေးပါအုံးဆိုပြီး ဒကာကြီးက ပြောလို့ ဘုန်းဘုန်းလာခဲ့ရတာပါ။ ဟော ဟိုမှာ ဒကာကြီးဦးစိန်ဘ လာနေပါပြီ"

"ကိုစိန်ဘ မြန်မြန်လာပါအုံး။ ဒီမှာ ဘုန်းဘုန်းပြောတာလေးတွေကို ကျွန်မနားလည်အောင် ပြန်ရှင်းပြပါအုံး"

"အေး ဒီလို ဒေါ်ပစောင့်ရေ ငါ့တူလေးကျော်မောင်ရဲ့အဖြစ်ကို ငါလဲ မကြည့်ရက်တော့ဘူးဟာ။ သူ့ကို ငါတို့ဗုဒ္ဓဘာသာအတိုင်း ကိုရင်ဝတ်ပေးရရင်အဆင်ပြေမလားလို့ ဘုန်းဘုန်းကိုငါလျှောက်ထားတာ။ ဘုန်းဘုန်းက လက်ခံတယ်"

"ကျွန်မက ဗုဒ္ဓဘာသာမှမဟုတ်တာ။ သားကို အဲဒီလိုလုပ်ပေးရင် သူ့ရောဂါတွေပျောက်မှာလား ကိုစိန်ဘ"

"ငါတို့မှာ အခြားနည်းလမ်းမှမရှိတဲ့အတူတူ အခုလိုစမ်းကြည့်ရရင် ကောင်းမယ်ထင်တယ်။ စောင့်ကြည့်ရမှာပေါ့။ သူ့ကံအတိုင်းပဲ"

"ဒါဆိုရင် သားကို မေးကြည့်ပါအုံးမယ်။ နောက်နေ့ ဘုန်းကြီးကျောင်းကို လာခဲ့ပါ့မယ်ဘုရား"

ဘုန်းဘုန်းနဲ့ ဦးစိန်ဘတို့ ပြန်သွားကြတယ်။ ညရောက်တော့ ဒေါ်ပစောင့်က ကျော်မောင်ကို အကြောင်းစုံပြောပြတယ်။ ကျော်မောင်က-

"စမ်းတော့စမ်းကြည့်ချင်တယ်။ ဒါပေမဲ့ ကြောက်တယ်"လို့ ပြန်ပြောတယ်။

"ငါ့သားသာ ဒီဝေဒနာတွေပျောက်ကင်းမယ်ဆိုရင် အမေလေ သားနဲ့ခွဲပြီးနေနိုင်ပါတယ်။ အမေ့သားကို အခုလိုဘဝဆိုးမျိုး မကြည့်ရက်တော့ဘူး"ဆိုပြီး ဒေါ်ပစောင့် မျက်ရည်ကျတယ်။ ကျော်မောင်လဲ ငိုတယ်။

နောက်နေ့မနက်မှာပဲ ကျော်မောင်ကို ငှက်ပျောရွက်ဘောင်းဘီဝတ်ပေးပြီး လက်ဆွဲကာ သားအမိနှစ်ယောက် ဘုန်းကြီးကျောင်းကို သွားကြတယ်။ နောက်တော့ ဘုန်းဘုန်းက ကျော်မောင်ကို သင်္ကန်းဝတ်ပေးတယ်။

"ကိုရင်ကေသရ ဘယ်လိုနေသေးလဲ။ ယားယံတာတွေရှိသေးလား" လို့ ဆရာတော်က မေးတယ်။

"တအားနေလို့ကောင်းပါတယ် ဘုရား"

ဒီစကားကိုကြားရတော့ ကျောင်းမှာရှိတဲ့လူတွေအားလုံး ဝမ်းသာကြရတယ်။ ဒေါ်ပစောင့်လဲ ဝမ်းသာလွန်းလို့ မျက်ရည်တွေလည်လာတယ်။

"ကျေးဇူးတင်ပါတယ် ဘုန်းဘုန်းဘုရား။ သားအဖြစ်ကို ကိုဟန်ချစ်ကြီး မြင်စေချင်လိုက်တာ"

အခုဆိုရင် ကိုရင်ကေသရက စာသင်တိုက်တစ်ခုမှာ ပညာသင်ကြားလို့နေပါပြီ။ ရွာထဲမှာ သူ့အကြောင်းကိုပြောတဲ့ စကားသံတစ်ခုရှိတယ်။ "သူ့အဖြစ်က ဝဋ်ကြွေးလို့ပြောရမလား၊ ပါရမီထူးတယ်လို့ပဲ ပြောရမလား မသိတော့ပါဘူး"တဲ့။

ဘယ်လိုပဲဖြစ်ဖြစ် ကျော်မောင်ဟာ ဖခင်မရှိတဲ့နောက်ပိုင်း ဘုရားရှင်ရဲ့မေတ္တာအရိပ်အောက်မှာ ဘဝလုံခြုံမှုကို ရရှိသွားပါပြီ။

## ကျန်းမာရေးသည် အဓိက

- ကျန်းမာအောင် နေထိုင်ပေး
ဝမ်းစာရေး ရှာဖွေနိုင်၊
စိတ်စေရာ ကိုယ်မခြား
ခွန်အားတို့ခိုင်၊
လျှောက်လှမ်းသော သင့်ပန်းတိုင်
မလဲမယိုင် တည်ရှိခြင်း၊
ဆင်ခြင်လေ အစားမပျက်ဖို့
ရှေ့ဆက်ဆွေရင်း။

- ပျော်ပျော်ရွှင် ကောင်းသတင်း
အပေါင်းသင်း တွေ့ဆုံမည်၊
ကျန်းမာစေ ထိန်းသိမ်းထား
တန်ဖိုးများတည်၊
လေ့ကျင့်ခန်း လှုပ်ရှားညီ
ကိုယ်စိတ်ကြည် ရောဂါဝေး၊
အသက်ကို ဉာဏ်ကစောင့်မှ
ဖြောင့်တန်းရှေ့ရေး။

- အချိန်မှန် အိပ်ကာပေးလို့
အစာမဝေး မှန်ပါစေ၊
ဆီးဝမ်းကို သတိထား
ဘေးများကင်းပေ၊
ဇီဝဓာတ် ခန္ဓာတွေ
သန်မာလေ သတိချင့်၊
နေ့စဉ်သာ သန်စွမ်းဖြိုးအောင်
ကြိုးစားလေ့ကျင့်။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

# ကြံခင်းမြို့နယ် သံအိုးကင်းကျေးရွာ၌ ကျောက်ရောမြေနီလမ်းခင်းခြင်းစစ်ဆေး

**ကြံခင်း အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကွင်းကြီးကျေးရွာအုပ်စု သံအိုးကင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေနီခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ သံအိုးကင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြံခင်းမြို့နယ် သံအိုးကင်းကျေးရွာ၌ လမ်းအရှည်ပေ ၂၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ရောမြေနီလမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူလူထု ထည့်ဝင်ငွေကျပ် ခုနစ်သန်း စုစုပေါင်း ငွေကျပ် ၂၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# အချင်းချင်းသဘောတူညီမှုဖြင့် စပ်ယှက်ခြင်းကြောင့် လျော်ကြေးမရထိုက်



အရွယ်ရောက်ပြီးဖြစ်သည့် မြန်မာဗုဒ္ဓဘာသာ မိန်းကလေးတစ်ဦးနှင့် ယောကျ်ားလေးတစ်ဦးတို့သည် **မိမိတို့အချင်းချင်းသဘောတူညီမှုဖြင့် ကာမစပ်ယှက်ကြသည်တွင်** မိန်းကလေး၌ ပဋိသန္ဓေတည်ရှိရာ ယောကျ်ားလေးဖြစ်သူက လက်ထပ်ထိမ်းမြားရန်ငြင်းဆိုသော် ထိုမိန်းကလေးကို ယောကျ်ားလေးဖြစ်သူက ရှေးထုံးဓမ္မသတ်များအရလည်းကောင်း၊ တရားရုံးချုပ်က ဆုံးဖြတ်ထားသည့်စီရင်ထုံးများအရလည်းကောင်း လျော်ကြေးမပေးထိုက်ကြောင်းဖြင့် စီရင်ဆုံးဖြတ်ထုံးဖွဲ့ထားသောအမှုတစ်ခုအကြောင်းကို ဥပဒေဗဟုသုတအလို့ငှာ ရေးသားပါမည်။

မန္တလေးမြို့ မြို့နယ်တရားမရုံး၌ မသန်းရင်က မောင်သန်းဌေးအပေါ်တွင် ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်သဖြင့် လျော်ကြေးငွေ ၂၀၀ ကျပ်ရလိုမှုစွဲဆိုသည်။ (၁၉၆၅ ခုနှစ်က ဖြစ်ပါသည်) မသန်းရင်သည် အသက် ၂၂ နှစ်ကျော်မျှရှိပြီး တစ်လင်ကွာ မိန်းမတစ်ဦးဖြစ်သည်။ မသန်းရင်၏ အဆိုတွင် မိမိကို မောင်သန်းဌေးက လက်ထပ်ထိမ်းမြားပါမည်ဟုပြောဆိုသဖြင့် မိမိနှင့် မောင်သန်းဌေးတို့သည် အကြိမ်ကြိမ်ကာမစပ်ယှက်ခဲ့ရာ နောက်ဆုံးတွင် မိမိ၌ပဋိသန္ဓေရှိခဲ့ကြောင်း၊ ထိုအခါ မိမိကို လက်ထပ်ထိမ်းမြားရန် ပြောဆိုသော်လည်း မောင်သန်းဌေးက ငြင်းဆန်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိနစ်နာမှုအတွက် မောင်သန်းဌေးထံမှ လျော်ကြေးငွေ ၂၀၀ ကျပ်ရထိုက်ကြောင်း အဆိုပြုထားရာ မောင်သန်းဌေးက မသန်းရင်၏ စွပ်စွဲချက်များကို လုံးဝငြင်းဆိုထားသည်။

မူလရုံးတရားသူကြီးက မောင်သန်းဌေးသည် မသန်းရင်ကို လက်ထပ်ထိမ်းမြားရန် ကတိပြုခဲ့ကြောင်းမထင်ရှားဟု ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် မသန်းရင်သည် မောင်သန်းဌေးနှင့် ကာမစပ်ယှက်သဖြင့် မသန်းရင်တွင် ပဋိသန္ဓေရှိနေခြင်းဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ထားသည်။ ထို့ကြောင့် **"တရားမျှတမှုကိုရှေးရှုပြီး တရားလိုသည် မိမိတောင်းဆိုသည့်အတိုင်း လျော်ကြေးငွေမရထိုက်စေကာမူ နစ်ဖက်မျှတ၍ စရိတ်လွတ် ငွေ ၁၅၀ ကျပ်ပေးစေ"**ဟု အမိန့်ချမှတ်လိုက်သည်။

ထိုအမိန့်ကိုမကျေနပ်သဖြင့် မောင်သန်းဌေး က အယူခံဝင်ရာ မန္တလေးခရိုင်တရားမရုံး ၁၉၆၅ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၇ တွင် ကြားနာစစ်ဆေးခဲ့သည်။ ခရိုင်တရားမ တရားသူကြီးက မောင်သန်းဌေးသည် မသန်းရင်ကို ထိမ်းမြားလက်ထပ်ရန် ကတိမရှိဟု မူလရုံးယူဆခြင်းကိုလက်ခံသည်။ သို့ရာတွင် **"တရားလိုသည် မိမိကိုယ်ကို တရားခံသို့ အကြိမ်ကြိမ်ပေးအပ်၍ ပဋိသန္ဓေရရှိခဲ့သည်ဖြစ်ရာ ထိမ်းမြားလက်ထပ်မည်၊ တောင်းရမ်းမည် စသည်ဖြင့် တရားခံက ကတိပြုခဲ့ခြင်းမရှိဆိုလျှင် တရားခံက ဖြားယောင်းသွေးဆောင်သည်ကို တရားလိုက ယုံကြည်သဘောတူညီကာ ကာမစပ်ယှက်ခဲ့ခြင်းကြောင့် ပဋိသန္ဓေရှိခြင်းဖြစ်သည်"**ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

ထိုကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ယခင်တရားရုံးချုပ်များက ချမှတ်ထားသည့် စီရင်ချက်များတွင် ထိမ်းမြားလက်ထပ်ရန် ယောကျ်ားက ကတိပြုခဲ့ခြင်းမရှိဘဲ ဖြားယောင်းသွေးဆောင်ပြီး ကျူးလွန်မိသောကြောင့် ပဋိသန္ဓေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မြန်မာဗုဒ္ဓဘာသာအမျိုးသမီးတစ်ဦးသည် လျော်ကြေးမတောင်းဆိုနိုင်ဟု ပြဆိုထားသော်လည်း ထိုစီရင်ထုံးများသည် ခေတ်နှင့်လျော်ညီသော စီရင်ထုံးများမဟုတ်ခြင်းကြောင့်မလိုက်နာဘဲ မကြာမီက ဤရုံးမှဆုံးဖြတ်ခဲ့သည့် **မောင်ကိုကြီးနှင့် ဒေါ်အုံးခင်** အမှုစီရင်ထုံးကို ကိုးကား၍ မူလရုံးတရားသူကြီး၏ စီရင်ချက်ကို အတည်ပြုခဲ့သည်။ (ငွေ ၁၅၀ ကျပ်ပေးစေခြင်းကို အတည်ပြုသည်)

**နိုင်ငံတော်တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားသူကြီးဦးစိန်သင်းက ယခု ကျွန်ုပ်ရှေ့ရှိအမှုတွင် မောင်သန်းဌေးက မသန်းရင်ကို ဖြားယောင်းသွေးဆောင်ပြီး ကျူးလွန်သည်ဟူ၍ပင် ယူဆစရာအကြောင်းမရှိပေ။ ပထမအယူခံရုံးတရားသူကြီးက မောင်သန်းဌေးသည် မသန်းရင်ကို ထိမ်းမြားလက်ထပ်ရန် ကတိပေးခဲ့ခြင်းမရှိဟုဆိုလျှင် မောင်သန်းဌေးက ဖြားယောင်းသွေးဆောင်သည်ကို မသန်းရင်က ယုံကြည်သောကြောင့်သာလျှင် သဘောတူပြီး ကာမစပ်ယှက်ကာ ပဋိသန္ဓေရှိခြင်းဖြစ်တန်ရာသည်ဟု ယူဆထားသည်။ သို့ရာတွင် ထိုယူဆချက်မှာ ၎င်း၏ ခန့်မှန်းချက်မျှသာဖြစ်ကြောင်း တရားရုံးချုပ်က သုံးသပ်ခဲ့သည်။

ထိုထက်တစ်ဆင့်တိုး၍ အယူခံတရားခံအတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီးက မိန်းကလေးတစ်ဦးသည် ယောကျ်ားလေးတစ်ဦးကို ကာမစပ်ယှက်ရန်ခွင့်ပြုခဲ့သော် ထိုယောကျ်ား၏ တောင်းရမ်းထိမ်းမြားပါမည်ဟူသော ကတိရရှိသောကြောင့်သာလျှင်ဖြစ်ပေလိမ့်မည်ဟုတင်ပြထားသည်။ ယင်းသို့သောကိစ္စများတွင် ယောကျ်ားလေးက ထိုကဲ့သို့ကတိပေးကြောင်း သက်သေခံတင်ပြရန် တာဝန်၏အလေးချိန်သည် အခြားအချက်များတွင် သက်သေခံပြရမည့် တာဝန်၏အလေးချိန်လောက် မလေးသင့်။ ထို့ကြောင့် ဤအမှုတွင် အယူခံတရားလို မောင်သန်းဌေးနှင့် အယူခံတရားခံ မသန်းရင်တို့သည် တစ်ကြိမ်တစ်ခါကျူးလွန်ကြခြင်းမဟုတ် အဖန်တလဲလဲကျူးလွန်ခဲ့ကြခြင်းဖြစ်ရာ မောင်သန်းဌေးက လက်ထပ်ထိမ်းမြားပါမည်ဟူသော ကတိပေးခြင်းကြောင့်သာလျှင် မသန်းရင်က ကျူးလွန်ခြင်းကို ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း လျှောက်လဲတင်ပြထားသည်။

**❖ ဤကိစ္စမျိုးသည် နှစ်ဦးနှစ်ဖက် ကိုယ်ကျင့်တရားပျက်ပြားခြင်းကြောင့် ပေါ်ပေါက်လာသည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်တိုင် အကျင့်စာရိတ္တပျက်ပြားသဖြင့် ပေါ်ပေါက်လာသည့်ကိစ္စများတွင် တရားဥပဒေ၏အကူအညီကို တောင်းဆိုရန်မသင့်။ နှစ်ဦးစလုံး ညီတူ ညီမျှအပြစ်ရှိသူများဖြစ်ခြင်းကြောင့် ရုံးတော်၏အကူအညီကို မည်သူမျှမရထိုက်ချေ။ တရားမျှတမှုကို လိုလားသူသည် မိမိကိုယ်တိုင် သန့်ရှင်းရမည်ဟူသော ရောမလူမျိုးတို့၏ဆိုရိုးစကားကို သတိချပ်သင့်ကြောင်း တရားရုံးချုပ်က ဖော်ညွှန်းသုံးသပ်ခဲ့ပါသည်။ ❖**

ကိလေသာစိတ်မကုန်ခန်းကြသေးသော ပုထုဇဉ်များအတွက် သွေးသားတောင့်တမှုကြောင့် မည်သည့်ရည်ရွယ်ချက်မျိုးမှမရှိဘဲ ကာမစပ်ယှက်ခြင်းသည်လည်းရှိနိုင်ပေရာ မသန်းရင်၏ ရှေ့နေကြီးတင်ပြသောလျှောက်လဲချက်များကို လက်ခံနိုင်ရန်ခဲယဉ်းကြောင်း၊ **ယောကျ်ားနှင့်မိန်းမတို့ ကာမစပ်ယှက်သည့်ကိစ္စတိုင်းတွင် ယောကျ်ားလေးက မိန်းကလေးကို ထိမ်းမြားပါမည်ဟူသော ကတိပေးခဲ့ခြင်းဖြစ်သည်ဟု ယူဆရမည်ဆိုပါက အကျင့်ဖောက်ပြားမိန်းမသားများ၏ မာယာကျော့ကွင်းသို့ သက်ဆင်းရရှာသည့် ယောကျ်ားများအတွက် အခက်ကြုံဖွယ်ရာရှိချေမည်။** ထို့ကြောင့် အကျင့်စာရိတ္တပျက်ပြားခြင်းကို အားပေးကူညီရာရောက်သည့် တွေးခေါ်ယူဆချက်များမှ ရှောင်ရှားသင့်ပေသည်။

ဤအမှုတွင် အယူခံတရားခံ မသန်းရင်သည် အသက်အရွယ်အားဖြင့်လည်းကောင်း၊ အလုပ်အကိုင်အားဖြင့်လည်းကောင်း တစ်ဦးတစ်ယောက်၏ ဖြားယောင်းသွေးဆောင်ခြင်းကို လွယ်လင့်တကူလိုက်လျောနိုင်သည့် မိန်းကလေးတစ်ဦးမဟုတ်ချေ။ အမှုတွဲတွင်ရှိသည့် သက်သေခံချက်များကို သေချာစွာ စိစစ်ဝေဖန်ကြည့်ရှုသောအခါ၌လည်း အယူခံတရားလို မောင်သန်းဌေးက မသန်းရင်ကို ဖြားယောင်းသွေးဆောင်ပြီး ကျူးလွန်ခဲ့ကြောင်း တစ်စုံတစ်ရာမပေါ်ပေါက်ချေ။ ထို့ကြောင့် ဤအမှုတွင် ပေါ်လွင်သည့်အချက်အလက်များအရဆိုသော် မသန်းရင်သည် ရှေးထုံးဓမ္မသတ်များအရလည်းကောင်း၊ တရားရုံးချုပ်က ဆုံးဖြတ်ထားသည့် စီရင်ထုံးများအရလည်းကောင်း မိမိတောင်းဆိုသည့် လျော်ကြေးကိုမရထိုက်ဟု ယူဆရမည်ဖြစ်ကြောင်း တရားရုံးချုပ် တရားသူကြီး ဦးစိန်သင်းက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

အကျင့်စာရိတ္တပျက်ပြားခြင်းကို အားပေးရာရောက်မည်ဟူသောအချက်နှင့်ပတ်သက်၍ အယူခံတရားခံအတွက်လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီးက ဤအမှုမျိုးတွင် လျော်ကြေးပေးရန် ပိတ်ပင်ထားပါက မသမာသည့်ယောကျ်ားများသည် ထိုဥပဒေကို အကာအကွယ်ယူကာ မလျော်သည့်အခွင့်အရေးကို ရယူခြင်းအားဖြင့် အကျင့်စာရိတ္တပျက်ပြားလာဖွယ်ရှိသည်ဟု တင်ပြထားသည်။ သို့ရာတွင် ဤကိစ္စမျိုးသည် နှစ်ဦးနှစ်ဖက်ကိုယ်ကျင့်တရားပျက်ပြားခြင်းကြောင့် ပေါ်ပေါက်လာသည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် **မိမိကိုယ်တိုင် အကျင့်စာရိတ္တပျက်ပြားသဖြင့် ပေါ်ပေါက်လာသည့်ကိစ္စများတွင် တရားဥပဒေ၏ အကူအညီကို တောင်းဆိုရန်မသင့်။ နှစ်ဦးစလုံးညီတူညီမျှ အပြစ်ရှိသူများဖြစ်ခြင်းကြောင့် ရုံးတော်၏ အကူအညီကို မည်သူမျှမရထိုက်ချေ။ တရားမျှတမှုကို လိုလားသူသည် မိမိကိုယ်တိုင်သန့်ရှင်းရမည်ဟူသော** ရောမလူမျိုးတို့၏ဆိုရိုးစကားကို သတိချပ်သင့်ကြောင်း တရားရုံးချုပ်က ဖော်ညွှန်းသုံးသပ်ခဲ့ပါသည်။

ပထမအယူခံရုံးတရားသူကြီးသည် များမကြာမီက ၎င်းကိုယ်တိုင်ပါဝင်သည့်ခုံရုံးမှ ဆုံးဖြတ်လိုက်သော **မောင်ကိုကြီးနှင့် ဒေါ်အုံးခင် နိုင်ငံတော်တရားရုံးချုပ် ၁၉၆၄ ခုနှစ်၊ တရားမ စောဒကမှုအမှတ်-၁ အမှုစီရင်ထုံးကို** ကိုးကားထားသည်။ သို့ရာတွင် ထိုအမှုတွင်ပေါ်ပေါက်သည့်ဖြစ်ရပ်များနှင့် ဤအမှုတွင်ပေါ်ပေါက်သည့်ဖြစ်ရပ်များသည် အလွန်ကွာခြားသည်။ မောင်ကိုကြီးတို့အမှုတွင် အရွယ်မရောက်သေးသည့်မိန်းကလေးတစ်ဦးကို အရွယ်ရောက်ပြီးဖြစ်သည့်ယောကျ်ားလေးက ထိမ်းမြားပါမည်ဟု ကတိပြုဖြားယောင်းသွေးဆောင်ကာ ပေါင်းသင်းဆက်ဆံခဲ့ခြင်းဖြစ် သည်။ ထို့ကြောင့်လည်း ထိုအမှုတွင်**"ကျွန်ုပ်တို့နိုင်ငံ၌ကျင့်သုံးနေကြသော လူလူချင်း အနိုင်အထက်မပြု အမြတ်မထုတ် လောကပါလကျင့်ဝတ်နှင့်အညီ ကူးလူးဆက်ဆံကြသည့်တရားကို ထောက်ရှု၍ စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်"**ဟု မြွက်ဟထားသည်ကို တွေ့ရှိနိုင်သည်။

ယခုအမှုတွင်ကား အယူခံတရားခံ မသန်းရင်သည် အတွေ့အကြုံရှိခဲ့ဖူးသည့် တစ်လင်ကွာ မိန်းမသားတစ်ဦးဖြစ်သည်။ ၎င်းကို မောင်သန်းဌေးက လိမ်လည်ဖြားယောင်းသွေးဆောင်ခြင်းပြုခဲ့သည်ဟူ၍လည်း အမှုတွဲတွင်ရှိသည့် သက်သေခံချက်များအရ မပေါ်ပေါက်။ ထို့ကြောင့် အထက်ပါစီရင်ထုံးတွင် ကျင့်သုံးထားသည့်မူကို ဤအမှုတွင် ထည့်သွင်းစဉ်းစားရန်မဖြစ်နိုင်ကြောင်း စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးတရားရုံးများက တရားသူကြီးများသည် တရားရုံးချုပ်များက ဆုံးဖြတ်ထားသည့်စီရင်ထုံးများကို လိုက်နာကျင့်သုံးရန် ဝတ္တရားရှိသည်။ တရားရုံးချုပ် တရားသူကြီးတစ်ဦးက ချမှတ်ထားသည့်စီရင်ထုံးကို နောက်တစ်ဦးက ပယ်ဖျက်နိုင်စွမ်းမရှိ။ ပယ်ဖျက်လိုက ခုံရုံးဖွဲ့၍ ပယ်ဖျက်ရာ၏။ **မသောင်းနှင့် မောင်တင်ဖေ မြန်မာပြည်စီရင်ထုံး(တရားလွှတ်တော်) ၁၉၅၇ ခုနှစ်၊ စာ-၂၅၉** အထက်ဖော်ပြပါအကြောင်းများကြောင့် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးတရားရုံးများက တရားသူကြီးများချမှတ်ခဲ့သည့် စီရင်ချက်များနှင့် ဒီကရီတို့ကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်ပါသည်။ မောင်သန်းဌေးက လျော်ကြေးမပေးရတော့ပါ။ **မောင်သန်းဌေးနှင့် မသန်းရင် ၁၉၆၆ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်-၃** ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

**စိန်လှိုင်ဗိုလ်**

# ၂၀၂၄ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလကုန်ထိ ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၄၆၄ စင်းဝင်ရောက်ခဲ့



ရန်ကုန် အောက်တိုဘာ ၂

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကုန်ထိ ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၄၆၄ စင်း ဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘောများဝင်ရောက်ထားမှုမှာ ဇန်နဝါရီလတွင် ၄၉ စင်း၊ ဖေဖော်ဝါရီလတွင် ၅၃ စင်း၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင်လည်း အစင်း ၅၀၊ မေလတွင် ၅၂ စင်း၊ ဇွန်လတွင် အစင်း ၅၀၊ ဇူလိုင်လတွင် အစင်း ၅၀၊ ဩဂုတ်လတွင် အစင်း ၅၀၊ စက်တင်ဘာလတွင် ၅၅ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

"အောက်တိုဘာလအတွင်းမှာလဲ မြန်မာနိုင်ငံကို ကုန်သေတ္တာတင်သင်္ဘော ၅၂ စင်း ဝင်ရောက်ဖို့ရှိပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလကလဲ မြန်မာနိုင်ငံကို ကုန်သေတ္တာတင်သင်္ဘော ၅၅ စင်း ဝင်ရောက်ခဲ့ပါတယ်။ ကုန်သွယ်မှုလုပ်ငန်းတွေကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းကနေ ပိုမိုဆောင်ရွက်နေပါတယ်။ ရန်ကုန်ဆိပ်ကမ်းဒေသမှာ အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးတွေဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းတံတား ၂၇ စင်း၊ ရန်ကုန်သီလဝါအပြင်ဆိပ်ကမ်းဒေသမှာဆိပ်ကမ်းတံတား ၁၉ စင်း စုစုပေါင်း ၄၆ စင်းနဲ့ ဝန်ဆောင်မှုပေးနေပါတယ်"ဟု မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်လွင်ဇော်က ပြောပြသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်ထိ တစ်နှစ်တာကာလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၆၄၅ စင်း ဝင်ရောက်ဆိုက်ကပ်ကာ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ASH

# ဖျာပုံမြို့နယ် ရှမ်းကွင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

ဖျာပုံ အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄- ၂၀၂၅ဘဏ္ဍာနှစ်တွင် ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ရှမ်းကွင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်၊ ဖျာပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးနှင့် (VDP) စီမံကိန်းတာဝန်ခံဝန်ထမ်းများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေပြည်သူလူထုထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်းငွေကျပ် ၁၈ သန်းဖြင့် ရှမ်းကွင်းကျေးရွာတွင် အရှည်ပေ ၁၀၀၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာနေပြည်သူလူထုကိုယ်တိုင် စက်တင်ဘာလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးထက်အောင်က လုပ်ငန်းများ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ရှမ်းကွင်းကျေးရွာရှိ အိမ်ခြေ ၃၇၈ အိမ်၊ လူဦးရေ ၁၆၀၂ ဦးတို့ ရာသီမရွေးသွားလာရလွယ်ကူမည်ဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများတွင်လည်း အကျိုးပြုသွားမည်ဖြစ်ကြောင်း ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်က ပြောပြ၍ သိရသည်။

နှံ့ယဉ်

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ရေဦး အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၃၂၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ၁၁၀၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ မြေပဲ ၁၁၃၂၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၁၀၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားများနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



# ဖြူးမြို့နယ် ဦးကြုံးစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဖြူး အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးကြုံးစုကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ဦးကြုံးစုကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဦးကြုံးစုကျေးရွာရှိ ကျေးရွာ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၅၀ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များက ဦးကြုံးစုကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၂၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၄ ဒသမ ၅၀ သန်း စုစုပေါင်း အသင်းသား၊အသင်း သူ ၆၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၅၀သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုညို

# ပွင့်ဖြူမြို့နယ် သက်သာပန်းတောင်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

ပွင့်ဖြူ အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ကိုင်းကျေးရွာအုပ်စု သက်သာပန်းတောင်း ကျေးရွာ၌ ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများနှင့်အတူ သက်သာပန်းတောင်းကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများကိုတွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အချိန်မီပြီးစီးရေးအတွက်လိုအပ်သည့်နည်းပညာများ ဆောင်ရွက်ပေးခဲ့သည်။

သက်သာပန်းတောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၆၄၀၀၊ အကျယ် ၁၂ ပေ၊ လမ်းအမြင့် ခြောက်လက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၈ သန်း စုစုပေါင်းငွေကျပ် ၁၅ ဒသမ၈သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၅ ရက်က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ဆရာ့ကျေးဇူး ဆပ်ဖူးစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

ကျေးဇူးအနန္တနှင့်ပြည့်စုံသော ဆရာ၊ ဆရာမများကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ထားသည်။ ၁၉၆၆ ခုနှစ်တွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ်(ILO) အဖွဲ့တို့က ဆရာများ၏ အခွင့်အရေးနှင့် တာဝန်များကို အသိအမှတ်ပြုရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ပထမဆုံးသော ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျင်းပခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ ဆရာများ၏အရေးပါမှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာများ၏ ပါဝင်ဆောင်ရွက်နေမှုတို့ကိုအသိအမှတ်ပြုရန် ကျင်းပခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် ချမှတ်ထားသောဆောင်ပုဒ်မှာ "Valuing teacher voices" "ဆရာ့အသံများကို အလေးထားခြင်း"ဖြစ်သည်။ ယခုနှစ်အခမ်းအနားသည် ဆရာများအနေဖြင့် အနာဂတ်ပညာရေးကို ပုံဖော်တည်ဆောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်းနှင့် ၎င်းတို့၏အမြင်များကို ပညာရေးဆိုင်ရာမူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်တွင် ပေါင်းစပ်ဆောင်ရွက်သွားရေး အရေးပေါ်လိုအပ်ချက်ကို အလေးထား၍ ကျင်းပသွားမည်ဖြစ်သည်။

**ဆရာဆိုသည်မှာ**

ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့က ထုတ်ထားသော မြန်မာအဘိဓာန်တွင် "ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူ"ကို ဆရာဟူ၍ ဖွင့်ဆိုထားရှိသည်။ မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်တွင် "ရှေးရှုမေတ္တာ၊ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ၊ ဆရာဟူလေ့"ဟု ဆိုထားသည်။ အမှန်စင်စစ်မှာမူ ဆရာများသည် အိုးထိန်းသည်နှင့်လည်းတူနေသည်။ ခိုင်ခံ့သောအိုးကောင်းများရရှိရေးအတွက် အိုးများကို နာနာတေပေးရသည်။ ထိုနည်းတူစွာ တပည့်များကို လူကောင်း၊ လူတော်များဖြစ်လာစေရေးအတွက် အမုန်းခံ၊ အပင်ပန်းခံ၊ အနစ်နာခံ သင်ကြားပြသပေးရသူများဖြစ်ကြသည်။

ထို့ပြင် "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ"ဆိုသောကျင့်ဝတ်များအတိုင်း ကျင့်ကြံနေထိုင်ကြသူများမှာ ဆရာများသာ ဖြစ်ကြသည်။ ဆရာများသည် "ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု၊ ဉာဏ်ခြောက်ခု ကြီးသူဂုဏ်အင်္ဂါ" ဟူသော နာယကဂုဏ်ခြောက်ပါးနှင့်လည်း ပြည့်စုံလေ့ရှိကြသည်။ အထူးခြားဆုံးအချက်မှာ မြတ်ဆရာများသည် "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ"ဟူသော သူတော်ကောင်းတရားခုနစ်ပါးကိုလည်း လက်ကိုင်ထားကြသူများဖြစ်ကြသည်။ အမှန်စစ်စစ်မှာမူ ဆရာဆိုသည်မှာ တပည့်များကို ဘဝပန်းတိုင်သို့ ဖြောင့်ဖြောင့်ဖြူးဖြူးလျှော်ခတ်နိုင်ရန်အတွက် တည့်မတ်ထိန်းကျောင်းပေးလိုက်သော ပဲ့ကိုင်ရှင်များသာဖြစ်ကြသည်။

လူတစ်ဦး၏ဘဝတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ ဆရာများစွာရှိနေမည်ဖြစ်သည်။ "ဆရာများသားသေ"ဆိုသောစကားပုံသည် ဆေးပညာရပ်နှင့်သာ သက်ဆိုင်မည်ဖြစ်ပါသည်။ ဆရာများစွာထံတွင် တပည့်ခံဖူးသောသူတစ်ဦးသည် ဘဝတွင် မတိုးတက်စရာအကြောင်းမရှိချေ။ "ဆရာစားမချန်"ဆိုသည့်စကားအတိုင်း ဆရာများသည် ကိုယ့်တပည့်များကို တတ်သိသမျှ အိတ်သွန်ဖာမှောက် သင်ကြားပြသပေးနေသည့် စေတနာရှင်များသာဖြစ်ကြသည်။ ဆရာများသည် ငွေကြေးခနမကြွယ်ဝသော်လည်း တပည့်မရှားဘဲ ပီတိဖြင့်သာကျေနပ်နေသူများဖြစ်ကြသည်။

"ဆရာမပြ နည်းမကျ"ဆိုသော စကားပုံသည် မြန်မာမှုနယ်ပယ်၌ တွင်ကျယ်လျက်ရှိသည်။ ဆရာမပြလျှင် ငါးပိကိုတောင် နည်းလမ်းတကျဖုတ်တတ်ကြမည်မဟုတ်ချေ။ "လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယမိနှင့်ဖ"ဆိုသလို ကျေးဇူးရှင်မိဘနှစ်ပါးသည် သားသမီးများ၏ လက်ဦးဆရာများပင်ဖြစ်သည်။ မိဘနှစ်ပါးသည် သားသမီးများကို ငယ်စဉ်ကတည်းက ပေါင်းသင်းဆက်ဆံရေးနှင့် သွားလာနေထိုင်ရေးအပါအဝင် လူသားတစ်ဦးလိုက်နာကျင့်သုံးအပ်သောနီတိများကို လက်ထပ်သင်ကြားပေးခဲ့သည်။ ထို့ကြောင့် မိဘများ၏သင်ကြားပြသမှုနည်းလမ်းများအတိုင်း လိုက်နာကျင့်ကြံပြုမူကြိုးစားသူများသည် ဘဝတွင် အောင်မြင်မှုများဆွတ်ခူးနိုင်ကြသည်။ ထိုသဘောတရားကို မည်သူမျှ သံသယဝင်နေရန် လိုမည်မဟုတ်ပေ။

**ပန်းပျိုးလက်များ**

ကလေးငယ်တစ်ဦးသည် အသက် ငါးနှစ်ပြည့်လျှင် မိဘရင်ခွင်မှထွက်ကာ ပညာသင်ကြားရန် ကျောင်းစတက်ရသည်။ ကလေးငယ်တစ်ဦးသည် ကျောင်းစတင်တက်သည့်နေ့တွင် သူငယ်ချင်းအသစ်များ၊ နယ်ပယ်အသစ်တွင် စူးစမ်းစရာများစွာကို စတင်လေ့လာသင်ယူရသည်။ မိဘနှစ်ပါးပြီးလျှင် ဆရာ၊ ဆရာမများသည် ကလေးငယ်များပြုစုပျိုးထောင်သည့်နေရာတွင် များစွာအရေးပါလျက်ရှိသည်။ ဆရာတစ်ဦးသည် နှလုံးသားနုနယ်သော ကလေးငယ်များကို အမျိုးမျိုးပုံသွင်းနိုင်စွမ်းရှိသည်။ ဆရာ၏ စိတ်ဆန္ဒပေါ်တွင်သာ မူတည်နေမည်ဖြစ်သည်။ ဆိုရလျှင် ဆရာ၊ ဆရာမများသည် အနာဂတ်ကိုအလှဆင်မည့်ပန်းများဖြစ်သည့် တပည့်များကို ပျိုးထောင်ပေးသူများပင်ဖြစ်သည်။ ဆရာ၊ ဆရာမများသည် တပည့်များ တော်လျှင်၊ တတ်လျှင်၊ အောင်မြင်လျှင် ပီတိဖြစ်နေသူများသာဖြစ်သည်။ ဆရာ၊ ဆရာမများသည် စေတနာ၊ ဝါသနာ၊ အနစ်နာ ဆိုသော နာသုံးနာနှင့် ပြည့်စုံသူများဖြစ်ကြသည်။ အထူးသဖြင့် အပြုသဘောဆောင်သောစိတ်ကောင်းစေတနာများ ပြည့်လျှံနေတတ်ပေသည်။

**မှတ်မှတ်ထင်ထင်ရှိနေ**

စာရေးသူ၏ဘဝတစ်လျှောက်တွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများစွာကို ကြုံတွေ့ခဲ့ရသည်။ ထိုထဲမှ မှတ်မှတ်ထင်ထင်ရှိနေသော ပထမဆုံးသင်ဆရာများသည် မိဘနှစ်ပါးဖြစ်သည်။ မိဘနှစ်ပါး၏ သွန်သင်ပြသမှုများကြောင့် ဘဝခရီးလမ်းတစ်လျှောက်တွင် အခက်အခဲများကျော်ဖြတ်ရာ၌ များစွာအထောက်အကူပြုခဲ့သည်။ ထို့နောက် ရွာဦးကျောင်းဆရာတော်သည် သင်ပုန်းကြီးဖတ်စာ၊ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား ဂဏန်းသင်္ချာနှင့် လူမှုကျင့်ဝတ်များကို စတင်သင်ကြားပေးခဲ့သည်။ ယခုတွင် ဆရာတော်သည် ပျံလွန်တော်မူသွားပြီဖြစ်သည်။ ဆရာတော်၏ သွန်သင်ဆုံးမမှုများကြောင့် စိတ်ခွန်အားများစွာဖြစ်ခဲ့သည်။

ထို့နောက် ဝန်ထမ်းဘဝတွင် အင်္ဂလိပ်စာ ဆက်လက်လေ့လာခဲ့ရာ ရန်ကုန်မြို့ လှည်းတန်းလမ်းဆုံရှိ ဆရာကြီး ဦးမြကြိုင်၏ အင်္ဂလိပ်စာအတန်းခွဲများသို့ တက်ရောက်သင်ယူဖြစ်ခဲ့သည်။ ဆရာကြီးသည် အင်္ဂလိပ်စာအပြင် ပေါင်းသင်းဆက်ဆံရေးနှင့် လူမှုကျင့်ဝတ်တို့ကိုပါ သင်ပြပေးခဲ့သည်။ ထိုအချိန်မှစ၍ အင်္ဂလိပ်စာကို စဉ်ဆက်မပြတ်လေ့လာနိုင်ခဲ့သည်။ ဆရာကြီး၏ကျေးဇူးကြောင့် အဆင့်မြင့်သင်တန်းကြီးတစ်ခုမှ သင်တန်းသားအရာရှိကြီးများအတွက် စာတမ်းကိုပင်လျှင် မြန်မာမှ အင်္ဂလိပ်သို့ ဘာသာပြန်ပေးနိုင်ခဲ့သည်။ ဆရာကြီးဦးမြကြိုင်သည် စာရေးသူ၏ ဘဝတိုးတက်မှုအတွက် များစွာအရေးပါခဲ့သည်။ ထို့ကြောင့် ဘဝတစ်ကွေ့တွင် ကြုံတွေ့ခဲ့ရသော ဆရာကြီး၊ ဆရာမကြီးများကို မှတ်မှတ်ထင်ထင်ရှိနေခြင်းပင်ဖြစ်သည်။

❖ မိဘနှစ်ပါးပြီးလျှင် ဆရာ၊ ဆရာမများသည် ကလေးငယ်များ ပြုစုပျိုးထောင်သည့်နေရာတွင် များစွာအရေးပါလျက်ရှိသည်။ ဆရာတစ်ဦးသည် နှလုံးသားနုနယ်သောကလေးငယ်များကို အမျိုးမျိုး ပုံသွင်းနိုင်စွမ်းရှိသည်။ ဆရာ၏စိတ်ဆန္ဒပေါ်တွင်သာ မူတည်နေမည်ဖြစ်သည်။ ဆိုရလျှင် ဆရာ၊ ဆရာမများသည် အနာဂတ်ကိုအလှဆင်မည့်ပန်းများဖြစ်သည့် တပည့်များကို ပျိုးထောင်ပေးသူများပင်ဖြစ်သည်။ ဆရာ၊ ဆရာမများသည် တပည့်များတော်လျှင်၊ တတ်လျှင်၊ အောင်မြင်လျှင် ပီတိဖြစ်နေသူများသာဖြစ်သည်။ ဆရာ၊ ဆရာမများသည် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသော နာသုံးနာနှင့် ပြည့်စုံသူများဖြစ်ကြသည်။ ❖

**ဦးနှောက်ထဲတွင် စွဲကျန်နေ**

စာရေးသူသည် ငယ်စဉ်ကမိဘများကို တတ်နိုင်သမျှတစ်ဖက်တစ်လမ်းမှကူညီခဲ့ရသည်။ မျက်မှောက်ခေတ်ကလေးများလို ကျူရှင်လည်းတက်စရာမလိုသလို စာကျက်ဝိုင်းလည်း သွားစရာမလိုပေ။ ကျူရှင်ရှိနေမည်ဆိုသည့်တိုင်အောင် ငွေကြေးမပြည့်စုံသဖြင့် တက်နိုင်မည်မဟုတ်ချေ။ စာရေးသူတို့ငယ်စဉ်က ညဘက်တွင် ရေနံဆီမီးခွက်ဖြင့် မိနစ် ၃၀ လောက်သာ စာဖတ်ခဲ့ရသည်။ သို့သော် ကျောင်းစာများကို အလွယ်တကူမှတ်မိနေသည်။ ဆရာ၊ ဆရာမများ၏ အရည်အသွေးပြည့်ဝမှု၊ အသင်အပြကောင်းမွန်မှုနှင့် စေတနာပြည့်ဝမှုတို့ကြောင့် မူလတန်းဘဝကသင်ယူခဲ့ရသည့် အချို့သောကဗျာများ၊ အကြောင်းအရာများကို ယနေ့အချိန်ထိ မှတ်မိနေဆဲဖြစ်သည်။ ကျောက်သင်ပုန်းဖြင့် စာရေးခဲ့ရသော်လည်း သင်ပြပေးသောစာများမှာ ဦးနှောက်ထဲတွင် စွဲကျန်နေခဲ့သည်။

**ဆရာ့ကျေးဇူးဆပ်ဖူးစေလို**

သို့သော် ငယ်စဉ်က ပညာသင်ကြားပေးခဲ့သည့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာ၊ ဆရာမများ၏ ကျေးဇူးကို ထဲထဲဝင်ဝင်ဆပ်ခွင့်မရသေးပေ။ ယခုနောက်ပိုင်းတွင် ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် ငယ်စဉ်က ပညာသင်ကြားပေးခဲ့သည့် ဆရာကြီး၊ ဆရာမကြီးများကို တတ်နိုင်သမျှစုပေါင်းကန်တော့ကြသည့် အာစရိယပူဇော်ပွဲများကို တီဗီရုပ်သံလိုင်းများတွင် ကြည့်ရှုရသည့်အခါ များစွာပီတိဖြစ်ရသည်။ ၁၉၈၆ ပြည့်လွန်နှစ်များက အထက်တန်းပညာသင်ယူခဲ့သည့် ဆင်ဖြူကျွန်းအခြေခံပညာအထက်တန်းကျောင်းတွင်လည်း အာစရိယပူဇော်ပွဲကျင်းပသဖြင့် ပီတိဖြစ်ရသည်။ သို့သော်ဆရာကြီး၊ ဆရာမကြီးများကို ကိုယ်တိုင်တက်ရောက်ကန်တော့နိုင်ခြင်းမရှိသောကြောင့် စိတ်ထဲတွင် တစ်ခုခုလိုနေသလို ခံစားရပါသည်။

ဆိုရလျှင် နိုင်ငံတော်၏အနာဂတ်သည် လူငယ်များလက်ဝယ်တွင်ရှိသည်။ လူငယ်များသည် ဆရာများ၏ လက်ဝယ်တွင်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်သည် ဆရာများ၏လက်ဝယ်တွင် ရှိသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် အရည်အသွေးပြည့်ဝသည့် ဆရာများကသာ အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် မသိသူကို သိအောင်၊ မတတ်သူကို တတ်အောင်၊ မကျွမ်းကျင်သူကို ကျွမ်းကျင်အောင်၊ မယဉ်ကျေးသူကို ယဉ်ကျေးအောင်၊ မလိမ္မာသူကို လိမ္မာလာအောင် စာကိုလည်းသင်၊ လူကိုလည်းပြင်ပေးရမည့်သူများမှာ ဆရာများပင်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာလူမှုအသိုက်အဝန်းတွင် ဆရာ၊ ဆရာမများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ "ဆရာမပြ နည်းမကျ"ဆိုသလို ဆရာ၊ ဆရာမများသည် တပည့်များ၏ စံပြပုဂ္ဂိုလ်များပင်ဖြစ်သည်။ ထို့ပြင် တိုင်းပြည်တည်ဆောက်ရာတွင်လည်း အခရာကျလျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ဆရာ၊ ဆရာမများသည် အနန္တဂိုဏ်းဝင်များဖြစ်နေကြသဖြင့် ဆရာ့ကျေးဇူးကို တတ်နိုင်သမျှဆပ်ကြစေချင်ပါသည်။

**ကိုးကား**

- World Teachers Day 2024 – Awareness Days Events Calendar 2024.

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဆွစ်ဇာလန် ယန်ဖရောက်ယက်ရေခဲတောင် အပူချိန်မြင့်တက်မှုကြောင့် အရည်ပျော်ကျမှုဖြစ်ပေါ်နေ



ဘန်း အောက်တိုဘာ ၂

ဆွစ်ဇာလန်နိုင်ငံ၏ ယန်ဖရောက်ယက် ရေခဲတောင်တွင် အပူချိန်မြင့်တက်မှုကြောင့် ရေခဲပြင် အရည်ပျော်ကျမှုဖြစ်ပေါ်နေကြောင်း ဆွစ်ဇာလန်ရေခဲတောင် စောင့်ကြည့်ရေးအဖွဲ့(GLAMOS)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ယန်ဖရောက်ယက်ရေခဲတောင်သည် ၃၅၇၁ မီတာထိ မြင့်မားသော ရေခဲတောင်ဖြစ်ပြီး ဩဂုတ်လနောက်ပိုင်းတွင် ယန်ဖရောက်ယက် ရေခဲတောင်အနီးတစ်ဝိုက် အပူချိန်မြင့်တက်မှုများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့ကာ စက်တင်ဘာလအတွင်း အပူချိန်ပမာဏမှာ ၂၄ ဒီဂရီစင်တီဂရိတ်မှ ၃၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း၊ အပူချိန် ဆက်တိုက်မြင့်တက်မှုကြောင့် ရေခဲတောင်အရည်ပျော်ကျကာ ရေခဲတောင်အနီးတစ်ဝိုက်ရှိမြစ်ချောင်းများတွင် ရေပမာဏမြင့်တက်ခဲ့ကြောင်း သိရသည်။

"ယန်ဖရောက်ယက်ရေခဲတောင် အရည်ပျော်ကျမှုနှုန်းက စိုးရိမ်ဖွယ်ရာအခြေအနေ ဖြစ်ပါတယ်။ ရေခဲတောင်အရည်ပျော်ကျရာကနေ စီးကျလာတဲ့ရေတွေက အနီးတစ်ဝိုက်က မြစ်ချောင်းတွေကို ရေပမာဏ မြင့်တက်လာစေတယ်။ အရည်ပျော်ကျမှု အရှိန်ရပ်တန့်မသွားရင်တော့ မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု ဆွစ်ဇာလန် ရေခဲတောင်စောင့်ကြည့်ရေးအဖွဲ့ (GLAMOS)၏ ဒါရိုက်တာဖြစ်သူ မာသီးယက်စ်က ပြောကြားခဲ့သည်။

ယန်ဖရောက်ယက် ရေခဲတောင်၏ ရေခဲဖုံးလွှမ်းနေသည့် စုစုပေါင်းဧရိယာမှာ ၈၀ စတုရန်းကီလိုမီတာခန့်ရှိရာ နွေရာသီအတွင်း အပူချိန်မြင့်တက်မှုကြောင့် ရေခဲဖုံးလွှမ်းနေသည့်စုစုပေါင်းဧရိယာ၏ ၂ ဒသမ ၅ ရာခိုင်နှုန်းထိ အရည်ပျော်ကျမှုဖြစ်ပွားခဲ့ကြောင်း၊ ရေခဲတောင် ဆီးနှင်းစကိတ်လျှောစီးစခန်းများကိုလည်း ယာယီပိတ်ထားကြောင်း၊ စိုးရိမ်ဖွယ်ရာအခြေအနေ ဖြစ်သည့်အတွက် ဆွစ်ဇာလန် ရေခဲတောင်စောင့်ကြည့်ရေးအဖွဲ့ (GLAMOS)က ရေခဲတောင် အရည်ပျော်ကျမှုကို အချိန်ပြည့် စောင့်ကြည့်နေပြီး ပြောင်းလဲမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ကာဘိုဗာဒီကျွန်းနိုင်ငံသို့ ကာ့ခ်မုန်တိုင်း ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် ဝင်ရောက်တိုက်ခတ်

ဝါရှင်တန် အောက်တိုဘာ ၂

အတ္တလန္တိတ် အလယ်ပိုင်းကျွန်းနိုင်ငံငယ် တစ်ခုဖြစ်သည့် ကာဘိုဗာဒီ ကျွန်းနိုင်ငံတွင် ကာ့ခ်ဟု အမည်ပေးထားသော မုန်တိုင်းသည် အောက်တိုဘာ ၁ ရက်တွင် ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် စတင်ဝင်ရောက်တိုက်ခတ်လာပြီဖြစ်ကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာ (NHC)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းသည် ကာဘိုဗာဒီကျွန်း အနောက်ဘက်ပိုင်း ခန့်မှန်း ကီလိုမီတာ ၁၆၃၀ အကွာသို့ ရောက်ရှိနေပြီး ကာဘိုဗာဒီကျွန်းနိုင်ငံအနောက်ဘက်ပိုင်းကို ဦးတည်တိုက်ခတ်လာပြီ ဖြစ်ကြောင်း၊ လက်ရှိတွင် ကာ့ခ်မုန်တိုင်းသည် ဟာရီကိန်းမုန်တိုင်းအသွင်ကို ကူးပြောင်းနေပြီဖြစ်ကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာ(NHC)က ထုတ်ပြန်ခဲ့သည်။

"ကာ့ခ်မုန်တိုင်းဟာ အပူပိုင်းမုန်တိုင်းအသွင်နဲ့ အစပျိုးလာခဲ့တာဖြစ်ပြီး ကာဘိုဗာဒီကျွန်းနိုင်ငံရောက်မှ ဟာရီကိန်းမုန်တိုင်းအသွင်ကူးပြောင်းဖွယ်ရှိတယ်လို့ ခန့်မှန်းထားပေမဲ့ ကာဘိုဗာဒီကျွန်းနိုင်ငံကိုမရောက်မီကတည်းက ဟာရီကိန်း မုန်တိုင်းအသွင်ကို ကူးပြောင်းသွားပြီ ဖြစ်ပါတယ်။ မုန်တိုင်းဟာ ကာဘိုဗာဒီကျွန်းနိုင်ငံရဲ့အနောက်ဘက် ကီလိုမီတာ ၁၆၃၀ အကွာက ရောက်ရှိနေပြီး ကာဘိုဗာဒီကျွန်းနိုင်ငံကို တိုက်ရိုက်ဦးတည်လာနေတာဖြစ်ပါတယ်"ဟု အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာ(NHC)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကာ့ခ် ဟာရီကိန်းမုန်တိုင်းကြောင့် လေတိုက်နှုန်းလည်းမြင့်တက်နေပြီး တစ်နာရီ မိုင် ၇၀ နှုန်းဖြင့် တိုက်ခတ်လျက်ရှိကြောင်း၊ ကာ့ခ်မုန်တိုင်းသည် ကာဘိုဗာဒီကျွန်းနိုင်ငံသို့ စတင်ဝင်ရောက်ချိန်မှ ဟာရီကိန်းမုန်တိုင်းအသွင်ကူးပြောင်းဖွယ်ရှိသည်ဟု အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာ(NHC)က ခန့်မှန်းထားသော်လည်း ကာဘိုဗာဒီကျွန်းနိုင်ငံသို့ မဝင်ရောက်မီကတည်းက ဟာရီကိန်းမုန်တိုင်းအသွင် ကူးပြောင်းနေပြီဖြစ်သည့်အတွက် အန္တရာယ်ရှိကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာ(NHC)က သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တရုတ်(တိုင်ပေ)တွင် ကရာသွန်တိုင်ဖွန်းမုန်တိုင်းကြောင့် ရုံးနှင့်ကျောင်းများပိတ်ထားရ

တိုင်ပေ အောက်တိုဘာ ၂

တရုတ်(တိုင်ပေ)တွင် တိုက်ခတ်ခဲ့သည့် ကရာသွန်တိုင်ဖွန်းမုန်တိုင်းကြောင့် ရုံးနှင့်ကျောင်းများ ပိတ်ထားရကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်(တိုင်ပေ)၏ ကျွန်းအနောက်တောင်ဘက်ကို ဦးတည်တိုက်ခတ်ခဲ့သည့် ကရာသွန်တိုင်ဖွန်းမုန်တိုင်းကြောင့် ရုံးနှင့်ကျောင်းများပိတ်ထားရပြီး လူဦးရေထောင်နှင့်ချီဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရသည့်အပြင် လေယာဉ်ခရီးစဉ်များနှင့်ရေကြောင်းသယ်ယူပို့ဆောင်ရေး ခရီးစဉ်များကိုလည်းဖျက်သိမ်းလိုက်ရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကရာသွန်တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်စဉ် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၇၃ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့ကြောင်း၊ စက်တင်ဘာ ၂၉ရက်က စတင်တိုက်ခတ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ကရာသွန်ကြောင့် တရုတ်(တိုင်ပေ) အနောက်တောင်ဘက် ၁၀၇ မိုင်အကွာတွင်ရှိသော ကောင်းစီယွမ်ဆိပ်ကမ်းမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းများတိုက်ခတ်ခဲ့ကြောင်း၊ ၄င်းမြို့အနီးတစ်ဝိုက် တောင်တန်းဒေသများတွင် မိုးရေချိန်သည် စင်တီမီတာ ၈၀ ထိရှိခဲ့ကြောင်း ဗဟိုမိုးလေဝသစီမံခန့်ခွဲရေးအဖွဲ့က ပြောကြားခဲ့သည်။



ပြည်သူများကို မလိုအပ်ဘဲ အပြင်မထွက်ကြရန်၊ အိမ်တွင်ဦးသာနေထိုင်ကြရန်၊ မြစ်များ၊ ပင်လယ်နှင့်တောင်များအနီး ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုဖြစ်စေလွယ်သောနေရာများကို ရှောင်ရှားရန်နှင့် ငါးဖမ်းသင်္ဘောများ ပင်လယ်ပြင်သို့ ထွက်ခွာခြင်းများမပြုလုပ်ရန် မြို့တော်ဝန် ချိန်ချီမိုင်က သတိပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တွန်ဂါနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

ဝါရှင်တန် အောက်တိုဘာ ၂

တောင်ပစိဖိတ်သမုဒ္ဒရာတွင်ရှိသော ကျွန်းနိုင်ငံဖြစ်သည့် တွန်ဂါ၌ ယနေ့တွင် ငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန် ဘူမိဗေဒစစ်တမ်း(USGS)တွင် ဖော်ပြထားကြောင်း ယနေ့သတင်းများအရ သိရသည်။

တွန်ဂါကျွန်းနိုင်ငံတွင် ကျွန်းပေါင်း ၁၇၆ ကျွန်းရှိပြီး စတုရန်းကီလိုမီတာ ၇၀၀၀၀၀ ကျယ်ဝန်းကြောင်း၊၄င်းကျွန်းနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်ဘူမိဗေဒစစ်တမ်း (USGS)တွင် ဖော်ပြထားသည်။

တွန်ဂါနိုင်ငံတွင် လှုပ်ခတ်ခဲ့သော ငလျင်ဗဟိုချက်သည် လက်ရှိတွင် ကနဦးသတ်မှတ်ချက်အရ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ တောင်လတ္တီကျု ၁၉ဒသမ၇၀ ဒီဂရီနှင့် အနောက်လောင်ဂျီကျု ၁၇၂ဒသမ၅၀ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်လှုပ်ခတ်မှုနှင့်ပက်သက်ပြီး ပျက်စီးဆုံးရှုံးမှုစာရင်း အတိအကျကို ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း အမေရိကန် ဘူမိဗေဒစစ်တမ်း (USGS)တွင် ဖော်ပြထားသည်။

တွန်ဂါနိုင်ငံတွင် ယခုကဲ့သို့ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဆူနာမီလှိုင်းများ ဆက်လက်ဖြစ်လာနိုင်ကြောင်း အမေရိကန် အမျိုးသား ဆူနာမီစင်တာက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အီတလီနိုင်ငံ ဖာရာရီမော်တော်ကားကုမ္ပဏီက ဓာတ်ငွေ့လောင်စာစက်ရုံနှစ်ရုံကို ပိတ်သိမ်းကာ ဆိုလာစွမ်းအင်စနစ်တွင် နှစ်ဆတိုးမြှင့် ရင်းနှီးမြှုပ်နှံမည်

ရောမ အောက်တိုဘာ ၂

အီတလီအခြေစိုက် ဖာရာရီမော်တော်ကား ကုမ္ပဏီသည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်အတွက် ဓာတ်ငွေ့လောင်စာစက်ရုံနှစ်ရုံကိုပိတ်သိမ်းကာ ဆိုလာစွမ်းအင် နှစ်ဆတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကာဗွန်ထုတ်လွှတ်မှုအပြင် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချနိုင်ရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် ဖာရာရီကုမ္ပဏီက ပြင်ဆင်လာခြင်းဖြစ်ကြောင်း၊ ဖာရာရီကုမ္ပဏီအနေဖြင့် ၎င်းတို့၏ရည်မှန်းချက်ဖြစ်သည့် နှစ်စဉ်ကာဗွန်ထုတ်လွှတ်မှု ၆၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေးကို အကောင်အထည် ဖော်နိုင်ရေးအတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကိုလျှော့ချနိုင်ရေး ဦးစားပေးဆောင်ရွက်လာကြောင်း ဖာရာရီမော်တော်ကားကုမ္ပဏီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဖာရာရီကုမ္ပဏီအနေနဲ့ အစိုးရရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရည်မှန်းချက်တွေမှာ ပါဝင်ကူညီသွားမှာဖြစ်သလို ကုမ္ပဏီအနေနဲ့ တစ်နှစ်ကို ပုံမှန်ထုတ်လွှတ်နေတဲ့ ကာဗွန်ထုတ်လွှတ်မှုပမာဏရဲ့ ၆၀ ရာခိုင်နှုန်းထိကို စတင်လျှော့ချနိုင်ဖို့ ဆောင်ရွက်သွားမယ်။ ဓာတ်ငွေ့လောင်စာနေရာမှာ ဆိုလာစွမ်းအင်စနစ်ကနေ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားမယ်။ ၂၀၃၀ ပြည့်နှစ်အရောက်မှာ ဆိုလာစွမ်းအင်ကနေ လျှပ်စစ်စွမ်းအင် ပမာဏ ၁၀ မဂ္ဂါဝပ်ထိ ထုတ်လုပ်နိုင်အောင် ရည်မှန်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟုဖာရာရီမော်တော်ကားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂-၁၀-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၆၁၅။ | ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်မြသီမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၆၁၆။ | ဦးသန်းအောင်နှင့်ဇနီး ဒေါ်အေးအေးလွင် (မြတ်ရွှေကမ္ဘာကုမ္ပဏီလီမိတက်)မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၆၁၇။ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှ နိုင်ငံ့ဝန်ထမ်းဟောင်းများ (မြို့ပြ)အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းမှ အသင်းသားများကောင်းမှု | ၉၀၀၀၀၀ |
| ၉၆၁၈။ | ကွယ်လွန်သူဒေါ်တင်အားရည်စူး၍ ခင်ပွန်းဦးချစ်သန်းနှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၉၆၁၉။ | ပြင်ဦးလွင်(အခမဲ့)နာရေးကူညီမှုအသင်းဥက္ကဋ္ဌနှင့် အသင်းသား၊ အသင်းသူများမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၆၂၀။ | ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၂)မှ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများကောင်းမှု | ၃၀၀၀၀၀ |
| ၉၆၂၁။ | ကွယ်လွန်သူ ဦးအုန်းရှိန်နှင့် ဒေါ်ခင်အေးမြင့်တို့အား ရည်စူး၍ သား၊ သမီးများကောင်းမှု | ၃၀၀၀၀၀ |
| ၉၆၂၂။ | တပ်ကြပ်ကြီးစာရေး လှဝင်းနှင့်ဇနီး ဒေါ်စိုးစိုးခိုင်၊ (သမီး)မသိင်္ဂီရွှေရည်၊ မဇင်လဲ့လဲ့ထွန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၆၂၃။ | ကွယ်လွန်သူ ဦးခင်ညွန့်နှင့် ဒေါ်ဂွမ်း၊ အစ်ကို၊ အစ်မများအားရည်စူး၍ ကျန်ရစ်သူ သား၊ သမီးများကောင်းမှု | ၁၅၀၀၀၀ |
| ၉၆၂၄။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ခင်ဌေးကြည်၊ သား၊ သမီး၊ မြေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၆၂၅။ | ကိုကြဲတိုင်းအောင်နှင့်ဇနီး မမေသူကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၂၆။ | ရွှေနန်းသုခမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၂၇။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများအားရည်စူး၍ ဦးချမ်းမြေ့အောင်နှင့်ဇနီး ဒေါ်နှင်းအိအိဖြိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၂၈။ | ဦးမျိုးသီဟနှင့်ဇနီး ဒေါ်ဇင်မီမီထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၂၉။ | ဦးသန်းကျော်နှင့်ဇနီး ဒေါ်ခင်စန္ဒာ၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၀။ | ကိုဝေယံထွန်းနှင့်ဇနီး မနန်းနန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၁။ | ဗိုလ်မှူးကြီးသန့်စင်အောင်နှင့်ဇနီး ဒေါ်ဝင်းလဲ့အေး၊ (သား) မောင်အောင်ခန့်ငြိမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၂။ | ဗိုလ်မှူးကြီးကျော်ဇင်ဦးနှင့်ဇနီး ဒေါ်ခင်စန်းရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၃။ | မိဘနှစ်ပါးနှင့် အစ်ကို၊ အစ်မတို့အားဦးထိပ်ထား၍ ဗိုလ်မှူးအောင်ကျော်ထူးနှင့်ဇနီး ဒေါ်နန်းခမ်းမိုးအောင်၊ (သမီး)မနန်းစုရတီလင်း၊(သား)မောင်ရဲရင့်အောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၄။ | ဗိုလ်မှူးကျော်လင်းထက်နှင့်ဇနီး ဒေါ်မြတ်သိင်္ဂီထွန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၅။ | ကွယ်လွန်သူ ဦးခင်မောင်တင့်အားရည်စူး၍ ဦးဉာဏ်လင်းနှင့်ဇနီး ဒေါ်ဖြိုးသဇင်ခိုင်၊(သမီး)မနေခြည်လင်းဖြိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၆။ | ကွယ်လွန်သူ ဦးအောင်ခင်အားရည်စူး၍ ဒေါ်ချောစိန်၊ (မြေး) မနေခြည်ဝင့်ထိန်၊ မဂျူးဂျူးခင်၊ မယွန်းအိမ်မှူး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၇။ | ကွယ်လွန်သူ ဦးလှမြင့်အားရည်စူး၍ ဒေါ်မြရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၈။ | ဦးအောင်ကြည်နှင့်ဇနီး ဒေါ်ကြည်ကြည်ဆင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၃၉။ | ဒုတိယရဲမှူးကြီးမြင့်မောင်နှင့်ဇနီး ဒေါ်သိမ့်ထူးအိမ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၄၀။ | ဦးရဲလင်းအောင်နှင့်ဇနီး ဒေါ်နန်းအိနန္ဒီခမ်းထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၄၁။ | ကွယ်လွန်သူ ဦးကြည်မောင်အားရည်စူး၍ ဒေါ်ကြည်စိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၄၂။ | ကွယ်လွန်သူ ဦးသာအေးနှင့် ဒေါ်ရီတို့အားရည်စူး၍ (သား) မောင်လှဝင်းကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၄၃။ | ဦးမိုးမင်းဝင်းနှင့်ဇနီး ဒေါ်ကေခိုင်ရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၄။ | မောင်ဈာန်ရဲမင်းဦးနှင့်ဇနီး မယွန်းနဒီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၅။ | မချစ်မိုးမွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၆။ | ဦးမျိုးမင်းထွန်းနှင့်ဇနီး ဒေါ်ပန်းအိစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၇။ | ဦးဇော်ဇော်မင်းနှင့်ဇနီး ဒေါ်ခိုင်ဆွေလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၈။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးမိုးအောင်နှင့်ဇနီး ဒေါ်သက်စုဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၄၉။ | ဦးကျော်လှိုင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၀။ | ဒေါက်တာ ဦးတင်ထွန်းနှင့်ဇနီး ဒေါ်ခင်မေတင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၁။ | ကွယ်လွန်သူ မသဇင်မိုးအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၂။ | ဦးအောင်ဆန်းနှင့်ဇနီး ဒေါ်ခင်နိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၃။ | ဦးမြင့်အောင်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၄။ | ကွယ်လွန်သူဦးတင်မြင့်၊ ဦးဝင်းဗိုလ်၊ ဦးအောင်ထွန်းမြင့်နှင့် ဒေါ်ကြီးတင်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၅။ | မိခင်ကြီးဒေါ်ခင်ညွန့်အားဦးထိပ်ထား၍ မနှင်းနှင်းအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၆။ | မယုသဒ္ဓါမေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၇။ | ဦးတင်အောင်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၈။ | ဒေါ်ယဉ်ယဉ်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၅၉။ | ဦးစန်းဟန်နှင့်ဇနီး ဒေါ်ခက်ဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၆၀။ | ဦးအောင်မြတ်ဖြိုးနှင့်ဇနီး ဒေါ်နှင်းနှင်း၊ (သမီး) မတည်ကြည်မေမြတ်ဖြိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၆၁။ | ဦးမောင်စိုးနှင့်ဇနီး ဒေါ်စန်းစန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၆၂။ | ကွယ်လွန်သူ ဖွားဖွားဒေါ်ပု(ခ) ဒေါ်တင်စိန်အားရည်စူး၍ သား၊ သမီး၊ မြေးများကောင်းမှု | ၅၀၀၀၀ |
| ၉၆၆၃။ | ကွယ်လွန်သူ ဦးသန်းအောင်အားရည်စူး၍ ဒေါ်ငြိမ်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၆၄။ | ဦးခင်မောင်ဆွေနှင့်သားများ မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌ သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန







## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အ.ထ.က(၈)၊ Grade-10 (C) တွင် ပညာသင်ကြားနေသော မတုန္ဒီင်းယဉ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကိုနိုင် ဖြစ်ပါကြောင်း။

ဦးကိုနိုင် (၉/လဝန(နိုင်)၁၅၈၉၉၅)

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ မောင်ရဲမင်းသိန်း (ဘ) ဦးကြည်သိန်း (၉/ခအဇ(နိုင်)၀၅၅၂၃၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၈၀၄၄၇၉၆

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ က-၆/၂၀ နေ အေးစန္ဒာဝင်း (ဘ) ဦးစိုးမိုး (၉/ခမစ(နိုင်)၁၁၀၁၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-701737)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၃၀၇၆၆၃၀

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေ ဒေါ်လှမြင့် (၉/ပသက(နိုင်)၀၄၉၇၀၂) ပိုင်ဆိုင်သော (၈၀× ၆၀)ပေရှိသည့် မြေကွက်အတွင်းမှ အကွက် (၁၂/၇၉) (၁၅× ၄၀)ပေရှိသည့် အရှေ့မြောက်ထောင့်အခြမ်းကို ကျွန်မ ဒေါ်ခင်ခင်သိန်း (ဘ) ဦးခင်မောင်ဌေး (၉/မရတ(နိုင်)၀၈၉၃၁၂)က နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ၁၀-၆-၂၀၁၀ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ စာချုပ်ချုပ်ဆိုကာ ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်သိန်း (၉/မရတ(နိုင်)၀၈၉၃၁၂)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ ပညာရေးအခြေခံမကောင်းပါက မိမိအတွက် သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစု ဘဝနှင့်မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုး ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်...

❖ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ် လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ် အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန် အရေးကြီး...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မား တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂**


၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်းတပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇေယျာသီရိအားကစားရုံ(A)တွင် ကျင်းပရာ အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

# ဒေသအလိုက် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကရတ်သွန်"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညမှ အောက်တိုဘာ ၆ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ **စာမျက်နှာ ၂၀ ကော်လံ ၁** ❑




**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

